
www.burmeseclassic.com

အရှင်သုမန၏ ဗိုလ်ဝင်တောင် သမိုင်းစာအုပ် အနှစ်ချုပ်

# ဗိုလ်ဝင်တောင်တော်မြတ်သမိုင်း


## အတ္ထုပ္ပတ္တိ



ကံဝင်း
(စီစဉ်ပူဇော်သည်)

www.burmeseclassic.com


www.burmeseclassic.com



သက်တော်ရှည်ဘုရား




မြင့်မိုရ်တောင်




www.burmeseclassic.com

www.burmeseclassic.com



ရသေ့ဂူတန်းဘုရားများ




www.burmeseclassic.com

www.burmeseclassic.com




မြေစိုက်စေတီတော်




ဆုတောင်းပြည့်ဘုရား





www.burmeseclassic.com

www.burmeseclassic.com



## နာမကရဏ မင်္ဂလာအဖွင့်

ဉစ္စာစောင့် မောင်ဖိုးဝိုင်းနှင့် မသင်းကြိုင်တို့ စောင့်ရှောက်သော တောင်ဖြစ်သဖြင့် (ဖိုးဝိုင်းတောင်) ဟုပြောကြ၏။ အချို့ကလည်း ဇော်ဂျီ ဦးဖိုးဝင်းလှည့်လည်ကျက်စား ဆေးမြစ်များရှာသည့်တောင်ဖြစ်ခြင်းကြောင့် (ဖိုးဝင်းတောင်)ဟုဆိုခဲ့သူကဆိုခဲ့ကြ၏။ ညအခါကာလမှာ ဝင်းဝင်းဝါဝါအရောင်တွေ ထွက်တတ်၏။ ထိုအခါ ဝိဇ္ဇာ၊ ဇော်ဂျီ တပသီတို့ဖိုထိုးကြ၍ ထိုဖိုမှ ဝင်းဝင်းဝါဝါအလင်းကိုအစွဲပြု၍ (ဖိုလ်ဝင်းတောင်)ဟုခေါ်ကြသူကခေါ်၏။အမှန်မှာ မြတ်စွာဘုရားအမှူးပြုသော ရဟန္တာအရှင်မြတ်များ ဖလသမာပတ်ဖိုလ်ဝင်စားတော်မူခဲ့သည်ကို အကြောင်းပြု၍ မဟာဗုဒ္ဓဝင်းကြီးလက်ထက်တော်မှစ၍ (ဖိုလ်ဝင်တောင်)ဟုခေါ်ဆိုသမုတ်ခဲ့ပါကြောင်း။

ကံဝင်း

စီစဥ်ပူဇော်သူ







## ပဏာမ-ဘုရားရှိခိုးကြီး

**ဗုဒ္ဓံ–ဓမ္မဥ္စ–သံဃဥ္စ–အာဒရေန–နာမာမဟံ။**
**ဝိသိဋ္ဌဂုဏသမ္ဗုဒ္ဓံ၊ လောကနာထမနောပမံ။**
**ဖလဝဏ္ဏောဝတိနာမသာ၊ နာဂုတ္တမသာထုပ္ပတ္တိ။**
**သလ္လက္ခိတကထံ ဒီသွာ၊ ဝါစက္ကမမဟာပယံ။**
**လိက္ခိသံ မြမ္မာတာသာယ၊ ဝိဇာနတ္တမနာဂတေ။**

အဟံ–ရှပ်နာမ်နှင့်ဖြာ ဤခန္ဓာ၌ သညာအချုပ် လူဟုသမုတ်အပ်သော အကျွန်ုပ်သည်။ ဝိသိဋ္ဌဂုဏသမ္ဗုဒ္ဓံ– လွန်စွာထူးမြတ်ဂုဏ်ဒြပ်နှင့်မြင့်မြတ်ပြည့်စုံတော်မူထသော။ အနောပမံ–မြင့်မိုရ်မေရုတောင်အထု နှင့် နှိုင်းတုမက ကြီးမားလှသော တန်ခိုးတော်လည်း ရှိတော်မူထသော။ လောကနာထံ–ဗြဟ္မာ နတ် လူသုံးဘုံ



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ပူဇော်ရတနာ ကိုးကွယ်ရာလည်း ဖြစ်တော်မူပေထသော ဗုဒ္ဓ-လေးပါးသစ္စာဉာဏ်ဝိဇ္ဇာကို ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူပေထသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကိုရှင်။ ဓမ္မ-သုံးဖြာပိဋကတ် ပရိယတ်နှင့် အရဟတ်ဖိုလ်ဉာဏ် ပြည့်နိဗ္ဗာန်ကို ကေန်မှား ပေါက်ရောက်ကြွားသည့် ဆယ်ပါးသော တရားတော်မြတ်အပေါင်းတို့ရှင်။ သံဃာ-ရှစ်ပါးအရိယာထေရ်သံဃာနှင့် နွယ်လာပရမတ် သူတော်မြတ်ကိုရှင်။ အာဒရေန-သုံးဖြာဂါရဝ ပဏာမဖြင့်။ နမာမိ-ဆယ်ဖြာညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ နတ္ထာ-ကြာပဒုမ္မာ ဆယ်ဟတ္ထာနှင့် ဖရဏာပီတိတအိအိဟု ဆီထိ ငွမ်းလို လွန်ကြည်ညို၍ မင်္ဂိုလ်ဉာဏ်မိုး ပူဇော်ပြီးမှ။ ဖလဝန္တော တိနာမသာ-ဖိုလ်ဝင်သေလာပဗ္ဗတာဟု သညာနာမ အနွတ္တလည်း ရှိတော်မူထသော။ နဂုတ္တမသာ-သုံးလူ့ထွဋ်ထားရှင်တော်ဘုရား၏ ရုပ်ပွားစေတီတော်မြတ် မွေတော် ဓာတ်တို့ကိန်းဝပ်စံပျော်မွေ့လျော် တော်မူကြပေကုန်သော တောင်မြတ်တောင်ထူးတောင်အဖူး၏။ အတ္တုပတ္တိ၊ အကြောင်းခြင်းရာ ဘယ်သောအခါက ပေါ်လာဖြစ်လတ် အတ္တုပ္ပတ်ကို။ သပ္ပုရိသေဟိ-လေးဖြာစက်၏ သမ္ပတ္တိနှင့် ရရှိမှန်စွာ ပြည်မြန်မာဝယ်ဂုဏ်ဝါများဖြင့် သူတော်စင်တို့သည်။ သက္ကစ္စံ- ပညာ ဗဟုဂုဏ အရာ ရှိသေစွာဖြင့်။ ယာစန္တော-ဟောပါ ပြောပါ ရေးစီပါဟု ခါခါတိုက်တွန်း ရည်ညွှန်းတောင်းပန် အပ်သည့်ဖြစ်၍။ ပုဗ္ဗစေရာနံ-ဝိညူကဝိ-သုမိဗုဒ္ဓေါ-ဗျတ္တောဓိမာ-ရေးဆရာမြတ် တို့သည်။ သလ္လက္ခိတကထံ-မှန်ကန်ကျနု အစအဆုံး သိကုံးရေးသား မှတ်အပ်ထားသော စကားစဉ်လာ သမိုင်းစာကို။ ဒိသွာ- ကိုယ်တိုင်





ဒိဋ္ဌတွေ့မြင်ရသည်ဖြစ်ပါ၍။ ဝါစက္ကမာ-ရှေးဆရာများ မှတ်ထားစုံလင် စကားစဉ်ကို။ အဟာပယ-အဟာပယန္တော-မဆုတ်မယုတ် နုတ်ပယ်မဖြစ် ထပ်မံလုစ်လျက် အသစ်ချဲ့ထွင် ဖွဲ့စီရင်အပ်သည် ဖြစ်၍။ အနာဂတေ-နောက်နောင်း နောင်ခါ နွယ်သံသာ၏ ပညာလိုလား အမျိုးသားတို့သည်။ ဝိဇာနတ္ထံ-ကေန်တည့်တည့် မနောမိလျက် မှတ်သိစေခြင်းအကျိုးငှါ။ မြမ္မာဘာသာယ-ပါဠိ အက္ခရာ ဂါထာမဖတ် သက်သက်သော မြန်မာဘာသာဖြင့်။ လိက္ခိသံ-ပညာလိုလား အမျိုးသားတို့ တိုးပွား ဗဟုပျားနှယ်စုသို့ တခုမကျန်နိုင်း ဝေဘန်၍ အမှန်မမှား သုတပွားအောင် ရေးသားလိုက်ပေတော့အံ့။



www.burmeseclassic.com

www.burmeseclassic.com



## သိကြား နတ် သိ တရားတော်

သိကြားနတ်တွေ သိပါတယ်၊ ဟန်းမလုပ်ပါနဲ့ လူရှုပ်ရယ်၊ လူရှုပ်ရယ်ကွယ်၊ ညာသံပေး၊ သေပြန်လျှင်တော့ ခက်မည်လေး။ ခက်မည်လေးနဲ့ မ လွယ်ပေါင်၊ ဘုရားမြတ်တွေက သင့်ကိုရှောင်၊ သင်ကိုရှောင်တာ သင်မသိ၊ ဒုက္ခတွေက ဝိုင်းလို့ဖိ၊ ဝိုင်းလို့ဖိတော့ မရုန်းနိုင်၊ ပုထုဇဉ်ချင်း စားပွဲထိုင်၊ စားပွဲထိုင်တာ လွန်ပျော်ပါ၊ သေးမင်းရုပ်က နေ့တိုင်းစား၊ နေ့တိုင်းစားတော့ သေရုပ်ပေါ်၊ ပရိဒေဝလောင်မီးအော်၊ လောင်မီးအော်တာ အပူခန်း၊ အသိမာတ်နဲ့ မြန်မြန်ဖမ်း။





## မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဗိုလ်ဝင်တောင် အလောင်းတော်ကဿပ နာယက အရှင်သုမန ၏ အတ္ထုပ္ပတ္တိအကျဉ်း

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရရှိတော်မူပြီး အမျိုးဂုဏ်၊ ဘာသာသာသနာဂုဏ်ကိုဆောင်နိုင်ခဲ့သည့် အရှင်သုမန ၏ လူပြည်ဖြစ်ရပ်အတ္ထုပတ်ကို ကြည်ညိုဖွယ်ရာ ရေးသားတင်ပြရသော်–

### ဖွားရာဌာန မိနှင့်ဖ

"မဟာသဒ္ဓမ္မဇော်တိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ဘဒ္ဒန္တသုမနမဟာထေရ်၏ မျက်မှောက်ဘဝ လူဖြစ်ရာဌာနသည်ကား ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ တကောင်းကျေးရွာအုပ်စု၊ ပန်းပဲစုကျေးရွာ ခမည်းတော် ဦးဘိုးကွန်း + မယ်တော် ဒေါ်လုပိုင်းတို့မှ ၁၂၉၅ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်၊ သောကြာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### သာသနာ့အစရှင်ငယ်ဘဝ

ဘဒ္ဒန္တသုမနမဟာထေရ်၏ ရှင်သာမဏေဖြစ်ခဲ့ရာနေ့သည်ကား ၁၃၀၈ခုနှစ်၊ တပို့တွဲလဆန်း(၁၀)ရက်နေ့တွင် ပဲခူးတိုင်း၊ ဒိုက်ဦးမြို့၊ ဒိုးတန်းကျေးရွာအုပ်စု၊ ဝါးကာမထိကျေးရွာ၊ ရွာဦးကျောင်း ဆရာတော် ဦးဓမ္မဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရှင်သာမဏေဘဝကို ရောက်ရှိခဲ့ပါသည်။

## မြင့်မြတ်ထက်တန်း မြတ်ရဟန်း

၁၃၁၅ခုနှစ် တန်ခူးလဆန်း(၁၅)ရက်၊ သောကြာနေ့၊ နံနက်(၉)နာရီ၊ (၁၅)မိနစ်တွင် ဒိုက်ဦးမြို့၊ ဒရယ်မီးရပ်ကွက်၊ စက်ကျောင်းတိုက်ခဏ္ဍာသိမ်၌ ဒိုက်ဦးမြို့နယ်၊ ဒိုးတန်းကျေးရွာအုပ်စု၊ ဝါးကာမဏိရွာဦးကျောင်းဆရာတော် ဦးဓမ္မဝံသကို ဥပဇ္ဈာယ်ပြုလျက် ဒိုက်ဦးမြို့နယ်၊ မြို့သူကြီး ဦးမြိုင်+ဒေါ်လှိုင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ပညာရည်နို့ သောက်စို့ခဲ့ရာ များဌာနာ

ဆရာတော်ဘဒ္ဒန္တသုမနသည် ရွာဦးကျောင်းဆရာတော် ဦးဓမ္မဝံသထံ၌ အခြေခံပိဋကတ်စာပေများကိုသင်ယူပြီး မိတ္ထီလာမြို့ အင်ကြင်းစုကျောင်းဆရာတော် ဦးနေမိန္ဒထံတွင် ပရိယတ္တိစာပေများကိုသင်ကြားလေ့လာ၍ စာမေးပွဲဖြေဆိုခဲ့ရာ အစိုးရပထမငယ်တန်းကိုအောင်မြင်ခဲ့ပါသည်။ ထို့နောက် မန္တလေးမြို့ မိုးကောင်းတိုက်သို့ပြောင်းရွှေ့ကာ ညောင်ရမ်းပါဠိတက္ကသိုလ်၊ ညောင်ရမ်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တရေဝတ"အဘိဓဇမဟာရဋ္ဌဂုရု"ဘဒ္ဒန္တသဇ္ဈနာဘိဝံသနှင့် ဘဒ္ဒန္တဉာဏာဘိဝံသစသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများကို သင်ယူပြီး အစိုးရပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပါသည်။





## သာသနာအတွက် ထမ်းဆောင်ရွက်

ဆရာတော်သည် ဖိုလ်ဝင်တောင်၊ ရွှေဘတောင်၊ စဖိုတောင်၊ ဖန်ခါးတောင်၊ လေသာတောင်၊ အင်ကြင်းတောင်တော်ရှိ ရှေးဟောင်းသမိုင်းဝင်ဘုရားပုထိုး၊ စေတီ၊ ဂူကျောင်းတို့ကို ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ စေတီတော်များ အသစ်တည်ထားကိုးကွယ်ခြင်း၊ ဖိုလ်ဝင်တောင်နှင့် စဖိုတောင်ဆက်သွယ်သော စောင်းတန်းလှေကားများနှင့် ပေါင်းကူးတံတားတည်ဆောက်ခြင်း၊ ရေတွင်းရေကန်များတူးဖော်ခြင်း၊ ရဟန်း(၁၀၀)၊ ရှင်(၁၀၀)ပြုပွဲများကျင်းပြခြင်း၊ ဖိုလ်ဝင်တောင်၊ ရွှေဘတောင်တို့၌ လျှပ်စစ်မီး၊ အိပ်ချိန်းဖုန်း၊ ရေဒီယိုတယ်လီဖုန်းများရရှိအောင်ဆောင်ရွက်ခြင်း၊ ဟောင်းနွမ်းအိုမင်းယိုယွင်းနေသည့် အလောင်းတော်ကဿပအရှင်မြတ်ကြီး၏ ဂူနန်းဗိမာန်၊ ဂန္ဓကုဋိတိုက်တော်အား အသစ်တဖန်ဆောက်လုပ်ခြင်း၊ ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးများတည်းခိုနိုင်ရန် ဇရပ်များတည်ဆောက်ခြင်း၊ သံဃာတော်များသီတင်းသုံးရန် ကျောင်းတိုက်များဆောက်လုပ်ခြင်း၊ ဘုရားဖူးများအဆင်ပြေရန် ရေတွင်း၊ ရေကန်၊ ရေအိမ် ကုဋီများဆောက်လုပ်ပေးခြင်း၊ ရင်ပြင်တော်ပေါ်တွင် နှစ်စဉ်နှစ်တိုင်း တပို့တွဲလပြည့်နေ့နံနက်တွင် ဘုရားဖူးများအား ထမနဲထိုး၍ ကျွေးမွေးကုသိုလ်ပြုခြင်း၊ ညပိုင်းတွင် ဆီးမီး(၉၀၀၀)ထွန်းညှိပူဇော်ခြင်း၊ ဘာသာခြားလူမျိုးပေါင်းစုံ(၁၅၀)ကျော်တို့အား ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ဟောပြောစည်းရုံးခြင်းစသည့် သာသနာပြုလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကြည်ညိုစရာ ဂုဏ်များစွာ

ဆရာတော်သည် အမျိုးဘာသာ၊ သာသနာတော်ကို ချစ်မြတ်နိုးတော်မူခြင်း၊ သာသနာပြုလုပ်ငန်းများဆောင်ရွက်ရာ၌ ဖွဲ့၊ လုံ့လ၊ ဝီရိယကြီးမားစွာဖြင့် ဆောင်ရွက်တော်မူခြင်း၊ မိမိအကျိုးထက် သူတစ်ပါးအကျိုးဖြစ်ထွန်းမှုကိုသာ ကြည့်ရှုဆောင်ရွက်တတ်သည့် ပရဟိတဝဟာဂုဏ်၊ သာသနာတော်၏အကျိုးကိုသာ အစဉ်ရှေးရှုတော်မူသည့် သာသနာ့ဟိတရေဂုဏ်၊ တပည့်ဒါယကာ၊ ဒါယိကာမများအပေါ်၌ သည်းခံခွင့်လွှတ်တတ်သည့် ခမာဂုဏ်၊ သာသနာပြုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် နိုးကြားတက်ကြွစွာဆောင်ရွက်တတ်သည့် ဇာဂရိယဂုဏ်၊ ရယူခြင်းဖြင့်ဖြစ်ပေါ်လာသည့် ခံစားမှုပီတိထက် ပေးကမ်းချီးမြှင့်ခြင်းဖြင့် ရရှိလာမည့် ချိုမြိန်သောပီတိကိုသာ ခံစားလိုသည့် အပိစ္ဆတာဂုဏ်တို့ကြောင့် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခဲ့ပါသည်။

ဆရာတော်သည် သာသနာ့တာဝန်ကျေပွန်ခဲ့သည့်အတွက် နိုင်ငံတော်မှ ၁၃၆၉ခုနှစ် (၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့)တွင် "မဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့ပါသည်။ ယခုအခါ အလောင်းတော်ကဿပဝန်ဆောင်အဖွဲ့ကြီးကို ဦးဆောင်လျက် အလောင်းတော်ကဿပတောင်တော်ဖွံ့ဖြိုးရေးလုပ်ငန်းများကို မနေမနားရွက်ဆောင်ကြိုးပမ်း သာသနာ့တာဝန်ကိုထမ်းဆောင်နေတော်မူပါသည်။





## ဖိုလ်ဝင်တောင်အညွှန်း

ဖိုလ်ဝင်တောင်တော်မြတ်သို့ လာရောက်ဖူးမြော်ကာသိုလ်တော်ယူကြမည်ဆိုပါလျှင် ဦးစွာပထမ မုံရွာမြို့ကိုရောက်အောင်လာခဲ့ကြပါ။ မုံရွာကိုရောက်ပြီဆိုလျှင်ဖြင့် လမ်းနှစ်သွယ်ကြိုက်ရာရွေးနိုင်ပါသည်။

၁။ မုံရွာမှနေ၍ ချင်းတွင်းမြစ်ခေါ် သလ္လာဝတီမြစ်ကို ဇက်၊ စက်လှေများဖြင့် လွယ်ကူစွာကူးဖြတ်၍ ညောင်ပင်ကြီးဆိပ်ကိုရောက်သော် ဂျစ်ကား၊ ဟိုင်းလတ်ကား၊ ဆန်နီကား စသဖြင့် ကားမျိုးစုံနှစ်သက်ရာငှား၍ (၁၅)မိုင်မျှခရီးကို တစ်နာရီနီးနီးစီးရုံဖြင့်ရောက်ပါသည်။

၂။ ယခုအခါ ချင်းတွင်းမြစ်ကူးတံတားတည်ဆောက်ဖွင့်လှစ်ပြီးဖြစ်၍ ဇက်၊ စက်လှေဖြင့်ကူးလိုသော် (၁၈)မိုင်မျှရှိသော လမ်းမှလာရောက်ဖူးမြော်နိုင်ပါသည်။

## ဖိုလ်ဝင်တောင်ဘုရားစာရင်း-ရွှေလသာဝါဝါဝင်း

ဗန္ဓုဝမင်းကြီးစတင်တည်တော်မူခဲ့သော ဘုန်းတန်ခိုးတော်ကြီး ဖိုလ်ဝင်တောင်ဘုရားစာရင်းကို ပြုစုကြည့်ရာ (၄၄၆၄၄၄)ဆူရှိကြောင်း ကြည်ညိုဖွယ်တွေ့ရှိရပါသည်။ ရှေးလူကြီးသူမတို့က ရွှေလသာဝါဝါဝင်း(၄၄၆၄၄၄)ရုပ်ပွားစေတီတော်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



## ဖိုလ်ဝင်တောင်နှင့်ရွှေဘတောင်

ဖိုလ်ဝင်တောင်သည် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်၊ မင်းဖူးကျေးရွာအတွင်မှာတည်ရှိတော်မူပြီး ရွှေဘတောင်သည် ဆားလင်းကြီးမြို့နယ် အစွန်ဆုံးတွင်တည်ရှိသည်မှာမှန်သော်လည်း ဘုရားဖူးလာ မိဘပြည်သူများ တစ်ဆက်တည်းဖူးမြော်နိုင်ကြပါသည်။

## ထင်ရှားကျော်ကြား ဆုတောင်းပြည့်ဘုရားများ

(၁) ဆုတောင်းပြည့်ဘုရား
(၂) တောင်းတိုင်းပြည့်ဘုရား
(၃) တတိုင်းပြည့်ဘုရား
(၄) တင်းတင်းပြည့်ဘုရား
(၅) သက်တော်ရှဘုရား
(၆) သက်တော်ရှည်ဘုရား

## အနော်ရထာထုံးနှလုံးမှု

**စတင်တည်ထားသော ဖိုလ်ဝင်တောင်ဘုရား**

ဘုန်းတန်ခိုးကြီးမား ဖိုလ်ဝင်တောင်ဘုရားများကို ဦးစွာ ပထမတည်ထားခဲ့သော ဘုရားဒါယကာမင်းသည် ဗန္ဓုဝဟုအမည်တော်ရသည့် မင်းကြီးဖြစ်ပါသည်။ ဗန္ဓုဝမင်းကြီးသည် ဗုဒ္ဓဘာသာသာသနာတော်ထွန်းကားနေသော ပုဂံနေပြည်တော်သို့ ဘုရင်အနော်ရထာ





မင်းကြီးဖိတ်ကြားမှုဖြင့်ရောက်လာကြသောအခါ ဗုဒ္ဓရုပ်ပွားစေတီပုထိုးများကို များစွာဖူးမြော်ခဲ့ရခြင်းနှင့်အတူ အနော်ရထာထုံးနှလုံးမှုလျှက် မိမိနေရာဒေသအနီးဝန်းကျင်မှာ စေတီပုထိုးအမျိုးမျိုးဖြင့် တည်တော်မူရန် စိတ်အားသန်တော်မူခဲ့ပါသည်။

မိမိနိုင်ငံသို့ပြန်ရောက်သော် သဒ္ဓါတရားပြင်းထန်စိတ်အားသန်စွာဖြင့် ဘုရားတည်ရန်နေရာမြတ်အား အမတ်ကြီးပညာဗလကို တာဝန်တစ်ရပ်ပေး၍ရှာဖွေစေပါသည်။ ထိုသို့ရှာဖွေကြရင်းဖြင့် "လောင်းလေကလေးအောက်ရောက်ဘိသကဲ့သို့ သာယာလှပပြေပြစ်လှသော တောင်တော်ကိုဘုရင်မင်းမြတ်ကိုယ်တော်တိုင်ရွေးချယ်ပြီး သကာလ မဂ်လာအချိန်အခါ နှစ်ကောင်းနှစ်မြတ်ဖြစ်သော ကောဇာသက္ကရာဇ် ၄၁၂ခုနှစ်တွင် ဖိုလ်ဝင်တောင်ဘုရားများကို စတင်တည်ထားတော်မူခဲ့ပါသည်။ ထို့ကြောင့် ဖိုလ်ဝင်တောင်အစ ဗန္ဓုဝမင်းကဟုပြောစမှတ်ပြုခဲ့ကြပါသည်။

## စီးပွားတိုးလိုသလား လာဘမုနိဘုရားကိုသွား


ကွန်းစင်တိုင်ဘုရားကြီးလိုဏ်ဂူအတွင်း ရှေးဟောင်းပုဂ္ဂိုလ်များတည်ထားကိုးကွယ်တော်မူခဲ့ကြ၍ ယခုအခါ စီးပွားတိုးသည်ဟု ထင်ရှားတော်မူသောဘုရားမှာ လာဘမုနိဘုရားဖြစ်ပါသည်။

၁၁၀၅ခုနှစ်၌ တည်ထားတော်မူခဲ့ပြီး ဆုတောင်းအလွန်ပြည့်တော်မူပါသည်။ တစ်ခါသော် လာဘမုနိရုပ်ပွားတော်ကို လူတစ်ဦးသည်ခိုးယူ၍ အိမ်သို့ပင့်ဆောင်ကိုးကွယ်တော်မူပါသည်။ ဘုရားကြ



www.burmeseclassic.com


www.burmeseclassic.com



သက်တော်ရဘုရား



ကျောက်ဆင်





www.burmeseclassic.com

www.burmeseclassic.com



လာစဉ်သူသည် စီးပွားအလွန်ကောင်းခဲ့သည်ဟုဆိုပါသည်။ ဂေါပက အဖွဲ့မှလေ့လာစုံစမ်းထောက်လှမ်းသော်အခါ ခြေရာခံမိသဖြင့် ပြန်လည်ပေးပါရန် တောင်းခံခဲ့ရာ အကြိတ်အနယ်တောင်းခံပြီးမှ ၁၃၄၉ခု တပို့တွဲလဆန်း(၁)ရက်နေ့မှပြည်လည်၍ ဖိုလ်ဝင်တောင်သို့ ပင့်ဆောင်နိုင်ခဲ့ပါသည်။ ထိုစီးပွားတတ်စေသော လာဘမုနိရုပ်ပွား တော်မြတ်ကို ကွမ်းစင်တိုင်ဘုရားကြီး လိုဏ်ဂူတွင်သွားရောက် ဖူးမြော် ကုသိုလ်တော်ယူနိုင်ကြပါသည်။

## ကျားကိုနိုင်ပြီး မျောက်ကိုပိုင်တဲ့ ဖိုလ်ဝင်တောင်ရှင်မ

ဖိုလ်ဝင်တောင်တော်ရှင်မပုံတော်ကို ကျားကိုစီးလျက် ဖိုလ် ဝင်တောင်တွင် အထင်အရှားတွေ့မြင်နိုင်ပါသည်။ ဤတောင်တော် အား ဖျက်လိုဖျက်စီးပြုလိုသူများကို ဖိုလ်ဝင်တောင်ရှင်မက ကာကွယ် ပေးသည်ဟု အဆိုရှိပါသည်။ ဖျက်လိုဖျက်ဆီးပြုသူများကို ဖိုလ်ဝင် တောင်ရှင်မက ကျားဟိန်းသံပေးပြီး ကျားကိုစီးလျက် နှိမ်နှင်းမှုများ ပြုလုပ်ကြောင်း ဒေသခံများက စာရေးသူကိုပြောပြပါသည်။

မျောက်များသည်လည်း ဖိုလ်ဝင်တောင်ရှင်မက မွေးမြူထား သည်ဖြစ်၍ ထိုမျောက်များကို မည်သူမှဖမ်းယူခြင်းမပြုကြပေ။ မျောက်များသည် မျောက်ယဉ်များဖြစ်ကြပြီး မျောက်များကိုအစာ လာကျွေးသော ဘုရားဖူးများကို ဖိုလ်ဝင်တောင်ရှင်မက စောင့်ရှောက် ကြောင်းသိရပါသည်။





## ဖိုလ်ဝင်တောင်မှ အလောင်းတော်ကဿပသို့

အနယ်နယ်မှ ဘုရားဖူးများသည် ဖိုလ်ဝင်တောင်၊ ရွှေဘ တောင် ဘုရားဖူးများ ဖူးမြော်ပြီးပါက အလောင်းတော်ကဿပသို့ တစ်ဆက်တည်းသွားရောက်ဖူးမြော်ကြပါသည်။ ဖိုလ်ဝင်တောင်မှ အလောင်းတော်ကဿပသို့ သွားရောက်ဖူးမြော်ကုသိုလ်လိုချင်သူများ ကို ဖိုလ်ဝင်တောင်ဆရာတော်ကြီး ဦးသုမနမှ စီစဉ်ဆောင်ရွက်ပို့ ဆောင်ပေးလျက်ရှိပါသည်။ ဖိုလ်ဝင်တောင်မှ အလောင်းတော်ကဿပ သို့ ၄၅မိုင်မျှ ခရီးရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ဝင်တောင် သမိုင်းချုပ်

ဇယတု သဗ္ဗမင်္ဂလံ
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
ပဥ္စဂုဏံ အဟံဝန္ဒာမိ။

ဤဗိုလ်ဝင်တောင် သမိုင်းချုပ်ကို ရေးသားတင်ပြရာတွင် ကော်ဇာသက္ကရာဇ် နှင့် သာသနာတော်သက္ကရာဇ်တို့ကို ဖော်ပြရပေလိမ့်မည်။ ၎င်းသက္ကရာဇ်တို့ကို စာဖတ်ပရိတ်သတ်တို့မှာ ဟုတ်လေသလော၊ မဟုတ်လေသလော။ တွေးတောယုံမှားခြင်း။ ကင်းရှင်းစေရန်မှာ သီရိခေတ္တ ရာမင်းဆက်နှင့် ရာဇဝင်။ ပေါက္ကံမင်းဆက်နှင့် ရာဇဝင် အကျဉ်းချုပ်များကို ရေးသားဖော်ပြလိုက်ရပေသတည်း။





## သီရိခေတ္တရာ ရာဇဝင်အကျဉ်း

လောကသုံးပါးတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော သဗ္ဗညုတ မြတ်စွာဘုရားသခင်သည်၊ ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ နှစ်ပေါင်း လေးဆယ်တွင် (သံသယသင်းတွဲ) မည်သော တကောင်းပြည်က အိမ်ရှေ့မင်း ဥပရာဇသည်၊ လက်နက်ငါးပါးကို ကိုင်စွဲပြီးလျှင် ပြည်သူတို့၏ ရန်သူ ဖြစ်သော ဝက်ကြီးကို လိုက်လံခဲ့ရာ ယခုရှိသော သီရိခေတ္တရာမြို့တည်ရာ အရပ်သို့ ရောက်၍ ၎င်းရန်သူဝက်ကြီးကို ခုတ်သတ်ပြီးနောက် မင်းအဖြစ်၌ သံဝေဂရသဖြင့် ရှာနဖြစ်သော တကောင်းပြည်သို့ မပြန်မူ၍ ထိုအရပ်တွင်ပင် ရသေ့ရဟန်းပြု၍ နေလေ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ နှစ်ပေါင်း (၅၉)ခုတွင် ၎င်းရှင်ရသေ့၏ တူရင်းများ ဖြစ်ကြသော မဟာသမ္ဘဝ စူဠသမ္ဘဝ မင်းသား ညီနောင် နှစ်ယောက် တို့သည် တကောင်းပြည်မှ နောက်ထပ်ရောက်လာပြန်သည်တွင် ဦးရီတော်ရှင်ရသေ့ ကောက်ယူမွေးစားထားသော သမီးပျိုဗေဒါရီ နှင့်ထိမ်းမြားလက်ထပ်၍ သာသနာတော်သက္ကရာဇ်နှစ်ပေါင်း(၆၀)ပြည့်နှစ်တွင် ပျူကမ်းရန် လူမျိုးတို့ကို အုပ်ချုပ်၍အစ စွာမင်းပြုလေ၏။

၎င်းမှစ၍ သီရိခေတ္တရာ မင်းဆက် (၂၇)ဆက်၊ ပုဂံမင်းဆက် (၅၅) ဆက် ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပုဂံရာဇဝင်အကျဉ်း
## သာသနာတော်ရောင် ဝင်းဝင်းပြောင်

ကောဇာသက္ကရာဇ် (၃၇၉)ခုနှစ်တွင် ပေါက္ကံပြည်ကြီး၌ ဘုရင်အနော်ရထာမင်းစောသည် ထီးနန်းစိုးစံတော်မူလေ၏။ ၎င်းမင်းနှင့် ထီးပြိုင်နန်းပြိုင်ကာ သထုံပြည်မှ မနူဟာမင်း၊ တရုတ်ပြည်မှ ဥတည်ပွားမင်း၊ ဟလက်ပူရပြည်မှ ဗန္ဓုဝမင်းတို့ဖြစ်ကြလေသည်။ ထိုစဉ်အခါ သထုံပြည်၌ သာသနာရောင် ဝင်းဝင်းပြောင်လျက်ရှိနေသော်လည်း ပေါက္ကံနေပြည်တော်နှင့် ဗန္ဓုဝနေပြည်တော်တို့မှာ အရီးကြီး ရဟန်းတို့ကို ဃနာနို့ဆွမ်းနှင့် ပန်းဦးများလှူဒါန်းလျက် မင်းနှင့်တကွ ပြည်သူတို့သည် ကိုးကွယ်ဆည်းကပ်လျက် အထွဋ်အမြတ်ပြုကြရလေ၏။ သို့သော် သရဏဂုံသုံးပါကို နှုတ်ဖြင့် ရွတ်ဆိုသရဏ္ဍာယ်သည်ကား ပြန့်နှံ့လျက်ရှိနေ၏။ အဓိပ္ပာယ်ကို နားမလည်ကြလေ၊ လောကအကျိုးခံစားရသည်ကိုတော့ ယုံကြည်ကြကုန်၏။

ဘုရင် အနော်ရထာမင်းသည် ထိုအရီးကြီး ရဟန်းတို့ကို ကိုးကွယ်နေကြရသည်မှာ ငယ်စဉ်ကပင်မနှစ်မြို့ခဲ့ပေ၊ ထိုသို့ ရှိနေစဉ်မှဆိုးတယောက်သည် တောလိုက်ရာမှ ရှင်အရဟံဟူသော ရဟန်းတပါးကို နန်းတော်သို့ ပင်ဆောင်လာလေလျှင် ၎င်းရဟန်းတော်၏ စကျွဲခြေစသည်ကို အလွန်ကြည်ညိုလှသဖြင့် လျှောက်မေးရာ သမ္မာဒိဋ္ဌိအယူမှန်သော သာကီဝင်မင်းသား ဂေါတမမြတ်စွာဘုရား သာတော်အစစ် ရဟန်းတော် ဖြစ်မှန်းသိရ၍ ထိုရဟန်းတော်မှစပြီး ကိုးကွယ်ကာ





သထုံပြည်မှ ပိဋကတ်တော်နှင့် သာသနာတော်ထမ်း ရဟန်းတော်များကိုပါ ပင့်ဆောင်လျက် အရီးကြီးရဟန်းအချို့ကို တိုင်းပြည်မှ နှင်ထုတ်လျက် အချို့ကို လူဝတ်လဲ စေပြီး အလုပ်ကြမ်းများခိုင်းစေ၍ သာသနာပြုတော်မူလေ၏။

## သရီယဓာတ်မွေ့အစုံ ဌာပနာပုံ

ထိုအခါမှစ၍ တစတစ ဗုဒ္ဓသာသနာတော်ရောင် ထိန်ထိန်ပြောင်လာရာတွင် ပေါက္ကံရာဇာ အနော်ရထာမင်းကြီးသည် သရီယဓာတ်မွေ့အစုံတို့ကို သက္ကရာဇ် (၄၁၁) ခုနှစ် သာသနာ့တော်သက္ကရာဇ် (၁၅၉၄) ခုနှစ်အရောက်တွင် စတင်၍ ရွှေစည်းခုံမြတ်စွာဘုရားစေတီတော်သို့ ဌာပနာ၍ကောင်းစွာ တည်ထားကိုးကွယ်တော်မူပြီးလျှင် ထီးတော်တင်ပွဲတွင် အသဒိသအလှူတော်ကြီး ပေးမည့်အခါ မဟာမိတ်ရင်းအကြည်တော်မင်း ဖြစ်သည့်အား လျော်ညီစွာ သာဓုအနုမောဒနာခေါ်ရန် ဗန္ဓုဝပြည်ကြီးသခင် မဟာဗန္ဓုဝ မင်းကြီးထံသို့ သဝဏ်စာခွေနှင့် တကွတမန်တော်များ စေလွှတ်တော်မူလေသည်။

## စိုးစံစတည် တကောင်းပြည်

ငါတို့နာထ ဂေါတမနွယ်ဘွား မြတ်စွာဘုရား ပွင့်တော်မမူမီနှစ်ပေါင်း (၃၀၀) ကျော်ကာလတွင် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသတွင် ကောသလတိုင်း၊ ပဉ္စလတိုင်း နှစ်တိုင်းတို့ကို အစိုးရတော် မူသော



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စာလရာဇ်မင်းနှင့် ကောလိယမင်းတို့ စစ်ကြီးဖြစ်ကြလေရာ ကောလိယ ဒေသဒဟ ကပ္ပိလဝတ် မည်သော သုံးပြည်ထောင်သော သာကီဝင်မင်းတို့ ရှုံးလေလျှင် သုံးဖြာကွဲ၍ သာကီဝင်မင်းတို့ ပျက်စီးသောအခါ ကပ္ပိလဝတ်ပြည်မှ အဘိရာဇာမည်သော သကျ သာကီဝင်မင်းသည် မိမိဗိုလ်ခြေ အလုံးအရင်းကိုယူ၍ မဇ္ဈိမဒေသမှ ထွက်ခဲ့ပြီးလျှင် မဏိမူရခေါ်ကသည်းပြည် ကာမရူပခေါ် အာသံပြည် စသော မြို့ပြပြည်ရွာ သေလာတောတန်း ဖြတ်သန်းလွန်မြောက်၍ ဧရာဝတီ နဒီမြစ် ကမ်းချေမ်းသာမို့ မြေအဘို့တွင် နှစ်လိုကြံအင် ပြည့်စုံလင်သော သဃ်သသရဋ္ဌ နာမဘွဲ့မည် တကောင်းပြည်ကို စတည်စိုးစံတော်မူပြီး မင်းအဆက် သုံးကျိပ် သုံးယောက်မြောက် နောက်ဆုံး ဘိန္နကရာဇမင်းလက်ထက် တကောင်းပြည်ကြီးကို ဂန္ဓာလရာဇ် တိုင်းပြည်က စိန့်လူမျိုးတို့ နောက်ယှက်လာ၍ ပျက်စီးရ လေသတည်း။

## တိုက်ခိုက်လုယက် တကောင်းပျက်

ယင်းကဲ့သို့တကောင်းပြည်ကြီးပျက်စီးပြီးသည်နောက် ဧရာဝတီမြစ်နှင့် သလ္လာဝတီမြစ်တို့ဆုံရာ ဒေသမှစပြီး အထက်ဒေသအရပ်သည် တိုင်းစွန် ပြည်ဖျား ဖြစ်လေရာ၊ ထိုဒေသသို့ ပေါက္ကံပြည်ရှင်မင်းတို့၏ အာဏာသည်လည်း မပြန့်နှံ့၊ သထုံမင်းတို့၏ တန်ခိုးသည်လည်း မလွှမ်းမိုးနိုင် ဂန္ဓာလရာဇ်တိုင်းပြည်ရှင် မင်းတို့သည်လည်း မပိုင်ဆိုင်ရှိ မှုမက ၎င်းမင်းတို့၏ စစ်ဖြစ်ရာ ဋ္ဌာနစစ်မြေပြင်မျှသာ ဖြစ်ကြရ၍





ထိုဒေသ၌ (တောမီးလောင် တောကြောင်လက်ခမောင်းခတ်) ဆိုသည့် ဥပမာလို တိုင်းသူပြည်သား လူဆင်းရဲများတို့သည် အချင်းချင်း တိုက်ခိုက်လုလက် သူခိုး၊ သူဝှက်၊ ကျွဲနွား ဖြန်ပေး၊ လူပြန်ပေး၊ မုဒိမ်း၊ ဓားမြတကြသောင်းကျန်းသတ်ဖြတ်နှိပ်စက်သဖြင့် သတ္တဝါ ရက်စက် နှင့် ရင်ဆိုင်ကာ မချမ်းမသာဖြစ်ကြရလေ၏။

ဤကဲ့သို့ တရားကင်းမဲ့ တရွှဲတစောင်း မကောင်းပြုကျင့်သူများ ထွန်းကားနေချိန်တွင် အစိမ်းသားရဲ-သဘက်-ဘီလူးတို့ ပူးဝင်စွဲကပ် ကြ၍ အရပ်ရပ်ဒေသတို့၌ ရောဂါရက်ဆိုးကြီး တွေကြုံဆိုက်ရောက်ခြင်း ဘေးဆိုးနှင့်လည်း တိုက်ဆိုင်ကြရပြန်လေ၏။

## ဗန္ဓဝဘုရင် ကယ်တင်ရှင်

ထိုအခါ မြဟွမ်စိုရ်တရားကပ်၍ ပညာအမျှော်အမြင်ရှိကြကုန်သော လူကောင်းသူကောင်းအမျိုးကောင်းသားတို့၏ ထိုဘေးဒုက္ခတို့မှ လွတ်မြောက် ရန် အမျိုးမျိုးကြံဆ၍ တိုင်ပင်စီမံကြသည်မှာ၎င်းကဲ့သို့ ထကြွ သောင်းကျန်းလျက် ဖြစ်ပျက်နေသည်ကို အကျွန်ုပ်တို့ကြည့်နေ ကြပါက မိမိတို့လုပ်ကိုင် စားသောက်ကြရသော တောင်သူလယ်ယာ ကိုင်းကျွန်းစငယ်တို့ကိုပင် မလုပ်မကိုင်နိုင်ရှိပါက ဒုက္ခဆင်းရဲရောက်သင့် ရန် အကြောင်းရှိလေတော့မည်။ သို့ဖြစ်ပါ၍ အကျွန်ုပ်တို့နှင့် စိတ်ဆန္ဒတူမျှကြသော အရပ်ရပ်ရှိ ကျေးရွာများမှ လူများကို စာတိုစာရှည်လှို့ဝှက်စွာ ဖြန့်ဝေ၍ ဘိတ်ခေါ်ပြီးလျှင် ဒုတ်- ဓါး - လှံတံ - လေးမြှား-ဒိုင်း လွှား စသော လက်နက်များ နှင့် ဆင်-



www.burmeseclassic.com

www.burmeseclassic.com



မြင်း၊လှေ၊လောင်း တို့ပါ လှို့ဝှက်စွာ စုပေါင်းလျက် (ယခုသမိုင်းတွင် ဗန္ဓုဝမင်းကြီးဟု ဘွဲ့အမည်ပေးခြင်းခံရသော အမျိုးကောင်းသား တဦးကို အကွပ်အကဲ အကြီးအမှူးပြုကြ၍ ပြည်သူ့ရန်စွယ် အန္တရာယ်ဖြစ်သော သူခိုး၊ဓားပြ၊လူဆိုး၊သူဆိုးများကို နှိမ်နင်းတိုက်ခိုက် သုတ်သင်ရှင်းလင်းကြပြီး အဝေးဒေသမှ မင်းအချင်းချင်းတို့တိုက်ခိုက် ရန် လာကြသည်ကိုလည်း တိုက်ခိုက်တာဆီးပြီးလျှင် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသည်မဟုတ်ဘဲ တိုင်းသူပြည်သားအချင်းချင်းတိုင်ပင် (ဖွဲ့စည်း၍) အုပ်ချုပ်တိုက်ခိုက်သည်ကို အမှီအစွဲသဟဲပြုလျက် (ဗန္ဓုဝ) မင်းဟုဘွဲ့အမည်တော်ပေး၍ ၎င်းနေပြည်တော် ကိုလည်း (ဗန္ဓုဝ) နေပြည်တော်ဟု သမုတ်လျက် ထီးနန်းစိုက်ထူ၍ အစစွာ မင်းပြုတော်မူလေသတည်း။

## ဝမ်းမြောက်ကြည်ကြည် ဗန္ဓုဝပြည်

ထိုသို့ဗန္ဓုဝတိုင်းပြည်ကြီးကို မဟာဗန္ဓုဝမင်းကြီး မင်းပြုလေသော ခရိုင် မြို့နယ်အတွင်း၌ နေထိုင်ကြသော ဆင်းရဲသားကျွန်တော်မျိုးတို့ သည် ရေချမ်းအိုးကြီး ဘက်ရဘီသို့ ဝမ်းမြောက်ကြည်သာစွာရှိကြလျက် (ကာလကောင်း မိကျောင်းပေါ်သို့) ဟု (သျှင်အဂ္ဂသမာဓိ) စပ်ဆိုတော်မူချက်အရ မြို့နယ်ကျေးရွာ စည်ပင်သာယာခြင်း၊ ဆင်းရဲသား ကျွန်တော်မျိုးတို့ ကိုယ် စိတ် နှစ်ပါးချမ်းသာလျက်ရှိသောကြောင့် သူခိုး–ဓားပြ–ကျွဲနွား ပြန်ပေး လူပြန်ပေးမှု မဖြစ်ပွားမပေါ်ပေါက်ခြင်း အထူးထူးအထွေထွေ–ရောဂါ ဥပါဒ်မရှိခြင်း၊ စားဝတ် နေရေးအတွက်





မပူမပင်ရခြင်း စသည်တို့ကြောင့် အုပ်ချုပ်သော ဗန္ဓုဝ မင်းကြီးကိုပြည်သူပြည်သား ဆင်းရဲသားတို့က ကျေးဇူးတုံ့ ပြန်သော အားဖြင့် နေစဉ်မပြတ် သက်တော်ရှည်ပါစေဟု မေတ္တာပို့သလျက် ဆုတောင်းမင်္ဂလာပြု၍ ကောင်းချီး သာဓုခေါ်ကြလေသတည်း။

## မင်းကျင့်ညီစွာ အုပ်ချုပ်လာ

တိုင်းပြည်အုပ်ချုပ်မင်းတို့မည်သည် ပဂ္ဂဟနိဂ္ဂဟ နှစ်ဝရှိရာတွင် မဟာဗန္ဓုဝမင်းကြီးသည် နှိမ်သင့်သူတို့ကို မထကြွနိုင်အောင် နှိပ်ကွပ် သုတ်သင်၍ ချီးမြှင့်သင့်သူတို့ကိုလည်း အရည်အချင်းအလျောက် ထိုက်တန်အောင် ရာထူးအာဏာအလိုက် လခရိက္ခာတော်ကို တိုးတက် ချီးမြှောက်၍ အုပ်ချုပ်မင်းလုပ်လေတောင်းတလျက်ရှိနေကြရအောင် စီမံ ဆောင်ရွက်တော်မူ၍ နှတ်လူသာဓုခေါ်ခြင်းကို ခံရပြီး မိမိ ဂုဏ်သတင်း ရနံ့သည် အခေါ်နရက် ပေါ်ဘဝဂ် တိုင်အောင် ပြန့်နှံ့ ပြေးသွားလျက် မွှေးမွှေး ကြိုင်ကြိုင် လှိုင်လှိုင်သင်းသင်း တကမ္ဘာလုံး မဆုံးအချင်း ထင်းလင်းညွန့်လန်း ဥဒါန်းမကြေ တည်တွန်းခြင်း ရှိလေအောင် မင်းကျင့်တရား ရှစ်ပါး ဆယ်ပါး အပရိဟာနိယ တရားခုနစ်ပါး သင်္ဂဟတရား လေးပါးတို့နှင့် ညီညွတ်စွာ ကျင့်တော်မူ လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com




ရှေးခေတ်နံရံဆေးရေး ပန်းချီများ



ဖိုလ်ဝင်တောင်နာယကဆရာတော်ဘုရားကြီးနှင့် စာရေးသူတို့အမှတ်တရ




ဖိုလ်ဝင်တောင် အဝင်ဝ



ကျောက်အိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



## ကြင်ယာ မြှောက်ထား မိဖုရား

ထိုသို့ဗန္ဓုဝတိုင်းပြည်ကြီးကို အစစွာတည်ထွင်၍ မင်းကျင့်တရားနှင့် ညီညွတ်စွာ စုံးစံအုပ်ချုပ်ခဲ့သော (ဗန္ဓုဝ) မင်းကြီး၌ကား သားတော်ကြီး မဟာဗန္ဓုဝ၊ သားတော်ငယ် သုဗန္ဓုဝ၊ သမီးတော် တိကွိတဟူ၍ သုံးပါးသော နန်းညွှောက် နန်းနွယ် ပေါ်ပေါက်လေသော် သားတော်ကြီး မဟာဗန္ဓုဝသည် အရွယ်သို့ရောက်၍ မင်းသားတို့ တတ်အပ်သော အတတ်တို့ကို သင်ကြားပြီးမြောက် တပ်တော်ခေါက်၍ တိုင်းနိုင်ငံတော်သို့ ရောက်လေသော် ခမည်း တော် ဗန္ဓုဝမင်းကြီးသည် သားတော် မဟာဗန္ဓုဝမင်းသားအား အိမ်ရှေ့ ဥပရာဇာ ပေးသနား တော်မူ၍ ရောဝတီမြစ်နှင့် သလ္လာဝတီမြစ်ဆုံရာ ဒေသဖြစ်၍ (မြစ်ဆုံမြို့) ဟု သမုတ်သောမြို့ကို ကံကျွေးရသဖြင့်၊ မြစ်ဆုံစား လည်းဟူ၏။ မြစ်ဆုံစားအိမ်ရှေ့ဥပရာဇာ မဟာဗန္ဓုဝ မင်းသားအား ဤ ဖြစ်ဆုံဒေသရွာကြီးတရွာမှ လုဒေဝီဘရက်ဖြစ်၍ လူမတန် နတ်မမျှ ချောမွေ့ ပြေပြစ်လှသော အမျိုးသမီးတယောက်ကို ကောက်ယူ၍ အိမ်ရှေ့မိဖုရားအဖြစ် ရေသွင်း လက်ထပ်တော်မူ၍ အိမ်ရှေ့စံတော်မူလေတည်း။

## အနိစ္စသဘာဝ ဗန္ဓုဝ

ဤသို့ ဗန္ဓုဝမင်းကြီးသည် သားတော် မဟာဗန္ဓုဝမင်းသားကို အိမ်ရှေ့ ပေးသွား၍ စံစားတော်မူရာ နှစ်ပေါင်းကြာလေသော်ဘုရား





ပစ္စေက ဗုဒ္ဓါ ရဟန်းတော် အရှင်မြတ်တို့သော်မှ မလွန်ဆန်နိုင်သော သခါရဓမ္မ အနိစ္စ သဘာဝကို ဗန္ဓုဝမင်းကြီးသည် အလွန်မြောက်နိုင် တော့ဘဲ ပြည်ရွာတိုင်းကား မိဖုရားနှင့် သားသမီးဥစ္စာ မင်းဘဏ္ဍာတို့ ကို စွန့်ခွာလျက် နတ်ရွာစံ ကံတော်ကုန်လေတော့သတည်း။

## အိမ်ရှေ့တော်စံ ဘိသိက်ခံ

ထိုအခါ မှူးဟောင်းမတ်ဟောင်း ပုရောဟိတ်အပေါင်းနှင့် သောင်းပြောင်းရောရာ ကျေးရွာမြို့စား ပညာရှိအများတို့ တိုင်းပင်ဆွေး နွေးအချိန်ကောင်း ရွေးချယ်၍ သားတော်ကြီး အိမ်ရှေ့ဥပရာဇာ မဟာဗန္ဓုဝမင်းသားအား ထီးနန်းကို စိုးစံတော်မူရန် ရွှေနားတော် သွင်းကြသော် မဟာဗန္ဓုဝ မင်းသားလည်း အိမ်ရှေ့မိဖုရား (လှဒေဝီ)ကို တောင်ညာစံဒေဝီ မိဖုရားကြီးအဖြစ်တင်မြှောက်ပြီး ရာဇာဘိသေက ဘိသိက်တော်ကို ခံယူစဉ်အောက်၌ ဖော်ပြထားသော သစ္စာတော်များ ကို ထမ်းရွက်ကျိန်ဆိုတော်မူလေသည်။

## မှတ်သားဖွယ်ရာ သင့်တွက်တာ<br>မင်းကျင့်တရားရှစ်ပါး

၁။ မယ်တော်ခမည်းတော်များကို ကောင်းမွန်ရှိသေစွာထားရခြင်း။
၂။ သားတော် သမီးတော် မိဖုရား မောင်းမ မိဿံ တို့ကို ကောင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုချီးမြှင့်ရခြင်း။

၃။ ဆင်း၊ မြင်း၊ ရဲမက် ဗိုလ်ပါတို့ကို ကောင်းစွာ ကြည့်ရှုထောက်ပံ့ရခြင်း။

၄။ ရွာငယ်၊ ရွာကြီး တို့ကို မပျက်စီးရအောင် စောင့်ရှောက်ရခြင်း။

၅။ တိုင်းနိုင်ငံ ဇနပုဒ် ကျေးရွာများကို စည်းကားအောင် စီမံရခြင်း။

၆။ ရဟန်း ပုဏ္ဏားတို့ကို ကောင်းစွာဆည်းကပ် ကိုးကွယ်ရခြင်း။

၇။ တော၌ ရှိသော တိရစ္ဆာန်သားငှက်တို့ကို ဘေးမဲ့ပေးရခြင်း။

၈။ တရားကို ကောင်းစွာအလေ့အလာပြု၍ တရားကျင့်ရာ၌ မမေ့မလျော့ရခြင်း။

## မင်းကျင့်တရား ဆယ်ပါး

၁။ အလှူပေးခြင်း

၂။ ငါးပါးသီလ ဆယ်ပါးသီလကို ဆောက်တည်ခြင်း။

၃။ ပေးကမ်းစွန့်ကြဲခြင်း။

၄။ ဖြောင့်မတ်တည်ကြည်ခြင်း။

၅။ နူးညံ့ သိမ်မွေ့ခြင်း။

၆။ အဋ္ဌင်္ဂဥပုသ်ဆောက်တည်ခြင်း။

၇။ အမျက်ဒေါသမထွက်ခြင်း။

၈။ တိုင်းသူပြည်သားတို့ကို မတရားသဖြင့် မညှဉ်းဆဲမနှိပ် စက်ရခြင်း။

၉။ သည်းခံရခြင်း။

၁၀။ တိုင်းသူပြည်သားတို့နှင့် မဆန့်ကျင်ခြင်း။





## အပရိဟာနိယတရား ခုနစ်ပါး

၁။ အကြိမ်များစွာမှူးတော်၊ မယ်တော်တို့နှင့် စည်းဝေးတိုင်ပင်ရခြင်း။

၂။ အညီအညွတ်စည်းဝေး၍ အညီအညွတ် ထကြွလျက် ပြုအပ်သော အမှုကိစ္စတို့ကို အညီအညွတ်ပြုလုပ်ရခြင်း။

၃။ ရှေးမင်းတို့ မပညတ်သည်ကို မပညတ်ဘဲ ပညတ်ထားသည်ကိုလည်း မဖျက်ဆီးဘဲ ရှိသည့်အတိုင်း လိုက်နာကျင့်ရခြင်း။

၄။ အသက်သိက္ခာကြီးသူတို့ကို အရိုအသေ ပူဇော်၍ ကြီးသူတို့၏ စကားကို နာခံရခြင်း။

၅။ သူတပါးတို့၏ သမီးပျိုများကို အနိုင်အထက်ပြု၍ မသိမ်းယူရခြင်း။

၆။ မြို့တွင်း မြို့ပြင်တို့၌ စောင့်သော နတ်များကို ဗလိနတ်စာ အမြဲပေးရခြင်း။

၇။ ရဟန်း ပုဏ္ဏားတို့ကို တရားနှင့်အညီစောင့်ရှောက်ရခြင်း။

## သင်္ဂဟတရား လေးပါး

၁။ အခွန်အတုတ်ကို ဆယ်ဖို့တဖို့သာ ကောက်ခံရခြင်း။

၂။ သူရဲသူခက်တို့ကို ခြောက်လတကြိမ် ရိက္ခာပေးရခြင်း။

၃။ တိုင်းပြည်ရှိ ဆင်းရဲသားတို့အား ရင်းနှီးရန် ငွေတော်များထုတ်ပေး၍ အတိုးမယူဘဲ သုံးနှစ်တိုင်မှ ချေးရင်းငွေကိုပြန်၍ ဆပ်စေရခြင်း။

၄။ အဘ၊ ဘကြီး၊ ဦးရီး စသည့်တို့ကို ချစ်ဖွယ်သော စကားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုရခြင်း။

အထက်ဖော်ပြပါ တရားတို့နှင့် ညီညွတ်အောင် ကျင့်ပါမည်။ ၎င်းအတိုင်း မကျင့်ပါလျှင် ဦးခေါင်း၌ မိုးကြိုးရှစ်စိတ်ခွဲပါစေသား၊ လောလောလတ်လတ် သေပါစေသာဟု–မှူးတော်၊ မတ်တော်၊ ပုရောဟိတ်ပုဏ္ဏားတော်၊ ပညာရှိမိဖုရားမောင်းမမိဿံ၊ ကိုယ်လုပ်တော်၊ လုပ်ပျိုတော်၊ စစ်သည်တော်၊ ခရိုင်ဝန်၊ မြို့ဝန်၊ မြို့စား၊ ရွာစား၊ ဝန်စု၊ မှူးစု၊ သူရဲ၊ သူခက်၊ ကျေးရွာ၊ ပြည်စိုး၊ ဝန်သတိုး၊ စသော မင်းပရိတ်သတ်အပေါင်း တို့ရှေ့တွင် ကျိန်စာတော်ဆိုပြီး ရာဇာဘိသေက ဘိသိက်ခံတော်မူ၍ ပဒေသရာဇ် မင်းပြုတော်မူလေသတည်း။

## အမှောင်ကျရောက် တိက္ခိတပျောက်

ထိုကဲ့သို့ (မဟာပဗ္ဗဝ)မင်းသားသည် ဘိသိက်ခံတော်မူလျက် ထီးနန်းကို စိုးစံတော်မူသောအခါ မယ်တော် (မဟာဒေဝီ) နှင့် နှမတော် တိက္ခိတတို့အား အဆောင်အယောင်နှင့်တကွ ရံရွေတော်၊ အထိန်းတော်၊ အချီတော်၊ အချော့တော်များစာ ခြံရံလျက် မင်္ဂလာအိမ်တော်နှင့် စံတော်မူစေပြီး ညီတော်သုပဗ္ဗဝမင်းသားကိုလည်း အခါပေး–နာရီရွေး၊ ပုဏ္ဏား ပညာရှိ စသောအခြံအရံတို့နှင့်တကွ ဓားခုတ်၊ လှံထိုး၊ စစ်ထိုး စစ်တက်၊ မြင်းစီး–ဆင်စီး–စသော မင်းသားတို့ တတ်အပ်သော အတတ်များကို တက္ကသီလံသာပေါင်းရန်သည့် ဆရာထံ နိသယရည်း





များခံစေလျက် တနှစ်ကျော် နှစ်နှစ်တွင်း စာရင်းတော်ပေါ်၍ တနေ့သောအခါ

"မဟာပဗ္ဗဝမင်းသည် မယ်တော် မဟာဒေဝီနှင့်တကွ နှမတော် တိက္ခိတပါ နန်းယင်းပြင်တွင် နေပူဆည်းဆာလှုံ၍ နေကြစဉ် ရုတ်တရက်ခဏခြင်း အလင်းပျောက်လျက် အမှောင်ကျရောက်လာလေရာ တနန်းတော်လုံးဖြန်းကနဲထိတ်လန့်တုန်လှုပ်ခါ ဆူညံစွာဖြစ်လျက် မကြာခင်ပင် အလင်းရောင်ခြည် ပေါ်လာလေလျှင် နှမတော်တိက္ခိတသည်ပျောက်ခြင်းမလှပျောက်သွားလေသတည်း။"

## ပညာစုံလင် ပြည်တော်ဝင်

ထိုအခါ မဟာပဗ္ဗဝမင်းသည် ကုန်းကြောင်း ရေကြောင်း စစ်သည်တော်ပေါင်း ထောင်သောင်းများစွာ ဗိုလ်ပါဆင်မြင်းအလုံးအရင်းနှင့် တိုင်းနိုင်ငံတော်အတွင်း စစ်ဖျူဟာ ခင်းကာလိုက်လံဖွေရှာကြရာ တစ်နှစ်မျှကြာသော်လည်း သတင်းတော်ကိုမျှ မကြားရသဖြင့် ရွှေစိတ်တော် မကြည်သာဘဲ နှမတော်အတွက် ရတတ်မအေး အဆွေးကြီးဆွေးကာ နေရရှာလေသည်။

ထိုအခါ သုပဗ္ဗဝမင်းသားသည် နှစ်နှစ်ကျော်၍ သုံးနှစ်တွင်းရောက် ပညာတော်များ တတ်မြောက်သဖြင့် တပ်တော်ခေါက်လျက် တိုင်းနိုင်ငံ တော်အရောက် ချီတက်လာခဲ့ရာ တတောင်ဝင် တတောင်တက် တတောင် ဆင်းပြီး ခရီးမဟာမြိုင်အကူးတွင် ဘီလူးစောင့်သော ရေကန်ကြီးတခုတွေ့သဖြင့် ရေကြည်တော်များ



www.burmeseclassic.com

www.burmeseclassic.com



သောက်ချိုးရန် ဆင်းခပ်စေလေလျှင် ရေကန်စောင့် ဘီလူးသည် တာဆီးကန့်ကွက်မတရား နှောက်ယှက်လေရာ၊ သုဗန္ဓဝမင်းသားသည် ဒေါသအမျက် ချောင်းချောင်းထွက်၍ ဘီးလူးနှင့် စစ်ဘက်ခါ တိုက်ခိုက်လျက် ဘီလူးရန်ကို နှိမ်နင်း၍ နိုင်လေသော် ရေကြည်တော် သောက်သုံးပြီး အနှုံးတော်များ ဖြေ၍ နားနေတော်မူလေသတည်း။

## သရဏဂုံသုံးပါး အားကိုးထား

ထိုသို့ ပန်းအားတော်ဖြေ၍ နေတော်မူစဉ် ရေကန်ကြီး၏အနီး လိုဏ်ဂူတော်ကြီး တခုဆီက ကယ်တော်မူပါဘုရားဟူသော မိန်းမသံသည် ဆူညံစွာ ကြားရသဖြင့် သွားရောက်ကြည့်ရှုရာ တခြားလူမဟုတ်ဘဲ နှမတော် တိက္ခိတ ဖြစ်နေသည်ကို တွေ့ရ၍ အံ့အားသင့်စွာ ဘယ်ခြင်းရာဖြင့် ပြည်ရွာမနီး မြိုင်တော်ကြီးသို့ ရောက်နေရသည်ကို မေးတော်မူရာ နေ့ကြောင် တောင်မှောင်ချလျက် ဘီလူးကြီး ဆောင်ကျင်းခေါ်လာသည့်အတွက် ရောက်ခဲ့ရသည်မှာ တနှစ်မျှ ကြာသော်လည်း မင်းသမီးသည် (ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ဓမ္မံသရဏံ ဂစ္ဆာမိ သံဃံသရဏံ ဂစ္ဆာမိ) ဟူသော ဂါထာကို ရွတ်ဆိုသဖြင့် ဘီလူးစား မခံရဘဲရှိကြောင်း ကောင်းစွာသိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျှက် ဗန္ဓဝ နေပြည်တော်သို့ ခေါ်ဆောင်ခါ ချီတက်ခဲ့ကြလေ့တော့သည်။





## ရမ္မဝတီ မင်းနေပြည်

ဤသို့ ဗန္ဓဝမြို့ နေပြည်တော်ကြီးသို့ တပ်တော် ဦးခိုက်ဆိုက်ရောက်လာလျှင် မယ်တော်နှင့်တကွ မဟာဗန္ဓဝမင်းပါ မှူးမတ်ဗိုလ်ပါ ပညာဗလ စသော တိုင်းသူပြည်သား လူအများတို့သည် သုဗန္ဓဝမင်းသားအားငှင်း သေကံမရောက် သက်မပျောက်ဘဲ တိုင်းပြည်သို့ သုဗန္ဓဝမင်းသားနှင့်အတူ ပါတော်မူလာသော တိက္ခိတမင်းသမီးအားငှင်း တွေ့မြင်ကြရသဖြင့် ဝမ်းမြောက်ဝမ်းသား ပုဆိုး ပုဝါ၊ ပန်းမာလာတို့ဖြင့် ကြဲမြှောက်ကြလျက် ကြိုဆိုတော်ပွဲကြီး ခြိမ့်ခြိမ့်သဲမျှပြုလုပ်ကြပြီးကာ ကျိုးကြောင်းစုံစွာ မေးမြန်းပြောဆိုပြီး အကြောင်းစုံ သိကြရသောအခါ မဟာဗန္ဓဝမင်းသားသည် ညီတော် သုဗန္ဓဝမင်းသားနှင့် နှမတော်တိက္ခိတမင်းသမီးတို့အား စုံဖက်သင့်မြတ်စေ၍ ထိမ်းမြားလက်ထပ်လျက် အာဝါဟ မင်္ဂလာဆင်မြန်း‌တော်မူပြီး အိမ်ရှေ့ဥပ ရာဇာနှင့်အပ်လျက်မင်းဘက်ပြုကာတိုင်းသူပြည်သားလူအများတို့အားလည်း (သရဏဂုံသုံးပါး) ဂါထာတော်ကို အမြဲမပြတ် ရွတ်ဆိုစေကြလျက် – ညီတော် နောင်ရင်း နှစ်ပါးမင်း တို့သည် မင်းကျင့်တရားနှင့် ညီညွတ်စွာ အုပ်စိုးကြလေလျှင် ဗန္ဓဝတိုင်းပြည်တော်ကြီးမှာ တနေ့တခြား စည်ကားလျက် (နှလုံးမွေ့လျော်) ပျော်ဘွယ်ရာ ကောင်းသော မြို့တော်ကြီး ဖြစ်လာလေလျှင် ၎င်းကို အစွဲပြု၍ (ရမ္မဝတီမြို့တော်) ဟူ၍ ၎င်းအချိန်က သမုတ်ခဲ့ဘူးသည်ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com

# ညီတော် နောင်ရင်း စိုးစံခြင်း

ထိုကဲ့သို့ ညီတော် နောင်ရင်း နှစ်ပါးသော မင်းတို့သည် မင်းကျင့်တရားနှင့် ညီညွတ်စွာ၊ စိုးစံ အုပ်ချုပ်ကြလေလျှင် တိုင်းသူပြည်သား လူအများတို့သည် စားဝတ်နေရေး မှစ၍ဝပြော သာယာလျက် ရှိကြသဖြင့် မဟာဗန္ဓုဝ မင်းအားငှင်း၊ သုဗန္ဓုဝ မင်းသားအားငှင်း ဘုန်းသမ္ဘာတော် ကြီးမား၍သက်တော် ရာကျော်ရှည် ပါစေဟု ဆုပတ္ထနာ ချွေကြလျက်၊ လက်ဆောင်ပဏ္ဏာမြောက်မြားစွာ နှင့် တကွ သမီးကညာများပါ ဆက်သကြပြီးလျှင် ဘဝါးခြေအောက် ဝင်ရောက်တိုးလျှိုးပြီး အမျိုးမျိုးသော ရာထူးဌာနန္တရများ ခံယူ ကြလေသော် ငှင်းတို့၏ ဒေသအလိုက် အရည်အချင်း အားလျော်စွာ ဆုလာဘ်ကံကျွေး–ကျေးလက်ပြည်စိုး–ဝန်သတိုးနှင့် မြို့စား၊ ရွာစား၊ နယ်ပယ်စား–သမားဟူးဝါး ပညာအားလျော်ကန် သံတော်ဆင့်နာ ခံတော်– ပျော်တော်ဆက်–စာရေးစာချီ–အလီလီသောရာထူး တိုးမြှင့်ရသဖြင့် ငှင်းမင်း တို့တွင် မောင်းမပေါင်းထောင်သောင်းမက ပေါ်များလှ၏။ မှူးမတ် ပေါင်းလည်း ထောင်သောင်း များစွာ ခြံရံလျက် ရှိ၏။ စစ်သည်တော်ပေါင်း သန်းပေါင်းများစွာ ရှိလေ၏။ ကျေးရွာပြည် စိုး ဝန်သတိုး စသော အခြားရာထူးရာခံတို့သည်လည်း တိုင်းပြည်အနှံ့ အပြား ဂဏန်းချ၍ မပြသာအောင် ပေါ်များ လှလေ၏။





# အမျိုးသမီး မောင်းမ ဆက်သကြ

ဤကဲ့သို့ များလှသောင်းသောင်း ရုံရွှေတော် အပေါင်းတို့တွင်း ထူးကဲ လှစွာသော ဗန္ဓုဝမြို့တော်မှ ခရီးဝေးကွာသော ရွာကြီးတရွာမှ မိန်းမချော မိန်းမလှ အမျိုးသမီးမောင်းမ တထောင်ဆက်သခြင်းကို ခံယူရသဖြင့် (မောင်မတထောင်ရွာ) ဟု သမုတ်ခြင်း ခံယူရလေ သတည်း။

# ပြူမင်း - ပြုံးမင်း - ဘွဲ့ရခြင်း

ထိုကဲ့သို့ မောင်မ၊ မိသံ ခြွေရံသင်းပင်း များလှခြင်းကြောင့်၊ မဟာဗန္ဓုဝမင်းနှင့် အိမ်ရှေ့ဥပရာဇာ သုဗန္ဓုမင်းသားတို့မှာ ရမ္မသုဘ၊ သုရမ္မဟု နန်းသုံးဆောင် တပြောင်းပြောင်း တဝင်းဝင်း၊ ဇမ္ဗူကျွန်းတွင်း သတင်းပြန့်ကြ၊ စိုးစံတော်မူကြစဉ် ရတနာမိုး သုံးကြိမ် ရွာသည်ဟူ၏။

မိုးလအခါ ဝဿန္တာတွင် မိုးမရွာ၍ ပြည်သူ သတ္တဝါရေစာမဝ– ဖြစ်ခဲ့ ကြလျှင်–မဟာဗန္ဓုဝမင်းနှင့်အိမ်ရှေ့ဥပရာဇာသုဗန္ဓုဝ မင်းတို့သည် ရွှေနန်းတော် လေသာပြူတင်းမှ မျက်နှာတော်များ ထွက်ပြူကာ၊ ကောင်းကင် သို့ ကြည့်မျှော်လျှင် တိမ်မှင် ရစ်သိုင်း အုံမှိုင်းချုံးထစ်၊ လျှပ်စစ်တဝင်းဝင်း ဖြင့်–နတ်မင်းပဇ္ဇုန်၊ ဝဿာဘုံမှ– အမှုံ့ဆော်ဟီး နတ်စည်တီး၍ မိုးကြီးသည်း ထန်စွာ ရွာသွန်း လာရလေသတည်း။ သည်ထန်းလှစွာ မိုးများရွာလည်း မင်းကြီး နောင်ညီ၊ ထွက်တော်မူ၍၊ မိုးကို ကြည့်မျှော် ပြုံးတော်မူလိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com




ရုပ်တော်မှူ ဘုရား



ဝိဋ္ဋာဂူဘုရား

# ဖိုလ်ဝင်တောင်တော်မြတ်သမိုင်း
# အထ္ထုပ္ပတ္တိ

ကံဝင်း-စီစဥ်ပူဇော်သည်



www.burmeseclassic.com

www.burmeseclassic.com



သည်းထန်စွာ ရွာသွန်းသော မိုးရေမိုးပေါက်တို့သည် ခမ်းခြောက်ရပ်စဲ မရွာဘဲ နေရလေသည်။ ဤကိုရည်၍ မဟာဗန္ဓုဝမင်းနှင့် အိမ်ရှေ့ဥပရာဇာ သုဗန္ဓုဝမင်းတို့ကို (ပြူမင်း–ပြူးမင်း) ဟု ခေါ်ဝေါ် သမုတ်ကြရ ပြန်လေ၏ဟူလို။

## ကိုးပါးအံ့ဖွယ် မြို့ဗန္ဓုဝ

၁။ ပဒေသာ–ထန်းပင်မြင့်ရယ်က ခါမလင့် ထွက်ပေါ်လာ ထန်းနို့ နှစ်မှာ၊ ချိုမြက်ကယ် အရသာ နှင့် ရေသီတာနှစ်သွယ်ဆင်းတယ် အေးကြည် သန့်ရှင်း။

၂။ မွှင့်လျှော်ဖြူတဝက်ဆန်းပါလို့–တခြမ်းရယ်လာပေါ်လာ–ပန်းမြတ်စကားဝါ၊ ငုံဖူးလွှာ မွှင့်ဝတ်လေယူပါလို့–ကြေအညာ ကြိုင်ကြိုင်သင်းတယ်– ကိုမြို့နယ်တွင်း။

၃။ သရက်ဖြူ ပင်နက်ကယ်က–ကိုင်းခယ်မ ကိုးသွယ်ဖြာ ဖူးညွှန့် ဝေဆာ၊ သီးမှည့်ကာ–ချိုမျက် အရသာနှင့်ဗန္ဓရာ ပုံယူသွင်း တယ်–နှုန်းဘက် ကုတင်း။

၄။ မြို့လကျာ အောင်မြေချက်မှာလ–ကုန်းပေါ်ထက်လွန်သာယာ– စီးပေါ် ထွက်လာ–ဝသန္တာကွယ်ပျောက်တယ် လွန်သာယာလို့– ပထဗျာ ဘူမိန် ကျင်းတယ် လွှမ်းဘွဲ့သာခင်း။

၅။ အေး–ချ–ငန်–ပူရေစပ်ပါလို့–ရေလေးရပ် ယှဉ်ပြိုင်ကာ– စီးပေါ်ထွက် လာ၊ အင်သုံးဖြာဥတု လျော်ချိန်ခါမို့ ဝေနေယျာ မှီခိုတင်းရတယ်၊ ဘေးရန်ပျောက်ကင်း။





၆။ မဏ္ဍလာ၊ ကူန္တမျှားရယ်လို့၊ မောင့်စကားအိုင်နှစ်ထွေ–စီးပေါ် ထွက်ရေ–ဆင်းရွှေငွေ–ဘီလားစုံ မောင်နှ မေ တို့–ပန်စတေ ကိုယ်ရောင်းလင်း တယ်–မြူကြနှစ်တွင်း။

၇။ တူရိယာ ငါးမည်အုပ်ပါလို့–တီးမှုတ်ကြမြို့ပတ်ရံ–သံမြိမ့် မြိမ့်ညံ၊ မဆိတ်ညံ့ သုတဝေယံက ရွှေဟန်သူ ယဉ်ကြော့ရှင်းတယ်၊ ကြားရလက်ငင်း။

၈။ မြတ်နန်းစံ နွယ်သတိုးရယ်က ထက်မိုးဘုံ အာကာ– လှမ်းမျှော်ရရှာ– ထက်မိုးပိုင် ဒေဝတာတို့–မနေသာ အမွှုကျင်း တယ် ကြိုးရွှာလိုက်မင်း။

၉။ ပြူရာဇာ နန်းစံတက်ပါလို၊ ထိုးသုံးချက် ပြည့်ဟန်မှာ ဘုန်းကြောင့်ပေါ် လာ–နောင်မဟာ ပြူတင်းပြူခါ နှင့် နေသူရိန် ချာချာလှဲ့တယ်–လင်းပြီ ကွဲ့လေး။

မှတ်ချက်။ ။ ၎င်းသရက်သီးကို သုံးဆောင် စားသုံးကြသော သက်ကြီး ရွယ်အိုးများဖြစ်ကြသော မင်း မိဖုရား မောင်းမ၊ မိသံတို့မှာ အသက် (၁၄) နှစ် (၁၅) နှစ်အရွယ်ကဲ့သို့–နုပျိုစိုပြေ– ကိုယ်နေတင့်တယ်–ရှုချင့် စဖွယ် ဖြစ်ရခြင်းမှာလည်း အံ့သြဘွယ် တပါးပါပေတည်း။

## ခေါ်ဝေါ်ခုတိုင် နဂါးလူးအိုင်

ဤကဲ့သို့ အံ့ကိုးပါးနှင့် ပြည့်စုံလျက်ရှိသော ဗန္ဓုဝနေပြည် တော်ကြီးမှာ နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ကောင်းလှသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



(ရမ္မဝတီမြို့)ဟု ထပ်ဆင့် ၍ ခေါ်ဝေါ်သမုတ်ကြရသော မြို့တော်ကြီးကို စိုးစံတော်မူကြသော မဟာဗန္ဓုဝမင်း သုဗန္ဓုဝမင်းဟူ၍၎င်း၊ ပြုမင်း၊ ပြုံးမင်း ဟူ၍၎င်း ထပ်ဆင့်၍ ဘွဲ့တော်အမည်လင်းကြသော ညီနောင်ရင်း နှစ်ပါးတို့ ဘုန်းတန်ခိုးအာနုဘော် ကြီးမြင့်မြတ်လှသဖြင့် လူမင်းဘုန်းကြီး နတ်မင်း မနေသာ သောကြောင့် အရပ်တခြား တိုင်းတပါး ရန်သူများမဖျက်ဆီး မညှဉ်းပန်းနိုင်ရန် လာရောက် စောင့်ရှောက်ကြရလေ၏။ ၎င်းနတ်များ စောင့်ရှောက်ရသည်မှာ ထင်းရှားသည်ကား ဘောဂဝတီ နဂါးပြည်မှ ရေနတ်နဂါးများ ဖြစ်ကြလေသည်။ ထင်ရှားသည်ကား ယခုတိုင် ၎င်းမြို့ဟောင်း၏ အနီးပတ်ဝန်းကျင်တွင် ထိုစဉ်အခါက နဂါးများ ပျော်မြူးကြသော ရေအိုင်သည် ယခုအခါ (နဂါးလူးအိုင်)ဟု ခေါ်တွင် ကြလေ၏။

ဤသို့ ဘုန်းတန်ခိုး အာနုဘော်ကြီးမြတ်တော် မူကြသော ပြုဗန္ဓုဝမင်း ညီတော်နောင်ရင်း နှစ်ပါးတို့၏ သတင်းကိုကြား သိကြရသော တိုင်းနိုင်ငံတို့မှာ အသီးသီးသော မင်းတို့သည် လက်ဆောင်ပဏ္ဏာအမျိုးမျိုးနှင့်တကွ သဝဏ်လွှာများ ဆက်သွင်းကြ၍ မဟာမိတ်ဆက်ကြလေ၏။ ယင်းသို့ မဟာ မိတ်ဆက်ကြသော မင်းများအနက်–အိမ်နီးချင်း တိုင်းပြည်ဖြစ်သော ပေါက္ကံတိုင်းနိုင်ငံမှ အနော်ရထာ မင်းမြတ်သည် အထက်၌ ဖော်ပြခဲ့ပြီးသော သဝဏ်လွှာတော်ကို ဆက်သွင်းရသဖြင့် ရရှိလေသော် ဗန္ဓုဝပြည်ရှင် မဟာဗန္ဓုဝမင်းကြီးသည် ရွှင်လန်းနှစ်သိမ့် တစိမ့်စိမ့်သော ပီတိဖြစ် တော်မူ၍ ကိုယ်တော်တိုင် ကြွချီတော်မူလိုသော ဇောစိတ္တုပ္ပါဒ်နှင့် နန်းလျာကိုယ် စားညီဘွား သုဗန္ဓုဝ မင်းသားအား ထားတော်မူပြီးလျှင်





ရဲမက်ဗိုလ်ပါ အလုံး အရင်းနှင့် မင်းချင်းယောကျာ်း မြောက်မြားစွာ သော မှူးတော်မက်တော် မိဖုရား ရံရွေတော်ခြံရံလျက် ဆင်ယာဉ်၊ မြင်းယာဉ်၊ လှည်းယာဉ်တို့ဖြင့် ခရီးနှင်ကာ၊ ခြိမ့်ခြိမ့်ညီးမျှ ချီတက်ခဲ့လေရာ ရောဝတီမြစ်နှင့် သလ္လာဝတီ ဖြစ်တို့ ဆုံရာ မိဖုရားကြီး၏ ရွာသို့ရောက်လျှင်၊ ၎င်းနယ်ပယ်မှ ကျေးရွာ ပြည်စိုး–ဝန်သတိုးတို့ ဆောက်လုပ်ကြသော မင်းကြငှန်း ကြိုတော်နန်း၌ စံမြန်းပြီးကာ ဘုရင်အနော်ရထား မင်းမြတ်ထံ သဝဏ်လွှာ ဆက်သွင်း လိုက်လေသတည်း။

ထိုအခါ ပေါက္ကံပြည်ကြီးရှင် ဘုရင်အနော်ရထားမင်းသည် ရွှေနှုလုံးတော် ကြည်ရွှင်ပြုံးလျက်–ဘုန်းတန်ခိုးကြီးမားလှပေသော အကြည်တော်မင်းအား လှေတော် ဖောင်တော်ပေါင်းထောင်သောင်း များစွာနှင့် မြစ်ဆုံရာဒေသသို့ ဆန်တက်တော်မူ၍ ကြိုဆိုပွဲ ဆင်နွှဲကာ ပေါက္ကံပြည်သို့ စုန်ဆင်းတော်မူခဲ့ရာ မြစ်တွင်းနှင့် ကမ်းနားတို့မှာ ကြက်ပျံမကျ စည်ကားလှလေ၏။

## တန်ခိုးတော်စုံ ရွှေစည်းခုံ

ဤကဲ့သို့ မြစ်ရော နဒီတွင်းမှ စုန်ဆင်းခဲ့ရာမှ ပေါက္ကံပြည်သို့ ရောက်လေသော် ဘုရင်အနော်ရထာသည် ကောင်းစွာ စီရင်ဆောက် လုပ်၍ ထားတော်မူသော မင်းတဲ့နန်းတော်ပေါ်၌ စံတော်မူလျက် မင်းနှစ်ပါးတို့သည် ရာဇ၊ သတိ၊ အစရှိသောစကားမျိုးတို့ကို ဆွေးနွေး သာယာစွာ အလ္လာပ သလ္လာပ ပြောဆိုပြီးနောက် မဟာကုသိုလ်တော်

www.burmeseclassic.com

အမျိုးမျိုး–ပုတိုးဘုရား ခါတ်တော်များကို တည်ထားကိုးကွယ်တော်မူရာ သရီရဓါတ် မွေတော်ကြီးသို့ မပြတ်ပူဇော်၍ ကြည်ညိုတော်မူလျက် ခုနှစ်ရက်မျှစံတော်မူပြီး၍ သာဓုအနုမောဒနာ ခေါ်တော်မူပြီးလျှင် မဟာဗန္ဓုဝမင်းသည် ပေါက္ကံပြည်မှ ဗန္ဓဝပြည်သို့ ဆန်တက်၍ ရွှေစက်ကြာ ဖြန့်တော်မူလေသတည်း။

## သာသနာ့ ငါးထောင် ကြာမြင့်အောင်

ဤသို့ အနော်ရထာဘုရင်၏ ချောစဉ်လှေတော်၊ ဖောင်တော်ရဲမတ် ဗိုလ်ပါ ဝန်းရံလျက် ဆန်တက်တော်မူခဲ့ရာ၊ မြစ်ဆုံရာဒေသ မိဘုရားရွာ၊ ဂါမသို့ ရောက်၍ မဟာဗန္ဓုဝမင်းကြီး စိတ်အကြံတော်ဖြစ်သည်မှာ–ပေါက္ကံ အနော်ရထ မင်းရာဇာသည် အုဋ္ဌရိုးကို စေတီတည်သည်မှာ သာသနာ ငါးထောင်ကြာမြင့်အောင် တည်မြဲနိုင်ရန် အကြောင်းမရှိပေ။ ငါသည် ဤသို့ အုဋ္ဌရိုးစေတီမပြုမူ၍ ကျောက်သားအတိကို ရုပ်ထုတော်ထွင်းထု၍ ပြုလုပ် ကိုယ်ကွယ်မည်ဟု စိတ်အကြံဖြစ်သဖြင့် မှူးမတ်အပေါင်းတို့ ခညောင်းဝန်ရံ စေ၍ ညီလာခံရာဌ မိန်သံဗျာဒိတ်တံဆိပ်တော် ခပ်နှိပ်သည်မှာ ငါးမင်းမြတ်၏ ပိုင်ဆိုင်ရာ နိုင်ငံတော်နယ်ပယ် တလျှောက်တွင် မြင်မြင်သမျှ ညို့ညို့ မှောင်မှောင်တောင် ဟူသ၍ ရှာဖွေ စူးစမ်းစေရမည်။ စူးစမ်းရာတွင် ဧရာဝတီမြစ်နှင့် သလ္လာဝတီမြစ် ဆုံရာအရပ်မှ အနောက်မြောက်ဒေါင့် ဒေသတွင် ဝေလွင်မှိုင်းမို့–ညို့ညို့ရီပြာ–နီလာမြသွေး စိမ်းရောင် ပြေးလျက်၊ ကြည်အေး ရွှင်လန်း–ရွှမ်းရွှမ်းအိအိ တောင်ဂီရိကိုလည်း ရောက်အောင်





သွားစေရမည်ဟု–ပညာဗလအမတ်နှင့် ၎င်းအစိုးအနန်း အခမ်းအနားအဆောင်အရွက်အမှုလုပ် (၅၀) တို့ကို ခေါ်ဆောင်၍ လက်နက်ကိရိယာ စုံလင်စွာ ယူဆောင်ကာ အမြန်သွား၍ စုံစမ်းချေဟု မိန့်ခွန်းတော်ချွေတော်မူလေ၏။

## နတ်ပုံတော်သတ်မှတ် တောအထပ်ထပ်

၎င်းနည်းတူ ဧရာဝတီမြစ်၏ လက်ဝဲဘက်တွင်ရှိသော တောင်များကိုလည်း ပညာရှိအမတ်တယောက်နှင့် နောက်လိုက် (၅၀) တို့ကို စုံစမ်းစေ၏။ ဧရာဝတီမြစ်အကြားတွင်ရှိသော တောင်စဉ်တောင်တန်းတို့ကို ကြည့်ရှုစေရန် အမတ်ကာဝိ ပညာရှိတဦး နောက်ပါ (၅၀) တို့နှင့်တကွ စေလွှတ်တော်မူလေ၏။ ယင်းသို့စေလွှတ်ရာ ကျောက်သားပကာတိ တခဲနက်ရှိသော တောင်များတွေ့ရှိက မည်သည့် ခရိုင်ဒေသတွင်းရှိသည်ကို နယ်ပုံတော် သတ်မှတ်၍ ၎င်းအရပ်နှင့် မနီးမဝေးတွင် မြေမျက်နှာပြင် ညီညာလျက် ဆင်မြင်းရေစာ လုံလောက်စွာရှိသော ဒေသတွင် ကျေးရွာ ပြည်စိုး ဝန်သတိုး တို့အား မင်းတဲနန်းဆောက်လုပ်စေရမည်ဟု အမိန့်တော်မှတ်၍ စေလွှတ်ပြီး လျှင် ဘုရင်မဟာဗန္ဓုဝ မင်းမြတ်ရာဇာသည် နေပြည်တော်သို့ မြန်ကြွ ချီးတက်တော်မူလေသတည်း။

## ထိုတောအနောက် တဲနန်းဆောက်

ထိုအခါ ပညာဗလ အမတ်နှင့်၊ နောက်လိုက် (၅၀) တို့သည်



www.burmeseclassic.com

www.burmeseclassic.com

မင်းကြီး အမိန့်တော် ရှိသည့်အတိုင်း မဆိုင်းမတွေ ခဏချက်ချင်း ပုရပိုက်ကန့်ကူ ယူဆောင်၍ သလ္လာဝတီမြစ်သို့ ဆန်တက်ဖြတ်ကူး လျက်–ခရီးလမ်းစဉ် ရေးသားမှတ်ယူပြီးလျှင် ပြည်သူပြည်သား လူအများတို့ ခရီးလမ်းညွှန်ရာ ကို သွားသဖြင့် ပညာဗလအမတ်သည် မြစ်၏ အနီးမှစ၍ လက်ပန်တောင်းတောင် စသော (၃၃) လုံးသော တောင်တို့မှ အစဉ်လျှောက်၍ စူးစမ်း ရှာဖွေကြည့်ရှုခဲ့ရာ (ပိန်ကော မလှော) မှောက်၍ ထားသိသကဲ့သို့ ရှိသော တောင်သို့ ရောက်လေသော် ဘုရင်မင်းမြတ် အမိန့်တော်ရှိသည့်အတိုင်း၊ အမှုထမ်း အပေါင်းတို့နှင့် တောင်ပေါ်တောင်အောက်၊ အစောက်၊ အမြင့်၊ မှန်းချင့် ထောက်ရှုပြီးလျှင် ကျောက်နူ၊ ကျောက်ကောင်း၊ အပေါင်းတခဲနက်၊ တည်လျက်ခန့်ညီ မဏ္ဍိုင်ဗဟိုရ်၊ ရွှေမြင့်မိုရ်သို့ ကြည်ညိုသန့်စင် လွန်စည်ပင်သော အဖြစ်တို့ကို သိမြင်သမျှ မှတ်သားပြီး သကာလ ထိုတောင်၏ အနောက်၊ နှစ်တိုင်ခွဲကွာ ဒေသခရီးတွင်ရှိသော ရွာကြီးတရွာ၏ အနီးတွင် ရေယာဉ်ပတ်လည် ကျွန်းကဲ့သို့ တည်လျက် မြေမျက်နှာ ညီညွတ်သော ဌာနေစခန်းတွင် မင်းတဲနန်းဆောက်ရန် သူကြီးကလန် သံပျင်အမတ်တို့ အား–အမိန့်တော်ထားပြီးလျှင် မဟာဘုရင် ဗန္ဓုဝမင်း၏ နေပြည်တော် ဌာနသို့ပြန်ကြတော့သတည်း။

## ဆင့်ခေါ်လေပြီ ပညာသည်

ထိုသို့ ပြန်ပြီးလျှင် ရောက်ရှိသည်နှင့်တပြိုင်နက် ဗိုလ်ရှုသည် သဘင် အစုံအလင်၌ ပညာဗလအမတ် သံတော်ဦး တင်ဆက်ရာပိတိ





သောမနဿ နှစ်သိမ့်လှသည်ဖြစ်၍ ယနေ့က နောက်ခုနစ်ရက် မြောက်က ကိုယ်တော်တိုင် ကြွမြန်း၍ စုံစမ်းတော်မူမည်။ နိုင်ငံတော် အတွင်း၌ ရှိရှိသမျှ မြို့သူကြီး၊ ကျေးထမ်းသူကြီး၊ ဒိုင်သူကြီး၊ ဒိုင်ခေါင်း၊ ပဲ့နင်း၊ ကင်းအုပ် စသည်တို့အား ၎င်းတို့နှင့်တကွ ၎င်းတို့ဆိုင်ရာ မြို့ရွာ ကျေးလက် အတွင်း၌ ပန်းတဲ့၊ ပန်းတင်း၊ ပန်းထိမ် ပန်းပု၊ ပန်းချီ၊ ပန်းရံ၊ လက်သမား၊ လွှသမား၊ ကျောက်ထု၊ ကျောက်ဆစ်သမားတို့ကို မိမိတို့ သက်ဆိုင်ရာ လက်နက်ကရိယာ စုံလင်စွာ ယူဆောင်ပြီး ခုနစ်ရက်အတွင်း၊ ရွှေမြို့တော်သို့ လာရောက်ကြ စေရန် ဆင့်ဆိုစေဟု အမိန့်တော်မြွက် မှတ်တော်မူလေ သတည်း။

## ဖြတ်သန်းလွတ်မြောက် ကျွှကြီးရောက်

၎င်းပြင် မည်မျှ မည်မျှ ဂဏန်းချ၍ မပြနိုင်အောင် များပြာသော သက်ဆိုင်ရာ လက်နက်ကိရိယာများ တင်ဆောင်ရန် လှည်းယာဉ်၊ မြင်းယာဉ်၊ ဆင်ယာဉ်တို့နှင့်တကွ နွားဝန်တင်လားဝန်တင် တို့ပါ ဆင့်ခေါ်စေပြီးလျှင် တောင်ကြီးကမြို့လမ်းအိုက ပြင်၊ ချောက်နက်ကဖို့ တောကြီးက ခုတ်ထွင် လမ်းပြင်ရန် စီမံခန့်ခွဲတော်မူပြီး ဆိုင်ရာ လမိုင်း ဒိုင်း အစုအဝေးတို့က ဝေးနီးမြို့ရွာများသို့ အာဏာ စာချွန်နတော် ကမ်းလှမ်း၍ စခန်းစဉ် ပြင်ဆင် သန့်ရှင်းလျက်– မင်းတဲနန်းတော်များဆောက်လုပ် ရှိနှင့်စေရန် မြို့ကွပ်–ရွာအုပ် အစရှိသော သူကြီးကလန် သံပျင်အပေါင်းတို့ကို ဆင့်ဆိုစေဟု



www.burmeseclassic.com

www.burmeseclassic.com



စေလွှတ်ပြီးလျှင် အမှုထမ်းတို့၏ စားနပ်ရိက္ခာ ဆင်စား၊ မြင်းစာများပါ စုံလင်စွာ စီမံလျက် ဗန္ဓုဝနေပြည်တော်ကြီးမှ နန်းတော်မှာ ကိုယ်စားမယ်တော် ကြီးအား လွှဲအပ်တော်မူပြီးလျှင် နောင်တော် မဟာဗန္ဓုဝမင်း နှင့် ညီတော် သုဗန္ဓုဝမင်းတို့သည် မိဖုရား မောင်းမ၊ မိဿံ ရံရွေတော် ကိုယ်လုပ်တော် အပေါင်းနှင့်တကွ၊ ဗိုလ်ပါသူရဲ-စက်ကဲမှူးသင်း၊ မှူးကြီးမတ်ရာ သေနင်္ဂ နှင့် ဗျူဟာသကမ္မ ငန်းရံခလျက် –ပညာဗလအမတ်နှင့်တကွ၊ ငါးဆယ်သော အမျိုးတို့ရှေ့သွားပြုရာကိုသာ တပ်တော်ချီတက်ပြီး၊ အသီးသီးသော ရွာကြီး ရွာငယ် အနယ်နယ်မှ တင့်တယ် ခမ်းနားစွာဖြင့် ဆောက်လုပ်ကြိုဆိုကြသော ယာယီနန်းများသို့ စံပြန်တော်မူပြီးလျှင် ဆိုင်ရာဆိုင်ရာ လက်ဆောင် ပဏ္ဏာများ ခံတော်မူ၍ ခရီးအစဉ်ဖြင့် ရွှေထီးဖွင့်တော်မူရာ မြို့ပြ ပြည်ရွာ သေလာတောင်တန်း ဖြတ်သန်းလွှတ်မြောက် သလ္လာဝတီမြစ် ကွေ့ကြီးသို့ တပ်တော်ဦး ဆိုက်ရောက်တော်မူလေသည်။

## သကြားဖန်ဆင်း တံတားခင်း

ထိုမြစ်ကွေ့ကြီးမှာ ရေအဟုန် ပြင်လှဖြင့် ကူးဆင်းခြင်းငှာ လွန်စွာခဲယဉ်းလှသောကြောင့် အောင်နားသို့ ရွှေ့ကူးရန် ကြံစည်တော်ကမ္ဘာယံ အလွန်ကြီးလှ၍ ၎င်းတွင် တပ်စွဲလျက် ကွန်ထောက်နန်းနှင့်စခန်းချတော် မူသဖြင့် ထိုဒေသကို ရွှေ့ကူးကမ်းယံဟုခေါ်၏

ထိုသို့ စခန်းချ၍ နေတော်မူစဉ်ပညာဗလအမတ် သံတော်ဦးတင်သည်မှာ ဘုရားကျွန်တော်မျိုးသည် ဘုရင့်အမိန့်တော်နှင့် နယ်ပုံတော်ယူရန် နိုင်ငံတော်လှည့်ရာ ထိုမည်သော တောင်၏ အခြေရာဖွေစုံစမ်းစဉ်အခါ ဆင်းလုံး မြင်းလုံးမပါ အညတြသာ ဖြစ်ပါ၍ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ လှေငယ်တစင်းနှင့် ချက်ချင်းကူးရောက်နိုင်ပါသည်၊ ယခု ဘုရင်မင်းမြတ် ကြီး ချီတက်တော်မူသည်မှာ မည်၍မည်မျှ ရေတွက်ခြင်း ငှာမရ၊ ခေါပဏီ ပမာဏရှိသော ဆင်းလုံး မြင်းရင်းပါလာခြင်းကြောင်း ဤမှာဘက်ကမ်းမှာ ဟိုမှာဘက်ကမ်းသို့ ကူးတော်မူရန် ရွှေဉာဏ်တော်ရှင် ဆင်ခြင်တော် မူပါ မည့်အကြောင်း လျှောက်တင်လေ၏။

ထိုအခါ မဟာဗန္ဓုဝမင်းကြီး အမိန့်စာချွန် စေတော်မူသည်မှာ သလ္လဝတီမြစ် နဖူးရှိ လက်ဝဲ လက်ျာ ရွာစဉ်တံလျှောက် ထက်အောက်ဝေနီး သူကြီး ကလန် သံပျင် ရွာစားတို့ ကြားသိစေရန် ဗန္ဓုဝပြည်ရှင် ဘုရင် မဟာဗန္ဓုဝမင်းသည် တိုင်းနိုင်ငံတော် လှည့်လည်တော်မူရာ ငါ ကိုယ်တော်မြတ်နှင့်တကွ၊ မောင်းမ မိဿ ရွှေရံအပေါင်း မှူးကောင်း မတ်ကောင်း စုဆောင်များစွာ စစ်အင်္ဂါတို့ပါ သလ္လာဝတီမြစ် တဘက်မှ ချီတက်ကူးမြောက် လိုသည်ဖြစ်၍ လှော်လှေ၊ လှော်ကား လှေတော်သားများ အပြန်ပို့ဆက်ရမည်ဟု အမိန့်တော်နှင့် ဆင့်ခေါ်တော်မူသော် ပညာဗလ အမတ်ထပ်ဆင့်၍ သံတော်ဦးတင်သည်မှာ–ခြေလျင်တပ်များမှာ လှေငယ်တက်စင်းနှင့် ကူးဆင်း၍ ဖြစ်သော်လည်း ဆင်တပ် မြင်းတပ် လှည်းယာဉ် တပ်တို့မှာ မလွယ်ကူလှပါ သို့ဖြစ်ပါ၍ သစ်ကြီးဝါကြီးတို့ဖြင့် ကြီးသော တံတားကြီး ဆောက်လုပ်ပါက ဖြစ်နိုင်ရန် အကြောင်း လျှောက်တင်လေ၏။

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၆၀၀၆၁၄၁၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၆၀၀၆၇၆၁၂၁၀ |
| ထုတ်ဝေခြင်း | – | ပထမအကြိမ်(ဇန်နဝါရီလ ၂၀၁၁) |
| ထုတ်ဝေသူ | – | ဦးကျော်ဟင်း(ယုံကြည်ချက်စာပေ)<br>၁၁၁/၃၃ လမ်း၊ ကျောက်တံတား |
| ဒီဇိုင်း | – | ကိုအေးသွင် |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ပုံနှိပ်သူ | – | ဦးအောင်မြင့်သိန်း<br>အင်ကြင်းမြိုင်ပုံနှိပ်တိုက်(မြ–၀၆၃၆၄)<br>အမှတ်(၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိ | – | အိန္ဒြေခင်စာပေ |

ကံဝင်း ၂၉၀.၃၅

ဗိုလ်ဝင်တောင်တော်မြတ်သမိုင်းအတ္ထုပ္ပတ္တိ / ကံဝင်း - ရန်ကုန်၊ ယုံကြည်ချက်စာပေ၊ ၂၀၁၁။

၁၅၀ - စာ၊ ၁၂.၉ × ၂၀.၇ စင်တီ။
(၁) ဗိုလ်ဝင်တောင်တော်မြတ်သမိုင်းအတ္ထုပ္ပတ္တိ


www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မင်းကြီးသည် လက်သမားတော်များ ရှေ့တော်သို့ ခေါ်တော်မူ လေသော် သိကြားမင်းသည် သူဆင်းရဲလက်သမားဟန် ဆောင်၍ ခစားလေပြီး ထိုတံတားကြီး ပြီးစီးဖြစ်မြောက်အောင် ဆောက်လုပ်နိုင်ကြောင်း ဝန်ခံလျက် နေချင်းညချင်းတံတား ဖန်ဆင်း ဆောက်လုပ်ပြီးသဖြင့်– ဆင်၊မြင်း၊လှည်း၊နွား၊လားတို့ကို တံတား ကူးစေ၍ ခြေလျင်တပ်များ လှေငယ်တက်စင်းဖြင့် ကူရလေ၏။ ထိုတံတား ဆောက်လုပ်သော လက်သမားဆုလာဘ်များ ပေးတော်မူလေလျှင်–အကျွန်ုပ်သည် လက်ခကံကြေး မယူလိုပါ၊ အသင်မင်းကြီး ပြုလတံ့သော ကုသိုလ်တော်ကိုသာ အမျှပေးဝေပါ။ သာဓုအနုမော် ခေါ်ရစေ၊ အကျွန်ုပ်ကား လူသားမဟုတ်ပါ၊ သိကြားဖြစ်ပါသည်။ ဤမည်သော တံတားမှာ အနှစ်တရာ တည်အံ့သတည်းဟု ပြောဆိုကာ ကွယ်ပျောက်လေသတည်း။

## ကူးကြည်ညီ ဒိုးစစ်သည်

ဤကဲ့သို့ ဗန္ဓုဝပြည်ကြီးရာဇာ မဟာဗန္ဓုဝမင်းနှင့် ညီတော် သက်လျာ သုဗန္ဓုဝ ဥပရာဇာ တို့သည် လှေတော် အမြောက်အများ လွယ်ကူစွာ ရသဖြင့် ၎င်း–သိကြားမင်းကိုယ်တိုင် တံတားဖန် ဆင်းပေးသဖြင့် ၎င်း၊ စစ်သည် အလုံးအရင်းတို့ပါ သလ္လာဝတီမြစ် လက်ဝဲကမ်းမှ လက်ျာကမ်းသို့ ကူးခပ် ချီတက်တော်မူပြီးလျှင်နေ့နာရီ– ၃–ချက်တီးသဖြင့် ဆက်လက်ချီတက်ရန် အချိန်မသင့်၍ ရှေ့ဝန်း တပ်တော်ဦးသည် ခရီးမည်သို့ ဆိုက်ရောက်လျက် ရှိပြီးနည်းဟု





မေးတော်မူလျှင် ရောင်ဝါထွန်းလင်း ဒေါင်းဖန်ဝါ နေစကြာသည် ဂေါရော နောက်ကျွန်းသို့ သက်ဆင်းရာဒေသဆီမှ မြင်တော်မူရသော တောင်ပုလုကလေး ကျော်သွားကြောင်းတင်လျှောက်လေသော် တပ်တော်ဦး ရောက်ရာတွင်စခန်းချစေရန် မိန့်တော်မူပြီး၊ မင်းကြီး လည်း သလ္လာကမ်းဦးဖြစ် နုဖူးတွင် တပ်စခန်းချတော်မူ၍ စက်တော် ခေါ်လေ၏။

## ခရီးအစဉ် ဥဒါန်းတင်

ထိုတပ်စခန်းချရာ ညတွင် မိုးအလွန်ရွာသဖြင့် လက်ပန်တောင် ပေါ်မှ ကျဆင်းလာသော မိုးရေးများကို လက်ဖြင့် ဆည်ပိတ်ကြရာ ကန်ငယ်တခု ဖြစ်၍ နွားချီသော နေရာအနီးတွင်ရှိသော တောင်ကို (နွားချီတောင်)ဟု ခေါ်ကြ၏။ ရှေ့ဝန်းတော်ဖြစ်သော လှည်းယာဉ် တပ်များ တောင်ပုလု ကျော် သွားသည် ကိုတောင်ပုလု ကျော်သွား စခန်းဟုခေါ်၏။ ယခုအခါ ၎င်းနေ ရာတွင် ရွာတည်နေကြရာ (တောင်ပုလုရွာ) (ကျော်ရွာ) ဟူ၏။

## အိပ်မက်တော်ပေး ကုသိုလ်ရေး

ထိုသို့ တပ်စခန်းချ၍ စက်တော်ခေါ်ရာ သာသနာတော်စောင့် နတ်ဟူ၍ ၎င်း၊ ဗိုလ်ဝင်တောင်ကို စောင့်သော ဂန္ဓဗ္ဗနတ်လည်းဟူ၍ ၎င်းနတ်သည် မဟာဗန္ဓုဝမင်းကြီးအား ထင်ရှားစွာပြောကြားသည့်



www.burmeseclassic.com

www.burmeseclassic.com

နိမိတ်ဖြင့် အိပ်မက် မြင်တော်မူသည်မှာ သမ္မာသမ္ဗုဒ္ဓ သုံးလူထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားကိုယ်တော်မြတ်သည် သက်တော်ထင်ရှား ရှိတော်မူစဉ်ကမဇ္ဈိမဒေသမှ ဖွဲ့ခဲ့၍ ရဟန္တာ ငါးရာနှင့်တကွ ဒေသစာရီ ကြွချီတော်မူလာပြီးလျှင်၊ ဤတောင်ထက်တွင် ဖလသမာပတ် ဝင်စားတော်မူရာ ၎င်းသမာပတ်မှ ထတော်မူသကာလ ဤတောင် သည် ငါ၏သာသနာတော် တထောင်ကျော်တွင် ရှေးဦးစွာ ပြူပန္တဝမင်းဟူ၍၎င်း၊ ပြူမင်း ပြူးမင်း နှစ်မည်လင်းသည့် မဟာ ပန္တဝမင်းနှင့် သုဗန္ဓာမင်းသား ညီတော် နောင်ရင်း နှစ်ပါးမင်းတို့သည်၊ မှူးမတ်ဗိုလ်ပါအများနှင့်တကွ ချီတက်လာ၍ ငါဘုရား၏ ဓာတ်တော် မွေသရီ ကိန်းဝပ်မှီရန် ကိုယ်စားတော် ရုပ်ပွားတော် များစွာတည် ထားကိုးကွယ်လိမ့် မည်ဟု ရဟန္တာငါးရာတို့အား ဗျာဒိတ်စကား ဟောကြားတော်မူခဲ့သည်ဟု စေ့ငုစုံလင်စွာ ဘုရင်မင်းမြတ် အိပ်မက်မြင်တော်မူလျှင်ပင် ရွှင်ပြုံးကြည်လင် တိမ်စင်ကင်းပ ပန္နရ–တီထီ ပြည့်ညီသော စန္ဒာရွှေလမင်းကဲ့သို့ထွန်းလင်း သာယာစွာသော မျက်နှာတော်ဖြင့် စက်ရာမှ ထတော်မူပြီးလျှင် ငါသည် ရာဇဟိန္ဒက အညတြမင်းမဟုတ် မြတ်စွာဘုရား၏ ဗျာဒိတ်စကားအတွင်း၌ အကျုံးဝင်သော မင်းတပါးဖြစ်ပေသည်ဟု–ညီတော် သုဗန္ဓမင်းနှင့် တကွ မောင်မ၊ မိဿံ ချွေရံ သင်းပင်း – ပင်းပရိတ်သတ် မှူး မတ် သေနာပတိ ကဝိ ပုရောဟိတ် တို့ကို အိပ်မက် အကြောင်းကို မိန့်တော်မူပြီးလျှင် ယခု ချက်ချင်း ညဥ့်တွင်းချင်း ချီးတက်တော်မူမည်၊ မီးရှူးမီးပန်းတို့ကို ညှိထွန်း စေလျက် တော်ကြီးက ခုတ်ထွင်၍ လမ်းပြင်ရန် ကျေးရွာ ပြည်စိုး ဝန်သတိုးနှင့် ၎င်းတို့အစိုးအငန်းများကို





ရှေ့တန်းက ထွက်စေ၍ ဓား ခက်ရင်း တူရွင်း ပေါက်တူး ပေါက်ပြားများ တင်ဆောင်သော လှည်းယာဉ်တို့ပါ တပါတည်း လိုက်စေ၍ ဆင်တပ်–မြင်းတပ် ဝန်ရံပတ်လျက် ချီတက်တော် မူရန် သကဋမျှူးဟာ ကျင်းရာတွင် ရှေ့ဝန်းတော်မှူးတို့က တပ်ဦးမှ ဝါတန်းကိုင် လျက် အချက်ပြ ပြင်ဆင်လေသည်၊ ဤသို့ ဝါးတန်ရာဒေသတွင် ယခုအခါ လူနေရွာများတည်ရှိပြီး (ဝါတန်ရွာ)ဟု ယခုတိုင် ခေါ်လျက် ရှိလေသတည်း။

## ဖောင်ကား-တည်ပင်-ဗျူဂွတွင်

ဤသို့ ညဥ့်တွင်းချင်း စစ်အင်္ဂါလေးပါး ခင်း၍ ချီတက်ရာတွင် သန်းခေါင်းယံ လေချိုသွေး၍ ဘုရင်မင်းမြတ်နှင့် မိဖုရားတို့အအေးဒဏ် မခံနိုင်သဖြင့် လှည်းယာဉ်တော်များကို ပေါင်းကာ၍ ပေးရလေ၏။ ၎င်းပေါင်းကာ၍ ပေးရသော အရပ်တွင် ယခုအခါ လူနေရွာများ တည်ဆောက် နေသဖြင့် ပေါင်းကာရွာ (ဖေါင်းခါးရွာ)ဟုခေါ်လေ၏။ ထိုမှတဖန် ရထား– မြင်း–ဆင်–ခြေလျင်–သူရဲ–သူခက်–ရဲမက် ဗိုလ်ပါ အလုံးအရင်းနှင့် တကွ တောတန်းမြို့အောက် ခင်တန်း လျှောက်၍ ချီးတက်ခဲ့ရာ ခရီးအတော်အကွာ တွင် သစ်ပင်ပိတ်ပေါင်၊ နွယ်လက်မောင်းနှင့်ချောင်း မြောင်းကမ္ဘားယံ ရှေ့ မှခံသော်၊ အမြန်လာကြ ခုတ်ထွင်ရအောင် ဓားမပါလား မေးစကားကြောင့် ဤကားဒေသာ ဤနေရာတွင် ရှည်ကြားကာလ နောင်သမယ၌ (ဓမ္မပါလ) ရွာနာမဟု ခေါ်ကြလေ၏။ တဝဝတို့ပြင် သစ်ပင်ဝေါ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆီးသဖြင့် သစ်ပင်ခံဟု ခေါ်စမှတ်ပြု၍ ယခုအခါ ဤဒေသတွင် ခေါ်ပြန်တခါ (တယ်ပင်ကံ) ရွာလည်းဟူ၏ ဝံ–အောင်း–သစ်–ကျား အလွန်ပေါ်များ၍ ရှေးစကား တချက် နောက်မပျက်ရအောင် (ဗျူဟ) ရွာ ဟုခေါ်ကြဘူး၏

## တဖန်ချီတက် ရွာစဉ်ဆက်

ဤသို့ ခရီးစဉ်မပျက် ရှေ့သို့တဖန်ချီတက်ခဲ့ပြန်သော်၊ ကုန်–ခင်–ချောက်ကြား၊ လွန်ပေါ်များလျက်၊ အဆင်းအတက် အလွန်ခက်သဖြင့် မီးရှူး မီးပန်းများထွန်းလျက် လမ်းစောင်း ချောင်းကျင်း၊ ကောင်းကောင်းဆင်းဟု၊ အဆင့်ဆင့် ဟစ်အော်ချီးတက်ရလေသော်၊ နောင်သောကာလ၊ ရှည်ကြာလှ၍ စကားရွေ့လျာ၊ လူအများတို့ ခုကာဒေသာ၊ ပြောင်းလှစ် ခေါ်ကာ (ကောင်းဆင့်ရွာ) ဟူ၍ ထိုမှတလျှောက် ရှေ့သို့လျှောက်ကမကြီးကျယ်၊ ရိုးချောင်းငယ်တွင်၊ တသွယခရီး၊ ရောက်လုနီးမှာ မိဖုရားခမျာ၊ လှည်းတောက် ရာ၍ တဖြားဟူးရား၊ ဆေးသမားနှင့်ကုကြားပြီးခါ၊ ပျောက်ကင်းကွာမှ၊ ထိုဒေသကို လှည်းတောက်ကုဟု၊ သမုတိတဖန် တွင်ခဲ့ပြန်၏။ ရွေ့လျှော စကား၊ ခုကားအထူး (လက်တောင်ကူး)တဲ့၊ ရှင်မြူကြည်သာ၊ ဤမှခွာ၍ သာယာစည်ပင်၊ မြေအပြင်တွင်၊ ဝေလွင်စခန်း၊ မင်းနန်းကွမ်းထောက်၊ ကြိုတော်ရောက်လျှင်၊ ရှေ့ဝင်တော်လှည်း၊ ချောင်းကိုကူး၍၊ တယ်ဦးတော် လွန်၊ ခရီးကျွန်သော်၊ ဤတွင်အထူး (လှည်းချောင်းကူး)ဟု ဥဒါန်းအမည်





တွင်း ရစ်လေသည်၊ မင်းကြီးဗန္ဓုဝနှင့်တပ်မနောက်ဝင်၊ ကြိုတော်ဝန်များ၊ ရှေ့သွားပြုပြီး ခရီးတထောက်၊ ရှေ့သို့ လျှောက်က၊ တဲနန်းကွမ်းထောက်၊ ဤတွင်ရောက်၏။ နောက်မှတဖန် လှည်းတပ်လွန်သည်ကို ပြန်လည်ခေါက်၍၊ မင်းတဲနန်းသို့ ရောက်လ၏။ လှည်းတပ်လည်၍ ခေါက်ရာသို့ (လှည်းခေါက်)လည်းဟူ၏၊ တပ်ဦးလည်၍ ခေါက်ရာကို (လည်းခေါက်)လည်းဟူ၏၊ ယခုစကား ရွေ့လျော၍ (လည်းငေါက်) ဟု ခေါ်လျက် ယခုတိုင် ထင်ရှားစွာရှိ၏။

## ခေတ္တစံရာ - တပ်တဲရွာ

ထိုအချိန်အခါ ရောင်ဝါနေဝန်း ပေါ်ထွက်ထွန်းလျက် နံနက်ခင်းအချိန်တွင် ယခု(လည်ငေါက်) ရွာကြီး၏ အရှေ့ဘူးရှူးမြေမျက်နှာ ပြန့်ပြူးလျက်၊ ရောဥ်ပတ်လည် ကျုံးကဲ့သို့ တည်လျက်ရှိသော ရွာကြီး၏ အနီးတွင် ပြည်စိုးများ ဆောက်လုပ်၍ ထားသော မင်းတဲနန်းသို့ ရောက်သောကာလ အသီးသီး တပ်တို့ တည်းခိုနေရာ အဖြာဖြာနှင့် ဆင်စား၊ မြင်းစား၊ ပြည့်စုံပေ၏။ မှိုင်းမှိုင်း ညို့ညို့၊ မှို့မှို့မောက်မောက်၊ ပိန်းကောမ လေမှောက်သကဲ့သို့ရှိသော တောင်တော်ကြီးနှင့်၊ ခရီးအတန်ကွာသဖြင့်၊ စည်ကြီးပမာ၊ ညီလှစွာသော၊ မျက်နှာအသွင်၊ မြေအပြင်နှင့်တောင်လျှင်ခရီး၊ မနီးမဝေးသောဌာနတွင် ရွှေ ပြောင်း၍ စခန်းချတပ်စွဲတော်မူမည်၊ ဆင်စား၊ မြင်းစား ရိက္ခာအလံအလောက် နှင့်တကွ စံနန်းဖြင့် အဆန်းတကြယ် တင့်တယ်ကမန်း ရှုမခန်းအောင် ဆောက်လုပ်ဖန်းဆင်းတကြယ် တင့်တယ်ကမန်း ရှုမခန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ် ဖန်ဆင်းတော်မူရမည်ဟု အမိန့်တော်တရပ်ထပ်မံ၍ မှတ်တော်မူပြီးလျှင် ထိုတပ်တည်လျက်ရှိသော စခန်းဟောင်းတွင်ပင် ဘုရင်မင်းမြတ် ဆိုင်းငံ့တော်မူလျက် တရက်တည ခေတ္တစံမြန်း၍ တပ်စခန်း ရပ်နားတော်မူ လေသတည်း။

ဤသို့ တရက်တည စံမြန်း၍ တပ်စခန်းရပ်နားတော်မူပြီး နောက်တနေ့ နံနက်တွင် အထောက်တော်ဝန်တို့ သဝဏ်လွှာတော် ဆက်သွင်းသဖြင့် မင်းတဲနန်း ပြီးကြောင်း သိလေသော် ခေတ္တမျှရပ်စဲ၍ တပ်တဲသော စခန်းဟောင်းမှ မင်းကြီးသည် တုံ့ပြန်၍ တောင်ခြေအနီး စခန်းသစ်ဖြစ်သော မင်းတဲနန်းကြီးသို့ ကြွမြန်းတော်မူလေ၏။

မင်းကြီးခေတ္တမျှ ရပ်စဲ၍ တပ်တဲသောဒေတွင် နောင်အခါ၌ ရွာတည်၍ (တပ်တဲရွာ) ဟု ခေါ်တွင်ရစ်လေ၏။ မင်းကြီးသည် ၎င်းရွာကြီးအနီး၌ ဆောက်လုပ်ထားသော မင်းတဲနန်းဟောင်းမှ တောင်ခြေနှင့်နီးရာစခန်းသစ် သို့ မင်းကြီးတုံ့ပြန်၍ ပြောင်းရွှေ့သော ရွာကြီးကိုလည်း (မင်းတုန့်ရွာ) ဟု ခေါ်ကြပြန်၏။ ၎င်းရွာတို့သည်ကား တဖြေးဖြေးပျက်ပြား ပြောင်းရွှေ့ကြခါ ဒုတိယကမ္ဘာစစ်ဖြစ်သော ဂျပန်ခေတ်ရောက်မှ အဆုံးတိုင် ပျက်စီးလေတော့၏။

လည်ပေါက်ရွာမှာ ယင်းမာမင်းမြို့နှင့် ပုလဲမြို့ကားလမ်း၊ ဆာလင်းကြီးမြို့နှင့် ချင်ပြစ်ရွာကားလမ်း၊ ၎င်းကားလမ်းများအဆုံတွင် တည်ရှိလျက်–စည်းကားပြည့်နှစ်ကာ ဘုရားပွဲတော်ကြီးမှာ ကဆုန်လတွင် နှစ်စဉ်ကျင်းပမြဲဖြစ်လေ၏။ (တပ်တဲရွာနှင့်မင်းတုန့်ရွာ) များမှာ လည်ပေါက်ရွာ ၏အရှေ့ လေးဖာလုံခန့်တွင် တောအတိဖြစ်ပြီး တောင်ခြေနှင့်မနီးမဝေးသော မြေမျက်နှာမှာ ပြည်စိုးများ အသစ်





ဆောက်လုပ်ထားသော မင်းတဲနန်းသို့ ရောက်သည့်ကာလ အစိုးအဝန်းအခန်းခန်းသော အမှုထမ်းတို့ကို အမော အပန်းဖြေ စေပြီးလျှင် ယင်ပြည်စိုး ကိုးကျိပ်ကိုးယောက် တို့နှင်တကွ မင်းအပေါင်း များစွာ ခစားလာကြသော ဌာနကိုလည်း မင်းအများစုသည်ကို အစွဲပြု၍ (မင်းစုရွာ) ဟူ၍ မင်းကြီး သမုတ်တော်မူလေသည်။ ယခုအခါ စကားရွေ့လျား ကာလခေတ်ကွာခြားသောကြောင့် (မင်းဖူးရွာ) ဟူ၍ ခေါ်ဝေါ် ကာ ဖိုလ်ဝင်တောင်ကြီး၏ အနောက် နှစ်မိုင်ကွာလောက်တွင် တည်ရှိလေသတည်း။

## သိန်းစုံရ မတောင့်တ

ထိုမင်းဖူးရွာ၏ အရှေ့တောင်ယွန်းရာဒေသတွင် စိမ့်စမ်းရေယဉ် တသွင်သွင်နှင့် ရေပွန်ယေကြီး အသီးသီးကြောင့် မုရင်းကောက်ကြီး နှစ်သီး စိုက်ပျိုး ကြရသဖြင့် စပါးဆန်ရေး ပွံ့ဖြိုးပြီး၊ အနီးကျေးရွာတို့မှ မှီခိုရလေ သော ရွာကြီးတရွာမှာလည်း ဆင်စာ မြင်းစာနှင့် စစ်သည်ဗိုလ်ပါတို့၏ စာနပ်ရိက္ခာများ၊ လုံလောက်စွာ ရရှိသောကြောင့်–မင်းကြီးမှာ မည်မျှ ကြာအောင် တောင်တော်ကို ပြုပြင်နေသော်လည်း ၎င်းတို့အတွက် မပူပင် မကြောင့်ကျ မတောင့်မတ ရသောကြောင့် ၎င်းရွာကြီးကိုလည်း (မတောင့်မတရွာ) ဟု သမုတ်တော်မူလေသည်။ ယခုမူကား–စကားရွေ့လျာ သဖြင့် (မတောင့်တရွာ) ဟုခေါ်ဆိုလေ၏။ ။မတောင့်တမြောက်ရွာဟူ၍။



www.burmeseclassic.com

www.burmeseclassic.com



## ရှင်းလင်း သုတ်သင် ဗိုလ်စုံလင်

ထိုသို့ ဆင်စာ၊ မြင်းစာ လုံလောက်စွာနှင့် ရိက္ခာစားနယ် အရပ်ရပ်တို့ မတောင့်မတရသော ရွာကြီးအနီး စခန်းအသစ်ကြီးဖြစ်သော (မင်းစုရွာ) တဲနန်းသို့ ရောက်လျှင် တည်ဆောက်မှုအပန်းဖြေပြီး၊ တောင်ခြေ ခရီးသို့ ချီတက်ပြန် သော် ရဲမက်အလုံးအရင်းနှင့်တကွ၊ မဟာဗန္ဓုလမင်းကြီး အလိုဆန္ဒရှိတော်မူ သော တောင်ခြေသို့– ရောက်ရှိသဖြင့် အခိုက်အတန့် ဆိုင်ငံ့ နားနေ ပန်းအား ဖြေပြီးလျှင် ပညာဗလ အမတ်ကြီးနှင့် တိုင်ပင်ကာ၊ ကျောက်တောင်း ကျောက်နှတို့ မြတ်စွာဘုရား ရွှေကိုယ်စား ရုပ်ပွားဆင်းတု ထွင်းထုရန် သင့်မသင့်ကို နှိုင်းချင့်ရှုမြင်၊ ကြံဆင်ရန် မှူးမတ် အပေါင်းနှင့်တကွ ၎င်းတောင်ပေါ်တောင်အောက်တွင် ပေါက်ရောက်လျက်ရှိသော တောစိုး ချုံ ပေါင်း ပိတ်ပေါင်းကာဆီး၊ သစ်ကြီးနွယ်မြက်၊ အခက်လ အကိုင်းတို့ကို မဆိုင်းမတွ တခဏချင်းဖြင့် ရှင်းလင်းအောင် ဗိုလ်အများပါ ဝိုင်းဝန်း၍ သုတ်သင်ရှင်းလင်း ကြရမည်ဟု မင်းကြီး အမိန့်တော်မှတ်ရာ မှူးမတ်ဗိုလ်ပါ သေနင်္ဂါတို့သည် ဆိုင်ရာ ဆိုင်ရာ၊ အသီးသီး ရဲမက်တို့နှင့် ခက်ရင်း၊ တူရွင်း လက်နက်တို့ကို ကိုင်စွဲ၍ တပြိုင်တည်း ငန်းဖွဲ့ကာ ခုတ်ထွင်လှက် သုတ်သင်ရှင်းလင်းကြရာ၊ မကြာခဏ လှပတင့်တယ်၊ ရှုဘွယ်သာမြူး ကျယ်ပြန့်ပြူးလျက်၊ ကြည်နူး သာယာစွာ တောင်ကြီး၏ အဆင်းကို ကွင်းကွင်းကွက်ကွက် ရှတ်တရက် မြင်ရသောအခါ မင်းကြီးသည် အံ့သြ မကုန် ဗိုလ်ပုံအပေါင်းကို ခေါ်တော်မူ၍ ဆုလာဘ်များစွာ ပေးသနားပြီး လျှင်





ကြည်ရွှင်သော စိတ်ထားဖြင့် ၎င်းတောင်ကို အမည်အနွတ္တ ပေးကြရန် မင်းစုံ တို့ကို နာမပညာ တောင်းတော်မူလေသတည်း။

## မည်ပေါင်းစုံလင် တောင်ဗိုလ်ဝင်

ထိုအခါ မိဖုရားကြီးသည် မှူးမတ် ဗိုလ်စုံ ဝိုင်းဝန်းအုံခဲ၊ ကူညီရသည် ဖြစ်ပါ၍ ၎င်းတောင်ကို (ဗိုလ်ဝိုင်းတောင်) ဟု အမည်ရသင့်ကြောင်း တင် လျှောက်လေ၏။ အချို့အမတ်များသည် ၎င်းတောင်ပေါ်တွင် ညဥ့်အခါ ပိုးစုန်းကြူးများ ကဲ့သို့ ဝင်းဝင်းဝါဝါ တွေ့မြင်ကြရပါသဖြင့် (ပိုးဝင်းတောင်) ဟု ခေါ်ဆိုထိုက်ကြောင်း၊ အချို့ကလည်း ၎င်းအဝါရောင်များသည် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ အဂ္ဂသီတို့ ဖိုထိုးကြသော ဖိုများ ဖြစ်တန်ရာ၏ဟု တွေးတောဆင်ခြင်ကာ၊ (ဖိုလ်ဝင်းတောင်) ဟု ခေါ်ဆိုထိုက်ကြောင်း၊ အချို့ကလည်း ဥစ္စာစောင့် မောင်ဖိုးဝိုင်းနှင့်မသင်းကြိုင်တို့ စောင့်ရှောက် သောတောင် ဖြစ်သဖြင့် (ဖိုးဝိုင်းတောင်) ဟုခေါ်သင့်ကြောင်း၊ အချို့ကလည်း ဇော်ကြီးဖိုးဝင်းလှည့်လှည်ကျက်စား–ဆေးမြစ်များရှာသည့် တောင်ဖြစ်သည်ဟုယူဆကာ (ဖိုးဝင်းတောင်)ဟု ခေါ်သင့်ကြောင်း(အနီးရှိ ရွာများမှ) စုံစမ်းရရှိသမျှ လျှောက်တင်ကြလေ၏။ သို့သော် မဟာဗန္ဓုလ မင်းကြီးသည် နှစ်သက်တော်မမူသဖြင့် ပညာဗလအမတ်သည် အရှင်မင်းကြီး၏ အိပ်မက်တော်တွင် ပါသည့် အတိုင်း၊ မြတ်စွာဘုရားသခင် ဖလသမာပတ် ဝင်စားတော်မူသည်ဟုဆိုသဖြင့် (ဗိုလ်ဝင်တောင်) ဟုသာ ခေါ်ဆို သမုတ်သင့်ကြောင်း သံတော်ဦးတင်



www.burmeseclassic.com

WWW.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁ | ဖိုလ်ဝင်တောင်မှဖိတ်ခေါ်သံ | ၁ |
| ၂ | ပထမနိဒါန်း | ၂ |
| ၃ | ဒုတိယနိဒါန်း | ၆ |
| ၄ | ပဌမဘုရားရှိခိုကြီး | ၉ |
| ၅ | ဖိုလ်ဝင်တောင်အလောင်းတော်ကဿပ နာယက မဟာသဒ္ဓမ္မဇောတိကဓဇ အရှင်သုမန၏ အတ္ထုပ္ပတ္တိအကျဉ်း | ၁၃ |
| ၆ | ဖိုလ်ဝင်တောင်အညွှန်းနှင့်ဖိုလ်ဝင်တောင်ဘုရားစာရင်း-ရွှေလသာဝါဝါဝင်း | ၁၇ |
| ၇ | ဖိုလ်ဝင်တောင်နှင့်ရွှေဘတောင် | ၁၈ |
| ၈ | စီးပွါးတိုးလိုသလား လာဘမုနိကိုသွား | ၁၉ |
| ၉ | ကျားကိုနိုင်ပြီးမျောက်ကိုပိုင်တဲ့ ဖိုလ်ဝင်တောင်ရှင်မ | ၂၀ |
| ၁၀ | ဖိုလ်ဝင်တောင်သမိုင်းချုပ် | ၂၂ |
| ၁၁ | မင်းကျင့်တရား(၁၀)ပါး | ၃၂ |
| ၁၂ | သရဏဂုံသုံးပါး အားကိုးထား | ၃၆ |
| ၁၃ | တန်ခိုးတော်စုံ ရွှေစည်းခုံ | ၄၃ |
| ၁၄ | မည်ပေါ်င်းစုံလင် တောင်ဖိုလ်ဝင် | ၅၉ |
| ၁၅ | ကြီးကျယ်ခန့်ညား ကွန်းစင်တိုင်ဘုရား | ၆၆ |
| ၁၆ | ဗုဒ္ဓဘာသာနိုင်ငံ ဗန္ဓုဝညီနောင်ကြဲ | ၇၁ |
| ၁၇ | ခေါင်ယူဆက်သ ကခေမ | ၈၀ |
| ၁၈ | လွှမ်းလေပြီ လွှမ်းစေတီ | ၉၀ |
| ၁၉ | ဖိုလ်ဝင်တောင်၏အံ့ဖွယ်(၈)ပါး | ၉၄ |
| ၂၀ | ဖိုလ်ဝင်တောင် သမိုင်းချုပ်နောက်ဆက်တွဲ | ၉၇ |
| ၂၁ | အောင်ဂါထာတော်ကြီး | ၁၄၄ |
| ၂၂ | အရပ်(၄)မျက်နှာ အရပ်(၁၀)မျက်နှာမေတ္တာပို့များ | ၁၅၅ |






## ဖိုလ်ဝင်တောင်မှဖိတ်ခေါ်သံ

ရွှေလသာ ဝါဝါဝင်း ဘဂဝါသနင်း စာရင်းယူ။
မြန်မာမင်းတို့အချင်းချင်းမတူအောင်~ သတင်းပြန့်ကြူတည်ကာထား။
လေးသိန်းလေးသောင်းခြောက်ထောင်ကျော်တယ်။
လေးရာလေးဆယ်နော်–လေးဆူမြတ်ဘုရား။
မုံရွာမြို့နှင့် အရပ်ဟံ ဘဂဝါ တည်သာမှာ သလ္လာဝတီမြစ်ခြား။
ဆယ့်လေးမိုင်ပျော်ပျော်သွားပါလို့ မော်တော်ကားစီးကာ။
လှူဒါန်းရန်အစုံသဒ္ဓါတရားရှယ်နဲ့ ဘဂဝါဘုရားဖူးကြစုံစွာ။
ထူးဆန်းလို့ အံ့သြစရာမှာ ပြန့်ပြောစရာ တောင်တွေပက်ပါလို့
တောင်ခြေအထပ်ထပ် တောင်ဂမ္ဘူလိုဏ် တောင်လက်မောင်း တွေကဆိုင်။

ဖိုလ်ဝင်တောင်ဟု ဝေါဟာရအမည်ပိုင်သည် သြကာသမရွေးပိုင် အောင်ဖူးကဲ့ပါဗျလေး။



www.burmeseclassic.com

www.burmeseclassic.com



လေလျှင်–မင်းကြီးသည် အလွန်အားရ နှစ်သက် တော်မူ လှသဖြင့် ယနေ့ကစ၍ ဤတောင်ကို(ဗိုလ်ဝင်တောင်) အမည်တွင် စေဟု နာမကရဏ မင်္ဂလာဖွင့်တော်မူလေသတည်း။

ထိုသို့တခဏ်း၊ သန်းနှင့်ဒဟတ်၊ ကြခတ်ဝါးရုံး ကလိန်ချုံကြီး၊ အိမ်ဖီးရှစ်ရှာ၊ ဖန်ခါး တယ်ပင်၊ ကညင်ယင်းမာ၊ ကြီးစွာသော သစ်ပင်တို့သည် တောင်အလုံးကို၊ ဖုံးလွှမ်းကာဆီး၊ ရိုပ်ကြီးပတ်ဝိုင်း၊ သစ်ကိုင်းဝါခက်၊ ဆူး မြက် ခလုတ်တို့ကို၊ တံဆိပ် ခပ်နှိပ်တော်မူပြီးလျှင် ဗန္ဓုဝမြို့တော်မှ ခေါ်ဆောင်ခဲ့သော ပန်ရံ ပန်းပု၊ ကျောက်ထု ကျောက်ဆစ်သမား တို့ကို ၎င်း ရှေ့တော်သို့ ခေါ်တော်မူလျက် ထွင်းဖောက်ရန် နေရာဌာန ညွှန်ပြတော်မူ ပြီးလျှင် ဤနေရာတွင်– ဘုရားရှင် ရုပ်ပွားတော်မြတ် ခုနစ်ဆူနှင့် လိုဏ်ဂူ ခြောက်ပေါက်ထွင်း ဖေါက်လျက် အပွရာဇိတပလ္လင်၊ ဦးကင်မုတ်နန်း တံကဲပန်း ၎ကို ခြူးပန်းခြူးအုံပန်းမျိုးစုံအောင်၊ အဆောင်ဆောင်နှင့်၊ စိုင်ပေါင်းကြေးကွေး၊ မြတ်လေးတော်ရင်း၊ မှန်ကင်း ဒုရင်တို့ပါ စီရင်ရမည်ဟု အမိန့်တော်မှတ်ပြီး (မင်းစုရွာ) မင်းတဲ့နန်းသို့ ကြွလှမ်း၍ စံမြန်းတော်မူလေ၏။

## လျှင်မြန်တော်တောင်

ထိုအခါ ပန်းရံ ပန်းပု ဆရာများတို့သည် အမိန့်တော်မြတ်ကို နာယူပြီး သကာလ စွမ်းပကာစိုက်ထုတ်၍ ထုလုပ်စီမံကြရာ များမကြာမီ ခြောက်ပါ သောလိုဏ်ဂူနှင့် ခုနစ်ဆူသော ရုပ်ပွားတော်မြတ်တို့ကို အထပ်ထပ် မွမ်းမံချယ်လယ်သည့် ပန်းနွယ်ပန်းခက်





အစုံအလင်းပြီးစီးသောအခါ မဟာဗန္ဓုဝ မင်းနှင့် သုဗန္ဓုဝမင်းသားညီနောင်တို့သည် မိဖုရား၊မောင်းမ၊ မိဿံ ဗိုလ်ပုံရံလျက် တောင်တော်ပေါ်သို့ ပူဇော်ရန် တက်တော်မူလျှင်၊ ခြောက်လုံးသောဂူနှင့် ခုနစ်ဆူသော ရုပ်ပွားတော်တို့ကို အလျင်ရှေးဦးစွာ မြင်တော်မူ၍ ဖူးမျှော်ရသဖြင့် ၎င်းဂူ နှင့် တောင်တော်ကို(လျှင်မြင်တော်တောင်) ဟု သမုတ်တော်မူလေ၏။ ယခုကား (ယင်ပြင်တော်) ဟု ဘုရား ယင်ပြင်တော် ကို အစွဲပြု၍ ခေါ်ဝေါ်လေသတည်း။

## ဘွဲ့တော်ကိုကြူ ခုနစ်ဆူ

ထိုဘုရား ခုနစ်ဆူကို ဘွဲ့တော်များ ကြူးသည်မှာ ပေါက္ကာရာမမှ နေပြည်တော် ဗန္ဓုဝသို့ မြန်း ကြွပြန်လာတော်မူစဉ် စိတ်အကြံတော်ရှိသည့် အတိုင်း မနောမိဋ္ဌာန်ဖြင့် ဆုပန်တောင်းရာပြည့်စုံသည် ဖြစ်သော်ကြောင့် (ဆုတောင်းပြည့်ဘုရား) ဟုပတဆူ– ဘွဲ့တော်ကြူ လေသည်။ ၎င်းနောက် မင်းကြီးအလိုရှိရာ ဆုကိုတောင်းတိုင်းပြည့် သည်ကို အစွဲထား၍ (တောင်းတိုင်း ပြည့်) ဟု ဒုတိယဘွဲ့တော် ကြူပြန်လေ၏။ တတိယတဆူမှာလည်း မင်းကြီး အကြံတော်ရှိသည့် အတိုင်း ပညာဗလအမတ်ကို စေလွှတ်တော်မူစဉ်က ကျောက်နု ကျောက်သားကောင်းရှိသည့် တောင်များကို တွေ့ပါစေဟု တောင်း တသည့်အတိုင်းပြည့်သဖြင့်(တ,တိုင်းပြည့်) မြတ်စွာဘုရားဟု ဘွဲ့တော်ရပြန် လေ၏။ စတုတ္ထ မြတ်စွာဘုရားတဆူမှာ မင်းကြီး၏စိတ်တော်ရှိတိုင်း မချွတ် မယွင်းတင်းတင်းပြည့်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသောကြောင့်(တင်းတင်းပြည့်) မြတ်စွာဘုရားဟု ထင်တိုင်းပေါက်ရောက် ပြည့်စုံသည်ကို အစွဲပြု၍ (ထင်ထင်ပြည့်) မြတ်စွာဘုရားဟု မှည့်တော်မူ၏။ ဆဌမမြောက်ကိုယ်တော်မှာ မင်းကြီးကုသိုလ်တော်ပြုခိုက် မိဖုရားကြီး၌ ဝေဒနာစွဲကပ်သဖြင့် ငါ၏ကုသိုလ်တော်ကြောင့် သည်းထန်စွာသော ဝေဒနာမှ ထမြောက်၍ အသက်တော်ရှည်သည်ကို ဘုရားဟုတွင်စေ၏။ သတ္တမမြောက် နောက်ဆုံးဘုရားကိုယ်တော်မှာ မိဖုရားကြီး၏ အသက်ကို မင်းကြီး၏ကုသိုလ်တော်ကြောင့်တကြောင်း၊ ဆုတောင်းပတ္ထနာ ပြု၍လည်း တချက်ကြောင့်၎င်း အသက်ပြန်၍ ရသည်ဟု အယူတော်ရှိသဖြင့် (သက်တော်ရ) မြတ်စွာရယ်လို့ ထင်ရှားတော်မူလေ၏။ ဤသို့ဘုရားခုနစ်ဆူ ဂူခြောက်ဝနှင့်တကွ ဘွဲ့တော် သလေသတည်း။

မှတ်ချက်။ ။ သက်တော်ရှည် ဘုရားနှင့် သက်တော်ရဘုရားမှာ
လိုဏ်ဂူ တပေါက်တည်းတွင်း ကိန်းဝပ်တော်မူလျက်ရှိသည်ကို
ပြည်သူအများ ဘုရားဖူးသွားတို့ ထင်ရှားစွာ ဖူးတွေ့ရပေ
လိမ့်မည်။

၎င်းလိုဏ်ဂူခြောက်ဝ ဘုရား ခုနစ်ဆူနှင့်အတူ မိဖုရားကြီးလျှောက်ထား တောင်းဆိုချက်ဖြင့် မင်းကြီးသည် ငါနှင့်အတူ လိုက်တော်မူပြီးပါရမီ ကူညီဖြည့်စွက် ငါအလိုရှိသမျှ ပြည့်ဝအောင် ဆောင်ရွက်သူများမှန်ပေ၏။ ထို့ကြောင့် ငါနှင့်မခြား မိဖုရားကြီးနှင့်တကွ ညီတော်သုဗန္ဓဝမင်းသား၊ နှမတော် တိက္ခိတ မင်းသမီးတို့မှာ တည်ထားကိုးကွယ်နိုင်စေသည်၊ အစ္စ လုပ်ငန်းများကို ချိန်လုပ်လျက် မျှူးမက်ဗိုလ်ပါ





စစ်ကြပ်၊ စစ်ကဲများမှစ၍ ဖိုလ်တဦးလျှင် ဘုရားတဆူ၊ လိုဏ်ဂူတပေါက်သာလျှင် ထွင်းဖေါက်နိုင်ခွင့် ဆုကို မဆိုင်းမတွ ရကြသဖြင့် များစွာသောပန်းရံ ပန်းပုကျောက်ထုဆရာ တို့နှင့် ၎င်းဆုတောင်းပြည့် (လျှင်မြန်တော်တောင်) ပတ်လည်တွင်၎င်း လက်ဝဲ လက်ျာတောင်ခါးပန်းတလျှောက်တွင် ၎င်းဉာဏ်တော် ကြီးကြီး ငယ်ငယ် အရွယ်အစားစား ရုပ်ပွားဆင်းတု အစုစုတို့မှာ အချို့ ပြီးစီးလျက် ရှိလေရာ (ဝါဝါရွှေလဝင်း) ပထမဘုရား စာရင်းဆုတောင်းပြည့် စသောဘုရားခုနစ်ဆူ အပါအဝင် လေးသောင်းလေးထောင် လေးရာ လေးဆယ့် လေးဆူသော ဘုရားတို့ကို ကောဇာသက္ကရာဇ် (၄၁၂)-ခု၊ သာသနာ သက္ကရာဇ် (၁၅၉၆) ခုနှစ်တွင် ပထမအကြိမ် အနေကဇာတင်တော်မူ၍ အသဒိသအလှူတော် ကြီး ပေးတော်မူလေသည်ဟူ၏။

## သာသနာပြုမည်-စိတ်ကြံရည်

ထိုသို့ အလှူတော်ကြီးပေးရာတွင် အရိန္ဒမာ လုံ့ စကြာရှင် ဘုရင်နော်ရထာ စိုးစံတော်မူရာ ပေါက္ကံပြည်ဌာနသို့ သဝဏ်လွှာ စာခွေတော်နှင့်တကွ တမန်စေလွှတ်တော်မူရာ ပေါက္ကံပြည်ကြီး၏ အရှင် အရိန္ဒမာ ကြိမ်စက်ကြာရှင် သခင် ဘုရင်နော်ရထာမင်းစောသည် ပြူဗန္ဓဝ ပြူ-ပြူး ဘွဲ့ရတော်မူကြသော ညီတော် နောင်ရင်း နှစ်ပါးသော မင်းတို့၏ သဝဏ်လွှာ တော်ရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖရဏာပီတိ ဂွမ်းဆီထိ ဖြစ်ပြီးလျှင် ငါသည် ရောက်ရာ



www.burmeseclassic.com

www.burmeseclassic.com



အရပ်ဒေသတွင် စေတီတည်ပြီးကျောင်းတော်ကြီး ဆောက်လုပ်ခါ သာသနာပြုမည် စိတ်ကြံရည်၍ ရွှေစည်းခုံဘုရား စေတီတော်မြတ်အား ဖူးမြော်ကန်တော့ပြီး အကျွန်ုပ်သည် နောင်သောအခါ ဘုရားဖြစ်ပါမူ သရီရဓာတ် မွေတော်မြတ် အဆူဆူ ပွားပါစေသားဟု အဓိဋ္ဌာန်ပြု၍ ပွားလေသော် ဆင်ဖြူတော်နှင့် တင်ဆောင်တော်မူပြီးလျှင် ရဟန်းတော်များပါ ပင့်ဆောင်လျက် နိုင်ငံတော်မှ ထွက်တော်မူပြီးသကာလ စည်သည်တော်ပေါင်း ထောင်သောင်းများစွာ ဗိုလ်ပါဆင်မြင်း အလုံးအရင်းတို့နှင့် တကွ ရောက်ရှိသော အခါ မဟာဗန္ဓုလ မင်းကြီးသည် (မင်းစုရွာ) ၏ အနောက်မြောက် ယွန်းရာ စိမ့်စမ်း ရေယဉ်တသွင်သွင် နှင့် ရေပွန်ငယ် ရေမြွန်းကြီး စီးဆင်းလျက် ကောက်ရင်းကောက်ကြီး နှစ်သီးစိုက်ပျိုးရသဖြင့် စားသုံးရောင်းချ၍ မကုန်စင် နိုင်သော ရွာကြီးအနီးတွင် ကြိုတင်လျက် စီစဉ်ဆောက်လုပ်ထားအပ်သော ကွန်းထောက် မင်းတဲ နန်းတော်ကြီးတွင် စံမြန်းတော်မူပြီးလျှင် ၎င်းစံနန်းတော်ဦး ရှေ့စူးစူးတွင် ဆင်ဖြူတော် ဝပ်သဖြင့် ကျောင်းတော်ကြီးသတောင် ဆောက်လုပ်စေတော်မူ၍ ရဟန်းတော်များ အား သီးတင်သုံးတော် မူစေလျက် ပေါက္ကံရာမမှ ခေါ်ဆောင်လာသော ပန်းရံတော်များနှင့် အရံသင့်ယူဆောင်လာသော အုဋ်တို့ကို စေတီတဆူ တည်တော်မူစေပြီး သရီရဓာတ်တော်များနှင့် တကွ နောင်အဓွန့်အရှည်ကြာသောအခါ ပျက်စီးယိုယွင်းက ပြင်ဆင်ရန် အဘိုးအနဂ္ဃ ထိုက်တန်သော ရွှေငွေရတနာ ကျောက်မြတ်ရွှဲတို့ပါ ဌာပနာပြီး ၎င်းစေတီတော်မြတ် ပြီးမြောက်အောင် ဆောင်ရွက်ဟု မိန့်ခွန်းတော် ချွေလျက် ဗိုလ်ဝင်တောင်တော်မြတ်သို့





ချီတက် တော်မူကာ မဟာဗန္ဓုလမင်းကြီး၏ ကုသိုလ်တော်မြတ်တို့ကို မပြတ်ပူဇော်၍ ကြည်ညိုတော်မူလက် သာဓုအနုမောဒနာ ခေါ်တော်မူပြီးလျှင် မင်းတဲနန်း သို့ ကြွလှမ်းတော်မူ၍ အပန်းတော်ဖြေကာ စေတီတော် အပြီးသတ်အောင် ဆောင်ရွက်စေပြီးလျှင် မဟာဗန္ဓုလမင်းကြီးကို ဖိတ်ခေါ်တော်မူကာ အနေကဇာ တင်တော်မူလျက် ရဟန်းတော် အရှင်မြတ်များအား ပစ္စည်းလေးပါးတို့ဖြင့် ဆက်ကပ် လှူဒါန်းပြီးလျှင်ပေါက္ကံပြည် ကနကထီးနန်းသို့ ကြွလှမ်းတော် မူလေသတည်း။

## မှတ်ချက်

၎င်းဘုရားစေတီတော်မှာ (ဗန္ဓုလပြည်ဆွယ်ပန်းချီနယ်တွင်) နောင်အစဉ် ဥဒါန်းတော်တင်စေရန် ပေါက္ကံ ဘုရား (ပုဂံဘုရား) ဟု ဘွဲ့တော်ထားလေသည်။ ၎င်းနောက် ပေါက္ကံနေ်ရထာမင်း၏ စံနန်းတော်နေရာတွင် နောင်အစဉ် ရွာကြီးတရွာဖြစ်လျက် ကျန်ရှိနေရစ်သဖြင့် ၎င်းကို အစွဲပြုပြီး ပေါက္ကံရွာ (ပုဂံရွာ)–ဟု ခေါ်ဝေါ်သမုတ်ကြလေသည်၊ ၎င်းပေါက္ကံရွာနှင့် မကုံစင်ရွာကြီးတို့မှာ ပျက်စီးလျက် (ယာခင်း) အတိဖြစ်ပြီးလျှင် ၎င်းအနီးတွင် (ဇီးဖြူပင်ရွာ) ကျန်ရှိခဲ့လေသည်၊ မူလ ပေါက္ကံ ဘုရားမှာ ပျက်စီးယိုယွင်းပြီး နေသည်ကို ဇီးဖြူပင် ရွာသူရွာသားများက ၎င်းတို့ရွာအနီး တွင် ရွှေ့ပြောင်းတည်ထားကိုးကွယ်လျက် နှစ်စဉ်မပျက် တန်ဆောင်မုန်းလပြည့် ဗိုလ်ဝင်တောင်ပွဲတော်အပြီးတွင် ရေး အစဉ်အလာအတိုင်း ဘုရားပွဲတော်ကြီး ပြုလုပ်သည်မှာ စည်ကားလျက်ပင်။



www.burmeseclassic.com

www.burmeseclassic.com



## လျှောင်းတော်မူတစ်ဆူ-မိဖုရားဂူ

ထိုသို့ပေါက္ကံရာမ တိုင်းမချက်ချာ ဘုရင်အနော်ရထာမင်း ကြီးကို ဖိတ်ခေါ် ကာမဟာဗန္ဓုဝမင်းကြီး ပထမအနေကဇာတင်သဘင်ပွဲ ပြုလုပ်ကျင်းပ သည် နှင့် မရှေးအနှောင်း လပေါင်းများစွာ မကြာမြင့်မီ မိဖုရားကြီးသည် မင်းကြီး နှင့် မတူ တမူထူးခြားလျက် ဂူတန်းရှည်ကြီး ဖေါင်ထွင်းပြုလုပ်၍ လျောင်း တော်မူဘုရားတဆူ ပူဇော်တော်မူပြီး လိုဏ်ဂူတော်ကြီးပေါ်မှ အိမ်တော်ပုံ စီရင်လျက် လိုဏ်ဂူပေါက် အထွက်အဝင်တံခါးအပိတ်တံခါးရွက်များတွင် နတ်ပြဟ္မာ သိကြား ကျွန်းသား ယမင်းရုပ်များ ပြုလုပ်စေ၍ အဖွင့်အပိတ် တွင် ကြိုးကြာ ငှက် ကရဝိက်ငှက်တို့၏ အသံကဲ့သို့ မြည်စေရန် စီမံလေသည်။

**မှတ်ချက်**

၎င်းဂူကြီးကို ယခုတိုင် မိဖုရားဂူဟူ၍ ခေါ်ဝေါ်သမုတ်လျက် ပင်ရှိလေသည်။

## ကြီးကျယ်ခန့်ညား ကွန်းစင်တိုင်ဘုရား

ညီတော် သုဗန္ဓုဝမင်းသားသည်လည်း နောင်တော် မဟာဗန္ဓုဝ မင်းကြီး နှင့်မတူ တမူခြားနားစေရန် စီမံလျက်ကျောက်ထု ပန်းရံပညာ တက်၊ တော်၊ သူတို့ကို ရွေးချယ်ပြီး ရုပ်တော်မူ ဗျာဒိတ်ကြား မြတ်စွာဘုရားရုပ်တု တော်ကို ကြီးကျယ်ခမ်းနားစွာ တည်ထားကိုး ကွယ်ရန် အကြံတော်ရှိသဖြင့် ကျောက်ကောင်း ကျောက် နုတပေါင်း





တည် စုမည့် တောင်ခါးပန်းတခုတွင် စီရင်တော်မူရာ ကျောက်လွှာ ကျောက်ချပ် အထပ်ထပ်ကြောင့် လျှောက်ပတ်စွာ မအောင်မြင်သဖြင့်၊ တောင်စဉ်လျှောက်ခါ ရှာတော်မူပြန်ရာတွင် ဆုတောင်း ပြည့် လျှင်မြင်တောင်ကြီး၏ အရှေ့တောင် အင္ဂုစွန်းတွင် မကြီးလွန်းသော တောင်ငယ်တခု၌ ထပ်မံ၍ စီရင်ရပြန်သည်မှာ ဇေတဝန်စံကျောင်း တော်၌ မြတ်စွာဘုရား ကိန်းဝပ်တော်မူသော ကြက်သရေတိုက်ခန်း ဂန္ဓကုဋီတိုက်ကဲ့ သို့ ရှုကြည့်မဆုံးအောင် ၎င်းတောင်ငူတခုလုံးကို ကြီးကျယ်မြင့်မားစွာ ဖေါက်ထွင်းသဖြင့်ပြိုယွင်း ပျက်စီးခြင်းမရှိစေရန် သစ်ဝါးတို့ဖြင့် ဆောက် လုပ်အပ်သော ကျောင်းဆောင် ပြာသဒ် များကဲ့သို့ ၎င်းကျောက်ဖရုပ်အာရုံခံ လိုဏ်ဂူကြီးကို ကွန်းတိုင်ကြီး နှစ်လုံး ထည့်ခံပြီးလျှင် ကြီးကျယ်နိုင်ခန့် တည် တန့်အောင် စီမံ၍ မြတ်စွာဘုရားရုပ်ပွားတော်ကြီးနှင့်၊ စမွခန်တော်ပါဉာဏ် တော် (၁၅) တောင်ခန့်ရှိတသားထည်း ထုလုပ်ပူဇော်၍ ကျောက်ဖရုပ် အာရုံခံကြီး တဆောင် လှူဒါန်းကိုးကွယ်တော် မူလေသည်၊ ထိုဖရုပ်ကြီးသည် တောင်ထွဋ်မှ တောင်ငူ တခုလုံးကို အလွန်အမင်း ဖေါက်ထွင်းသဖြင့် ကွန်းတိုင်းကြီး တလုံးတလုံးလျှင် လုံးပတ်အတောင် (၂၀) ခန့်ရှိ၏။ ဤကဲ့သို့ ကြီးကျယ်ခမ်းနားစွာကွန်းတိုင်ကြီးများထောက်ခံ၍ ပြုလုပ်သဖြင့် မပြိုမကွဲ တခဲနက် တည်တန့်လျက်ကြံ့ကြံ့ခိုင်မာစွာ တကမ္ဘာလုံး အံ့မဆုံးသည့် ဖြစ်ခြင်း အရာမှာကွန်းတိုင်၏ တန်းခိုးသတ္တိဟူ၍ ထိုဘုရား ထိုဖရုပ်ကို ကွန်းစင်တိုင် ဖရုပ် (ကွန်းစင် တိုင်ဘုရား) ဟု အများပြည်သူတို့ခေါ်ဝေါ်စမတ်ပညတ်ထား ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တိက္ခတ နှမတော်သည်ကား မောင်တော် အမတော်များ ကဲ့သို့ ကြီးကျယ် ခမ်းနားစွာ တောင်ကမ္ဘားယံတခုလုံး ဘဝင်ချိုးအောင် အံ့ဘနန်းမျှ ဂူတန်းရှည်ကြီး၊ ဖေါင်ထွင်းစေပြီးမှ မြတ်စွာဘုရား ဉာဏ်တော်မှာ အတောင် (၃၅)တောင်ခန့် လျောင်းတော်မူတဆူ တည်ထား ကိုးကွယ်ပူဇော်တော်မူလေသည်။

ငင်းပြင် ယခင်အပြီးမသတ်ဘဲ ကျန်ရှိနေသေးသော စစ်ကဲ စစ်ကြပ်၊ တပ်မှူး ဗိုလ်မှူးတို့သည် ကျောက်ထု၊ ပန်းရံဆရာ အမြောက်အမြားနှင့် ဗိုလ်ဝင်တောင် ခါးပန်း၌ တခန်း တလိုဏ်ပြု လုပ်ပြီးလျှင် ရုပ်ရှင်တော်ပွား ရွှေကိုယ်စားတို့ကို အသီးသီးတည် ထားကြသည်မှာ သုဗန္ဓဝ စသော မင်းနှစ်ပါး တို့၏ ဂူတန်းရှည်ကြီးများ နှင့် မရေးမနှောင်း ပြီးစီးကြလေသည်ဟူ၏။

## ရွှေလသာ ဝါဝါဝင်း

ငင်းတို့၏ ကုသိုလ်တော်များ မကြာအလျှင် ပြီးစီးအောင်မြင် ကြောင်းကို ပညာဗလ အမတ်ကြီးသည် ကမ္ပည်းစာရင်းနှင့်တကွ အစုံအလင် သံတော်ဦးတင်သောအခါ သာသနာ့ရှင် ဘုရင် ဗန္ဓဝမင်းကြီးသည် ကောင်းချီး ဖေယျာ မင်္ဂလာပြုသဖြင့်အခါခါ အာမေဋိတ်ပြု၍ သာဓုအနုမောဒနာ ခေါ်တော်မူပြီး လျှင်၊ အဟောဝတနှောင်ကာလ၌ ပျောက်ပချွတ်ယွင်းခြင်း မရှိရ နောက်သား နှောင်လာ ကမ္ဘာအဝှန်း ထွန်းရစ်စေရာ ယခင် အနေကဇာတင်ပြီး ဘုရားများ ပါ မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်မြတ်ပေါင်းကို





သောင်းသောင်းဖြဖြ ပူဇော်ကိုးကွယ်ကြသော နိမ္မိတစစ် ရွှေရင်နှစ် ရှိသမျှမှာ မရေမတွက်ဘဲ၊ တချက်တည်း သိကြစေရန် ကမ္ပည်း ကျောက်စာ လက်ာထားခဲ့သည်မှာ (ရွှေလသာ ဝါဝါဝင်း)၊ ဗိုလ်ဝင်တောင် ဘုရားစာရင်းဟူ၏။

(လေးသိန်း လေးသောင်း ခြောက်ထောက် လေးရာ လေးဆယ့် လေးဆူ) ဟူသတည်း။

## ကျောက်သားထုလုပ်-ဆင်၊ ဆိတ်၊ နွားရုပ်

ထိုအခါ မိဖုရားကြီးသည် အခြားသော ကုသိုလ်ကောင်းမှုတို့သည် လှူဒါန်း ပြည့်စုံပေပြီ၍ဘဒ္ဒကမ္ဘာဝယ် နှောင်အခါမှား အရိမေ တ္တေယျဘုရား ပွင့်တော်မူလိမ့်ဦးမည်။ ထိုအခါ ကျောင်းတော် ဆောက်လုပ်ရန် ရည်မှန်းလျက် ဝတ်ဆင်းမြန်းသော ပုတီး၊ နားဍောင်း သွယ်ပြောင်းလည်ရွဲ၊ ရင်ဆွဲဘယက်၊ လက်ကောက်၊ လက်ကြပ်၊ နဝရတ်ကိုးပါးနှင့် ပြိုးပြွမ်းသော ရတနာအပေါင်းတို့ကို ကံသုံးပါးနှင့်တကွ စိတ္တာန်၍ လှူဒါန်းတော်မူသောအခါ ရေစက်သွန်းချ အမျှပေးဝေသည်နှင့် တပြိုင်နက် တောင်အားလုံးတွင် ပဲတင်သံချိုးလျက် အလှူဝတ္တုတို့သည် ရုတ်ချင်းကွယ်ပျောက်သွား လေသော် မိဖုရားကြီးအကြံတော် ဖြစ်ပြန်သည်မှာ ငါလှူသော ရတနာတို့ကို ရန်သူတကာ လုယူလာ သော်၊ မပျောက်ဆုံးအောင် ကျောက်သား ဇာတိကို (ဆင်၊ ဆိတ်၊ နွား) အသွင်စီရင်၍



www.burmeseclassic.com

www.burmeseclassic.com



# ပထမနိဒါန်း

လောက၌ လူတိုင်းလူတိုင်ပင် ကျော်ကြားထင်ရှားသော အရာဝတ္ထု တခုခုကို တွေ့မြင်သိရှိရသောအခါ ထိုအရာဝတ္ထု၏ မူလအကြောင်း အရာကို ကောင်းစွာသိလိုကြပေသည်။ ယခုအခါ မြန်မာနိုင်ငံတော် အလယ်ပိုင် (သလ္လာဝတီမြို့တော်) ခေါ် မုံရွာခရိုင် သလ္လာဝတီမြစ် အနောက်ဘက်ကမ်းမှ ခရီး ၁၄–မိုင် ကွာဝေး၍ ယင်းမာပင်မြို့နယ် အတွင်းတွင် တန့်ခိုးတေဇာ သာသနာရောင်ဝါနီနေလိုလင်းလျက် သတင်းကျော်စော၍ အမြို့မြို့အနယ်နယ်မှ လူရှင်ရဟန်း လူမျိုးခြားပါ သွားလာဖူးမျှော်ကြ၍ အလွန်စည် ကားစိုမြေ – မင်းနေပြည် မြို့တော် နှင့်မခြားရှိသော (ဖိုလ်ဝင်တောင်)ကြီးသို့ ရောက်ရှိလာကြသော အထက်အောက်မြန်မာပြည်မှ ရဟန်းရှင်လူ–လူထု ပရိသတ် အများတို့သည် ၎င်းတောင်ကြီး၏ အကြောင်းအတ္ထုပ္ပတ္တိ ရာဇဝင်သမိုင်းကို သိလိုနေကြပေသည်။





ထိုသို့ သိလိုကြသော်လည်း ရှေးရှေးသော ဆရာ့ဆရာများ ရေးသားထားခဲ့သော သမိုင်းစာရွက် စာတန်းသော်မှလည်း မဖတ်မရှုရ ကြောင်းကို ယခု (သမိုင်းချုပ်ကြီး) ရေးသူအား ပြောကြားကြသဖြင့် အကျွန်ုပ်သည်လည်းသိလို၊ ပြည်သူတို့ကိုလည်း သိစေလိုသော အာသာဆန္ဒပြင်းပြလှ၍ (၃)နှစ်တိုင်တိုင် အပင်ပန်းခံကာ ဗဟုသုတ ရှာမှီး ဆည်းပူးစူးစမ်း ထောက်လှမ်းသောအခါ သမိုင်းရင်း အစစ် အမှန်ကို မရရှိဘဲ သက်ကြီးစကား သက်ငယ်ကြား (ပါးစပ်ရာဇဝင်) ပုံပြင်ဝတ္ထု ပြောကြားသလို မှတ်မိရာက အဆက်အစပ်မရှိ ပြောပြကြ သည်ကိုသာမှတ်သားတွေ့ရှိရသည်၊ မူလကြောင်းရာ စဉ်လာမှတ်တန်း တခန်းတကဏ္ဍမျှ ကျန်သေချာစွာ ရေးသားထားရှိသော အရာမ တွေ့ရချေ။ သို့နှင့် တဖြည်းဖြည်း သိလိုသော အာသာဆန္ဒပိုမိုပြင်းပြစွာ ဖြစ်ပေါ်လာခဲ့ပြန်ရာ စုံစမ်းထောက်လှမ်း မေးမြန်းရှာဖွေပြန်သော် မင်းဖူးရွာ–ရေဝန်ကျောင်း ဆရာတော်ကြီး ရေးကူးထားတော်မူသော ပေစာမူရှိကြောင်း သိရသဖြင့် ၎င်းပေစာမူ ကိုရှာဖွေရာ စာမူကိုမတွေ့ ဖတ်ဖူးသူမှတ်မိသမျှ ပြောကြားသည်ကိုသာ မှတ်သားခဲ့ရပြန်ပါသည်၊ လိုအင်ဆန္ဒအပြည့်ဝပါ၊ သို့သော် ၎င်းကိုအခြေခံထား၍ မိမိတတ်နိုင် သမျှ ထပ်မံလေ့လာ မေးမြန်းစုံစမ်းထောက်လှမ်းခါ သမိုင်းစာစောင် တွေ့နိုးနိုးနှင့် အမျိုးမျိုး အဖုံဖုံ အတော်စုံအောင် လိုက်လံစုဆောင်း နေစဉ် မင်းဖူးရွာ ရေဝန်းကျောင်းဆရာတော်ရေးကူး ထားသောသမိုင်း စာမူကို မိုင်ငြိမ်းပြု၍ (မုံရွာမြို့) မှ အမျိုးသားကျောင်းဆရာကြီးတဦး နှုတ်ပယ် ဖြည့်စွက် ပြင်ဆင်ချက်ဖြင့် ရေးသားသော် (ဖိုလ်ဝင်တောင်) သမိုင်းကို တွေ့ရှိဖတ်ရှုလေ့လာကြည့်ပြန်ရာ၊ မိမိစုဆောင်းထားသမျှ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်စေရန် မိဋ္ဌာန်းပြီးခါ လှူဒါန်းရှာလေသတည်း။

**မှတ်ချက်**

၎င်း အရပ်တို့မှာ နတ် အစောင့် အကြပ်မရှိ၊ အမိဋ္ဌာန်းမျှ သာဟု၏။

## မွမ်းမံခြယ်လှယ်-အသွယ်သွယ်

ထိုနောက်တဖန် မောင်မမိသံရုံရွှေတော် ကိုယ်လုပ်တော်တို့က ကုသိုလ် ကောင်းမှု ပြုလိုကြကြောင်းဖြင့်–မင်းကြီးထံလျှောက် တောင်းဆိုကြပြန်ရာ ကျောက်သား ကျောက်နုပေါင်းစုသော တောင်များ ရှင်းလင်းပြီး မရှိသည့် လည်း တကြောင်း၊ နေပြည်တော်မှ ခွာခဲ့သည်မှာလည်း အလွန်ကြာနေ ပြီးဖြစ်၍ တကြောင်း၊ မိဖုရားကြီး ခမြာမှာ မကျန်းမာသည့်ကတကြောင်း၊ ဤသို့သော အကြောင်းကြောင်းတို့ကြောင့် ထွင်းဖေါက်ပြီး လိုဏ်ဂူတော်များ ၏ နံရံအတွင်းတွင် ပန်းချီ သုခုမအနုပညာသည်တော်များဖြင့် မြတ်စွာဘုရား ၏ ကိုယ်တော်စာ ရုပ်ပွားတော်များနှင့်တကွ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင် တို့၏ ၎င်းတသောင်း နှစ်ထောင်သော ဘုရားရှင်တို့၏၎င်း၊ ငါးသိန်းသော ဘုရားရှင်တို့၏တောထွက်ခန်း၊ ဗောဓိပင်၌မာရ်ငါးပါးကို အောင်မြင်တော်မူခန်း တို့ကို၎င်း၊ ဆေးမင်တို့ဖြင့်သာ ရေးသား၍ ကိုးကွယ်ပူဇော်ကြစေဟု ခွင့်ပြု တော်မူလေသည်။ ၎င်းပန်းချီတော်တို့ကို ကြပ်မတ်စီရင်ရန်ကိုလည်း (မင်းစုရှာ) ပြည်စိုး (ဦးရွှေဘ) ကို (ပန်းချီဝန်) အဖြစ် ခန့်အပ်လျက်





အရှေ့လားသော် သလ္လာဝတီမြစ်၊ အနောက်လားသော်–ပုံတောင်ခြေ၊ တောင်လားတော်–ပုဂံ နယ်စပ်၊ ယမားချောင်း ယခု (ပခန်းနယ်စပ်)၊ မြောက်လားသော်၊ ကနီးနယ်စပ် ကမားချောင်း။ ထိုနယ်လေးရပ် အတွင်း၌ရှိသော ပြည်စိုးကိုးကျိပ် ကိုးယောက် တို့က ခွန်လှိုင် ဆက်သသည်ကို ခံယူစားသုံးစေရမည်။ ၎င်း ပြင်တဝ ထို တောင်၌ ရှိရှိသမျှ ဘုရားဆင်းတု အစုစုတို့ကိုလည်း မွမ်းမံ ခြယ်လှယ်၍ အသွယ်သွယ်သောကိစ္စ အဝဝသော ပြုဘွယ်ရှိသမျှ မောင်မင်းက ကြပ်မတ်လျက် ပန်းရေချမ်းနှင့် ဆွမ်းတော်ကပ်ရန်ကိုလည်း မလစ်လပ်စမူ ၍ ပြည်သူတို့ ကြည်ညိုဘွယ်ဖြစ်ရန် စီမံရစ်လေဟု– မိန့်ခွန်းတော်ပြုပြီး သကာလ ဗန္ဓုဝနေပြည် ရမ္မဝတီးမြို့တော်သို့ ပြန်လည် မြန်းကြွတော်မူ လေသတည်း။

မှတ်ချက်။ ။ ပန်းချီးဝန် ဦးရွှေဘကို နယ်စား ကံကျွေးပေးသဖြင့် ၎င်းနယ်ကို ထိုကာလမှစ၍ (ပန်းချီနယ်) ခေါ်တွင်ခဲ့သည် ဟု၏။ ယခုကား (ဗဂျီ) နယ်ဟု ခေါ်တွင်လေ၏။

## ဗုဒ္ဓဘာသာနိုင်ငံ-ဗန္ဓုဝညီနောင်ကြုံ

ထိုသို့ အောင်လံတော် လွှင့်၍ အောင် တပ်တော်ကြီးကျင်းပခါ နေပြည်တော်သို့ ရောက်တော်မူကြသော အခါ (ဗန္ဓုဝ) (ရမ္မဝတီ) နှစ်မည်လင်း သည့် မင်းနေပြည်တွင် ပြုပြီးဘွဲ့ရ (မဟာဗန္ဓုဝ သုဗန္ဓုဝ) မင်းလှညီနောင် တို့သည် ယခင်က ကိုးကွယ်ခဲ့ကြသော အနေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတို့ကို တိုင်ပြည်မှ မောင်းနှင်၍ရှင်း၊ အဝတ်ဖြူကို ဝတ်လဲစေ၍ရှင်း၊ ရဟန်းကောင်းများဖြစ်တော် မူကြသော သံဃာတော်အရှင်မြတ်တို့အား နေပြည်တော် အနှံ့အပြား၌ ကျောင်းတော်များဆောက်လုပ်စေကာ လှူဒါန်း၍ ကိုးကွယ်ဆည်းကပ် အလှူတော်မြတ်ပေးပြီး မြို့တော်ကြီး၏ ရှေ့တူရူတွင် ပြူမင်း ပြိုးမင်းဟုဘွဲ့အမည် လင်းတော်မူကြသော (မဟာဗန္ဓဝ–သုဗန္ဓဝ) မင်း ညီတော်နောင်တော်တို့ သည် စေတီတော်တဆူ တည်တော်မူလျက် သာသနာပြုလေသော်–အဟောဝတ၊ ပုညပွားတိုး တန်ခိုးကြီးမား၊ ဖမ္မူမှာ ကျော်ကြားသဖြင့်၊ တရော့တပါးသော ထီးဆောင်းမင်းအပေါင်းတို့က သဝဏ်လွှာတော်သကြပြီး သမီးတော်များပင် ပဏ္ဏာတော်အဖြစ် ဆက်သွင်းကြလေသတည်း။

## သုံးမည်ဘွဲ့ရ ဗန္ဓဝ

ထိုကဲ့သို့ ကောင်းမှုတော်များ၊ အမျိုးမျိုးပွားတိုးသည်ကို ရည်၍ (ရမ္မဝတီ) ဗန္ဓဝမြို့ကို (ပုညဝမုန) မြို့တော်ဟု ထပ်ဆင့်၍ အမည်တော်ပြုရပြန်လေ သည်၊ ထို ဗန္ဓဝ (ရမ္မဝတီ–ဗန္ဓဝ–ပုညဝမုန)ဟုသုံးမည်ရ သုံးဘွဲ့ခံ၍ စိုးစံတော်မူစဉ်မှာပင် ယခင်မကျန်းမာလျက်ရှိသော မိဖုရားကြီးသည် ရုတ်တရက် ရှောင်တခင် နတ်ရွာစံကံတော်ကုန်သဖြင့် မဟာဗန္ဓဝ ကုသိုလ်ရှင်မင်းမြတ်ကြီးမှာမကောင်းမှုအကုသိုလ်သည် အစပြု၍ ဝင်ရောက်တော်မူ ရှာလေသည်။





## ပါရမီဖြည့် ဦးရွှေဘ

ဗန်ကျိုသူဌေးခေါ် (ပန်းချီဝန်) ဦးရွှေဘသည် ဗန္ဓဝ–ရမ္မဝတီတလီခေါ်ထ၊ ပုညဝမုန ဟု သုံးဘွဲ့မည်သီး၊ ပြည်ကြီးအရှင်ဘုရင်မင်းကြီး၊ ရွှေထီး၊ ရွှေနန်း၊ ပြည်ကြငှန်းသို့ ပြန်မြန်းတော်မူပြီးနောက်၊ မင်းကြီးအမိန့်တော် ထားခဲ့သည့် အတိုင်း ဤတောင်ပေါ်ရှိ ကျောင်းတော်မှတောင် ဤဘုရားနှင့် ဤတောင်ပေါ်ရှိ ကျောင်းတော်မှ သံဃာတော် အရှင်မြတ်များပါ ဆည်းကပ် လျက်၊ နံနက် ရေချမ်းနေ့မှာ ဆွမ်းနှင့်၊ ပန်းဟောင်း ပန်းသစ်စွန့်ပစ် တင်လှူ ဆီမီးပါပူဇော်လျက် တံမြက်ဝတ် အစရှိသည်တို့ကို ကိုယ်တိုင် လည်းပြုတပည့် လက်သား တို့ကိုလည်း နိုင်းစေကြီးကြပ်၊ နိစ္စသုစိသင်ရှင်လင်းကာ၊ ထပ်မံပြုပြင်သည့် အရာမှာလည်း တာဝတိံသာမှသက်သ နဂိုရ်ပြည်သို့ မြတ်စွာဘုရားသခင် ဆင်းသက်တော်မူသောအခါ ပတ္တမြား စောင်းတန်း ရွှေစောင်တန်း ငွေစောင်တန်းကြီးများကဲ့သို့ သုံးသွယ်သော ကျောက်စောင်း တန်းကြီးများခင်းကျင်းပြုလုပ်ခြင်း စသည်ဖြင့် ဗိုလ်ဝင်တောင် ၌ လစ်လပ်သည့်နေရာများကို ထပ်မံတိုးချဲ့ပြုပြင် ပူဇော်ပြီးသည့်နောက်သဒ္ဓါတရားတိုးပွားလျက် စေတနာ ထက်သန်ကာစိတ်အကြံဖြစ်သည်မှာ ပြူ–ပြိုး ဘွဲ့ခံမဟာဗန္ဓဝမင်းနှင့်သုဗန္ဓဝမင်းသား နောင်တော်ညီတော်တို့ သည် မြို့တော်နှင့်မနီးထီးနန်းနှင့်ဝေးကွာသော ဤဒေသခရီး ကန္တာရကြီး ကိုပင် စိတ်ရောကိုယ်ပါ အပင်ပန်းခံလျက်၊ ကြည်ရွှင်စွာ သဒ္ဓါတရားဖြင့် ဤ၍



www.burmeseclassic.com

www.burmeseclassic.com



ဤမျှ ပြောပချီးပွမ်းမကုန်ခန်းနိုင်အောင် ကိုးကွယ်ပူဇော်ခြင်းသည်
သာမညအကြောင်း မဟုတ်ပေ၊ သာသနာတော်စောင့် နတ်မင်းသည်
မြတ်စွာဘုရား ဗျာဒိတ်တော် ထားခဲ့သည်ဟူ၍ ထင်လင်းအောင်
အိပ်မက်ပြသည့် အကြောင်းကြောင့်သာ မင်းမြတ်တို့သည်
ဤတောင်တော်၌ များစွာသော မဟာကုသိုလ်တော်တို့ကို ပြုပေသည်
ဝါ့ကိုလည်း ထပ်မံပြုပြင်ရန် လွှဲအပ် ခဲ့သည်များကို ထောက်မြော်
ကြည်သော်မင်းမြတ်တို့နှင့် ငါသည်ဘဝအဆက် ဆက်က ပါရမီဖြည့်
လျက် ဆုပန်ဘက် ဖြစ်တန်ရာ၏။ သို့ဖြစ်ပါက ငါသည်လည်း
မင်းမြတ်တို့ကဲ့သို့ တသီးတခြားကုသိုလ်တော်များ တည်ဆောက်လျက်
ပါရမီ ကူညီဖြည့်အံ့ဟု စိတ်အကြံ ရှိလေသတည်း။

## ဆေးပေါင်းစုံလတ်-တောင်တော်မြတ်

ဤကဲ့သို့ စိတ်အကြံဖြစ်ခါ ဖိုလ်ဝင်တောင်ကဲ့သို့ ကျောက်ကောင်း
ကျောက်နုပေါင်းစုလျက်ရှိသော၊ တောင်ထူးတောင်မြတ်လစ်လပ်ရာဖွေ
လေသော် ဖိုလ်ဝင်တောင်နှင့် ကုလလေးတာငါးရာမျှ ကွာလျက်
အရှေ့တောင် ခပ်ယွန်းယွန်းတွင် သန်းနှင့်ဒဟတ်၊ ကြခတ်ဝါးရုံ၊
ကလိန်ချုံကြီး၊ အိမ်ဗျိုး ရှစ်ရှား၊ ဖန်ခါတယ်ပင်၊ ကညင်ကင်းမာ၊
များစွာပန်းပေါင်း ရှားစောင်း သစ်ပုလွေ၊ တထွေကင်းပုံး တရုံကျိုးအာ၊
လှည်းစာကင်းပိတ်ကျား မုတ်ဆိတ် ရောရာ၊ ဆေးကိန္နရာ၊
ဆေးလိပ်ပြာနှင့်၊ ဣသရမူလီ၊ ဂမုန်းနီ၊ ဂမုန်းဘား၊ ဂမုန်းယား
ဂမုန်းနက်၊ နနွင်းနက်၊ နနွင်းဝါ၊ ညှော်လာဂမုန်း၊ ဂမုန်းကမြင်း၊





သက်ရင်းကြီး သက်ရင်းကတိုး၊ အဘိုးတန် ခန်းဘောက်၊
ကြောက်စရာ ဂမုန်းဘီးလူး၊ အထူးထူးများစွာ နာငါးပါးအပါအဝင်
ဆေးပင်စုံပေါသည့် တောအလယ်တွင်၊ ရှုချင်ဘွယ် မဆုံးတောင်
တလုံးသော တောင်ငယ်သည် နတ်တည်၍ ထားသကဲ့သို့
တွေ့မြင်ရလေသတည်း။

## ရွှေဘတောင်တော်-သာယာပျော်

ထိုတောင်ငယ်တွင် ကျောက်သားအတိ ပြကတေ့ရှိသည်ကို
တွေ့ရသည့် အခါ ဗန်ကိုသူဌေးဟု ရေးသား သမုတ်ခြင်းခံရသော
(ပန်းချီဝန်) ဦးရွှေဘ သည် ကြည်ရွှင်ဝမ်းမြောက်လျက် နှစ်သက်
လှသဖြင့် ရှိရှိသမျှ အသင်းအပင်း အမှုလုပ်ကျေးကျွန် ငယ်သား
အားလုံးတို့ပါ စုရုံးလျက် ဘုရင်မင်းမြတ်တို့၏ စံနန်းတော် နေရာတွင်
ခတ္တနေလျက် ၎င်းတောင်ကိုရှင်းလင်း သုတ်သင်ပြီး လျှင် ယခင်
ပန်းရံ ပန်းပု ကျောက်ထုဆရာတို့ကို ရိက္ခာကံကြွေး လုံလောက်
စွာပေး၍၊ လျင်မြတ်စွာနိုင်းလေရာ ဘုရားရုပ်ပွားဆင်းတုမပါ
အရိယာသာဝက ဖြစ်တော်မူကြသော သံဃာတော် အရှင်မြတ်တို့နှင့်
တကွ၊ သမုတိနွယ်ဝင် ထေရ်အရှင်တို့ ကိန်းအောင်မွေ့လျော်
စပျော်ကြည်ရှင် အရှည်ကင်ဓ တင် ကမ္မဋ္ဌာန်း စီးဖြန်းတော်မူကြရန်
ရှစ်ပါးသော အရိယာ ပုဂ္ဂိုလ်တို့ကို ရည်မှတ်၍ တောင်စောင်းကို
လှည့်ပတ်လျက် လစ်လျှပ်ချက် မကျန်ရအောင် သလွန်ညောင်စောင်း
အင်ပျဉ်သထ္တာန် ကျောက်ပလ္လင်ခံ ကျောက်သက်နန်းကဲ့ သို့



www.burmeseclassic.com

www.burmeseclassic.com



သာဝကလိုဏ်ဂူရှစ်လုံး ဖောက်ထွင်းလျက် စတုဒီသာသံဃိကအဖြစ်ရေ စက် သွန်းချ လှူဒါန်းပူဇော်၍ (၃၁) ဘုံအမျှဝေသောအခါ ကောင်းကင် မှ ပန်းမိုးရွာသည်ဟူ၏။

မှတ်ချက်။ ။ ထိုကျောက်ဂူတို့ကိုလည်း မြတ်စွာဘုရား၏တပည့်သားတော်များဖြစ်ကြသော အရှင်သာဝကတို့ မပြတ်သီတင်းသုံး လျက် အရည္ဒါသီ တော်မှီမှတင် ဂူဝင်လိုဏ်ခေါင်းအောင်းတော် မူသည်ကို အစွဲပြု၍ ယခုတိုင် (သာဝကဂူ) ဟုခေါ်ကြလေသည်။

၎င်းတောင်ငယ်ကိုလည်း ပန်းချီဝန်ဦးရွှေဘသည် သာဝကဂူများ စတင်ဖောက်ထွင်းလျက် လှူဒါန်းသည်ကို အကြောင်းပြု၍ (ရွှေဘတောင်) ဟု ခေါ်လေသည်။

ဦးရွှေဘသည် ထိုတောင်ကို ထွင်းဖောက်နေစဉ် တပည့်ဖြစ်သူ ကြွေအား အကြောင်းတခုနှင့် မင်စုရွာသို့ စေလွှတ်ရာ ဖိုလ်ဝင်တောင် အနောက်ဘက် တမိုင်ခန့်တွင်ရှိသော ချောင်းငယ်ကို ကူရာ မိုးသည်းထန်းစွာ ရွာပြီး ချောင်းရေကြီးသဖြင့် ရေနစ်မျော၍ သေသည်ဟူ၏။ ၎င်းချောင်းငယ်ကိုလည်း (ကြွေယ်သေချောင်း)ဟု ခေါ်ကြလေ၏။ ယခုအခါ စကားရွေ့လျား၍ (ကျွဲသေချောင်း) ဟု ခေါ်ဝေါ်လျက် ရှိကြလေသတည်း။





ထိုအနောက် များမကြာမီကာလ ပန်းချီဝန် ဦးရွှေဘသည် ဖိုလ်ဝင်တောင်၌ ယခင် ဂူတန်းရှည်ကြီးများ အတွင်းနံရံတွင် ပန်းချီဆရာ အနုပညာ သုခုပညာစသည်တို့နှင့် ရေးခြယ်၍ ထားအပ်သော ရှေးဘုရား လောင်းတို့၏ တောထွက်ဟန်၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီး ဘုရား အဖြစ်သို့ ရောက်တော်မူလျက် ဓမ္မစကြာတရား ဟောတော်မူဟန် စသည် ဖြင့် ရုပ်ပုံတော်များရေသား ပူဇော်ပြီးကြောင်း (ရမ္မဝတီ ဗန္ဓဝ ပုညဝမု) ဟု နာမသုံးမည် မင်းနေပြည်တွင် စိုးစံတော်မူကြသော ပြုဗန္ဓဝမင်းများ ထံ အစီရင်ခံတော်မူလေသည်။

## သန္ဓေသူ စကားမယ်

ထိုစဉ်အခါ ဖော်ဂျီဦးဖိုးဝင်းသည် စဖိုတောင် အောင်သိဒ္ဓိ ရေကန်ကြီးအနီး အောင်သိဒ္ဓိလိုဏ်ဂူတော်ကြီး၌ နှစ်ပေါင်းများစွာ နေထိုင်လျက် ထွက်ရပ်လမ်း လုပ်ရိုးလုပ်စဉ်ဖြစ်သော အဂ္ဂိရပ်ဖိုထိုး နေခဲ့ရာမှ လိုအပ်လျက် ရှိနေသော မူလဆေးများကို ဖိုလ်ဝင်တောင် တရိုးတွင်း အမျိုးမျိုးသော ဝိဇ္ဇာမယိဒ္ဓိတန်ခိုးဖြင့် လှည့်လည် ကျက်စားသွားလာရှာဖွေနေရာ ဖိုလ်ဝင်တောင် တနေရာ၌ ခက်မငါးဖြာ ဝေဆာသိုက်မြိုက် လေလာသည့်အခိုက်တွင် အလိုက် သင့် လှုပ်ရှားနေသည့် မြင့်မာ ကြီးကျယ်လှစွာသော တရုပ်စကား ပင်ကြီး တပင်မှ အံ့သြဘွယ်ရာ ကောင်းလှသော အဖူးကြီးတဖူးသည် ပွင့်ခါနီးလျက် ရှိနေသည်ကို စောင့်ကြည့်နေခိုက် မကြာမီပင် လူမသိန်



www.burmeseclassic.com

www.burmeseclassic.com

နတ်မမျှ အလွန်လှပတင့်တယ်ရှုချင်စဖွယ် ရှိလှသည့် သန္ဓေသူကလေးကို ဖွားမြင် လာ၍ စကားမယ် ဟူ၍၎င်း (ရွှေစကား) ဟူ၍၎င်း အမည်ပေးကာ (သန္ဓေသူစကားမယ်) သမီးအလှကလေးကို အပြီးရသဖြင့်ယူဆောင်လာကာ မိဘတို့ ဝတ္တရားအလျောက် ကြီးပွားအောင်စောင့်ရှောက်ခဲ့လေရာ အရွယ်မှာ(၁၆) နှစ်ရှိနေပြီဖြစ်၍ လိုဏ်ဂူတော်ကြီးအတွင်းမှ ပြင်ပသို့ မထွက်ရန် မှာထားပြီး (ဇော်ဂျီဦးဖိုးဝင်း) သည် ဖိုလ်ဝင်တောင်ကြီးဘက်သို့ ဆေးမြစ်ရှာထွက်သွား သည်ဟူလို။

ဤသို့ မှာထားပြီး ဖခင်ကြီး ထွက်သွား၍ မကြာခင်ပင် သန္ဓေသူစကား မယ်ကလေးသည် ဖခင်ကြီးစကားကို နားမထောင်ဘဲလျက် လိုဏ်ဂူတော်၏ အပြင်ဘက်သို့ ထွက်၍ အောင်သိဒ္ဓိရေကန်ကြီးအတွင်းမှ ကြာပန်းများ ခူးယူနေစဉ် ပေါက္ကံပြည်ရှင်ဘုရင်မင်းမြတ်၏ အမှုတော်ထမ်းဖြစ်သော မုဆိုးတဦးသည် သားကောင်လိုက်ရာမှ တောဖျားလွန်ကာ ခရီးကျွံ၍ ဖိုလ်ဝင်တောင်နယ်လွှာမှာ မျက်စိလယ်လမ်းမှားပြီး လှည်းလည်သွားလာရင်ပင် စဖိုတောင်ခြေအနီး (အောင်သိဒ္ဓိ) ရေကန်ကြီး၌ သောက်ခိုက်တွင် (သန္ဓေသူ စကားမယ်ကလေး)သည် ရုတ်တရက်ရှောင်တခင် ပုဆိုးကို တွေ့မြင်လိုက် ရသဖြင့် လူဆိုလို့ ဖခင်ဦးဖိုးဝင်မှလွဲ၍ မမြင်ဘူးရကား ထိပ်လန့်ကြောက်ရွံ့ စွာဖြင့် အောင်သိဒ္ဓိရေကန်မှတက်၍ (အောင်သိဒ္ဓိ) လိုဏ်ဂူတော်ကြီး အတွင်းသို့ပြေးဝင်သွားသည်ကို မုဆိုးကြီး မြင်လိုက်ရာတွင် လူ့ရွာမှာ မမြင်စဖူး







သူ့ရုပ်ရည် အသွင်းထူးလှသည့် မြူးကသည့် ဥဒေါင်းခင်လို ဂူကျောက်အသွင်မှာ အတွေ့ဆန်းတာနှင့်ရသေ့ရဟန်း ထိုသခင်တို့အထံမှ အငြိုးငြင် လျှင် လိုချင်စမ်းပါဘိ၊ ပျိုခင်ဖျန်း မိကညာကို၊ မသိမသာ အနားကပ်ပြီး ဘဝါးခြေထပ်၊ လိုက်အလာမှာ ပက်ပင်းပါ ဖဇော်ဂျီနှင့်တွေ့လေလျှင် ဇော်ဂျီဦးဖိုးဝင်းသည် မုဆိုးအား အကြောင်းစုံမေးမြန်းပြောဆိုသိရသဖြင့် ဤသို့သော အကြောင်းကို မည်သူ တဦးတယောက်ကိုမျှ မပြောပါရန် အတန်တန်းမှာကြားပြီးလျှင် ပေါက္ကံပြည်ကြီးသို့ ပြန်လည်ရောက်ရှိစေရန် လမ်းညွှန်ကာ ပြလိုက်လေ၏ဟူလို။

ထိုအခါ ဇော်ဂျီဦးဖိုးဝင် စိတ်အကြံဖြစ်သည်မှာ ငါ၏သမီး၊ သန္ဓေသူ စကားမယ်ကလေးသည် အလှတွင်ဘုရင်၊ အယဉ်တွင်ပဂေး၊ မြင်သူတိုင်း ငေးလောက်သည့်၊ ရွှေသွေးနန်းဆန် လူမတန် နတ်မမျှ ချောမွေ့လှပသော အရွယ်အဆင်းနှင့်လည်းပြည့်စုံနေလေပြီ၊ ဤကဲ့သို့သော သမီးရတနာလေး ကို လူသူမနီးတဲ့တော်ကြီးမြိုင်စွယ်ဂနိုင်လယ်မှာ ထားလို့တော့ မသင့်လျော် ပေ၊ သို့ဖြစ်ထွေကြောင့်၊ ဖိုလ်ဝင်တောင်တလွှား၊ ဆုတောင်းပြည့်စသော ဘုရားတို့ကို ထွင်းထုကိုးကွယ်တော် မူသဖြင့်ဘုရားဒါယကာ ဖြစ်တော်မူသော ဗန္ဓုပြည်ရှင်ဘုရင်မင်းမြတ်သည် ဤဖိုလ်ဝင်တောင်ပေါ်သို့ ဘုရားပွဲတော်ကျင်းပရန်လာလိမ့်မည်၊ ထိုအခါ မဟာဗန္ဓုမင်းမြတ်အား မိဖုရားအဖြစ်မြှောက်စားတော်မူရန် တင်သွင်းဆက်သလေမှ သင့်လျော်လိမ့်မည်ဟု စိတ်အကြံဖြစ်သဖြင့် မဟာဗန္ဓု မင်းမြတ်ထံ အကြောင်းစုံသဝဏ်လွှာ ဆက်သွင်းလိုက်ပြီး ဖြစ်လေသည်ဟူ၏။





www.burmeseclassic.com

www.burmeseclassic.com

မှတ်စု နှင့် အချို့ထပ်တူဖြစ်၍ အချို့မှာ အနည်းငယ်လွဲမှားနေသည်ကို တွေ့ရပြန်လေသည်။

ဤသို့ဗဟုသုတ ရှာဖွေစဉ်အခါ ရှေးမှီနောက်မှီရဟန်းရှင်လူ ပုဂ္ဂိုလ်ကြီးတို့ ပြောဆိုသည်ကို နာယူမှတ်သားရသည်မှာ

သမိုင်းရာဇဝင်ဆိုသည်ကား—

(၁) သမိုင်းကျောက်စာ၌ ဖော်ပြရေးသားထားသောသမိုင်းရာဇဝင်။

(၂) အရာဝတ္ထုတခုခုကို စတင်တည်ဆောက်ထား မင်းအမိန့်နှင့် ရေးသားဖော်ပြသော သမိုင်းရာဇဝင်။

(၃) ဇာတ်သဘင်သည်တို့ ကပြကြသော သမိုင်းရာဇဝင်။

(၄) အကြောင်းအရာ ဖြစ်ပေါ်ချိန်အခါကစ၍ နောင်လာနောင်သားတို့ မှတ်သားရစ်ကြရန် ပညာအမျှော်အမြင်ရှိသူတို့က မိမိတို့တပည့် အစဉ်အဆက် သားသမီးအစဉ်အဆက် အဆင့်ဆင့် ပြောပြထားခဲ့ကြသော (ပါးစပ် သမိုင်းရာဇဝင်) ဟူ၍ လေးမျိုးရှိကြောင်း ကြားသိခဲ့ရဘူး၏။

(၁) ကဗျည်းကျောက်စာသမိုင်းမှာ ရှေးအကျဆုံးသော စကား**အ**တိုင်း အစုနည်းပြီး ရှိုးရှိုးကြီး ရှေးသုံးအက္ခရာတို့ နှင့်သာ**ထိ**ကျမှန်ကန်စွာ ရေးသားထား ပေသောကြောင့် ယခုခေတ်လူများ**အ**သံထွက်မှန်အောင် မဖတ်ရှုနိုင်ကြသည်ကို တွေ့ရှိရဖူးသည်။

(၂) မင်း၏ အမိန့်တော်နှင့် ရေးသားရသော သမိုင်းရာဇဝင် အတ္ထုပ္ပတ္တိမှာ အမှန်နည်း၍ အကြွားများပြီး အချီးမြှောက်ပိုသည်။





မင်း၏ အလိုတော်ကျ အတိုင်းရေးသားရခြင်းကြောင့် ဖြစ်ပေသည်။

(၃) ဇာတ်သဘင်သည်တို့ကို ကပြသောသမိုင်းရာဇဝင်မှာ ဇာတ်ကွက်ကောင်းပြီး ဇာတ်ကွက်လည်အောင် ကကြရသဖြင့် အလွမ်းအဆွေးများလှသည်။

(၄) (ပါးစပ်သမိုင်းရာဇဝင်)မှာ ကဗျည်း ကျောက်စာလက်ာ သမိုင်း၌ပါသည်ထက် အကိုးအကားများ၍ ဖျုပ္ပတ်ပြေ လည်သည်ဟူ၍ ရှေးမှီ ပုဂ္ဂိုလ်ကြီးများရေးသား ပြောကြားမိန့်ဆိုကြသည်ကို တွေ့ရှိဖတ်ရှုကြားသိ မှတ်သားရဘူးသည်။

သို့သော် သမိုင်းဆိုသည်မှာ ဘုရားဟောမဟုတ်သောကြောင့် ယထာဘူတကျဘို့ အမှန်ကိုသိ၍ ရေးသားစီရင်သာ ပုဂ္ဂိုလ်မှသာ ပမာနဖြစ်ချေသည်။ (ဤဖိုလ်ဝင်တောင်) တောင်တော်မြတ်၏ သမိုင်း အတ္ထုပ္ပတ္တိကို ပြည့်စုံလုံလောက်ပြီ မှန်ကန်သည်ဟု မယူဆပါ၊ ဤစာအုပ်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသော သုတေသီ ပညာရှင်အပေါင်းတို့က စေတနာ မေတ္တာတရား ရှေ့ထားပြီး၊ လိုလျှင်ဖြည့်စွက် ပိုလျှင်လည်းနှုတ်ပယ်ကြ၍ မှားယွင်းသည်ကိုလည်း ပြင်ဆင်ပြီးသတိပေးညွှန်ကြားစေလိုပါသည် ပညာရှင်တို့ ညွှန်ပြချက်ကို ထပ်မံဖြည့်စွက် နှုတ်ပယ်ပြင်ဆင်ပြီး ပုံနှိပ်ထုတ်ဝေနိုင်သော အခြေသို့ ရောက်ပါစေဟု ဆုတောင်း ရည်မှန်းချက်ထားရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဆောင်ယူဆက်သ ကဝေမ

မုဆိုးကြီးသည်လည်း ဖော်ဂျီဦးဖိုးဝင်း၏ ရှေ့သွားပြု၍ ခရီးညွှန်ကြားရာ လျှောက်လာသဖြင့် များမကြာမီ ပေါက္ကံပြည်ကြီးသို့ ဆိုက်ရောက်လာ လေလျှင် မကြာခင် စိတ်အကြံဖြစ်သည်မှာ ငါသည် တောဖျားစွယ်တွင် နယ်လွန်လို့ ရောက်ခဲ့စဉ်ကထူးချက် အတွေ့ အကြုံလေး တခုဖြစ်သော လပြည့် ဝန်းကဲ့သို့ရှုမဝ ကြည့်မဆုံး အပြုံး မပျက် အလုကြိုသရေတွေ ဝေဝေဆူနေ သည့် (သန္တသူစကားမယ်) ချောအလှလေးကို တောဝမြိုင်ပေါ်မှာ တွေ့ရှိ ခဲ့ရကြောင်း ဘုရင်မင်းမြတ်အား တင်လျှောက်ရလျှင်ဖြင့် ဆုလာဒ်များစွာ ပေးသနားချီးမြှင့်တော်မူလိမ့်မည်ဟု အကြံဖြစ်သည့်အတိုင်း မဆိုင်းမဖွင့်ဘဲ ပေါက္ကံဘုရင်မင်းမြတ်အား လျှောက်တင်လေသော် မင်းမြတ်သည် မုဆိုးအား ဆုလာဘ်များ ပေးသနားပြီး ဆောင်ယူ ဆက်သွင်းစေရန် အမိန့်တော်မှတ် လေလျှင် ဖော်ဂျီ၏သမီး ရင်သွေး လုပ‌ေး ဖြစ်ပါ၍ မဆောင်ယူ မဆက်သနိုင်ကြောင်း တင်လျှောက် လေသည်ဟူ၏။

ထိုအခါ ဘုရင်မင်းမြတ်၏ အပါးတော်၌ အမြဲတစေ ခစားလျက်နေသော အပျိုတော်တယောက်သည် စုန်းကဝေ အတတ်ကို တဖက်ကမ်းကပ်အောင် တပ်မြောက်သူ ဖြစ်သည့် အလျောက် သန္တသူစကားမယ်ကို ရှေ့နန်းတော်သို့ ရောက်အောင် တာဝန်ယူဆောင်ကျဉ်းပေးနိုင်ကြောင်း ရဲဝံ့စွာ တင်လျှောက် သဖြင့် ရှင်းအပျိုတော်အား လိုအပ်သော အဆောင်အယောင်နှင့်တကွ





ဆုလာဘ်များကို ပေးသနားတော်မူ၍ ဆောင်ယူရန် စေလွှတ် သောအခါ အပျိုတော်သည် မကြာခဏ ဇော်ဂနီနတ်မယ်လုတို့ကို ပသတင်းကိုးပြီး ထမီးကို စောက်ထိုးဝတ်ခါ မိမိ၏ ဆယ့်နှစ်ကြိုးသော ကဝေပညာ အတတ် ဖြင့် ကောင်းကင်ခရီးသို့ ပျံတက်ဖြတ်သန်းကာ ဖိုလ်ဝင်တောင်တန်း၊ စဖိုတောင်စခန်းသို့ ဖော်ဂျီဦးဖိုးဝင်းမရှိခိုက် နှင့်ကြုံ၍ အလျင်အမြန် (သန္တေသူစကားမယ်) ကလေးအားတွယ် ကပ်ဝင်ပူပြီး ငှင်းတင်ကာအသွင် ဆောင်လျက် အတောင်ယှက်၍ ဖုံးအုပ်ခါ ကောင်းကင်ခရီးဖြင့် ပေါက္ကံပြည်ကြီးသို့၊ ဆောင်ယူကာ မိမိ၏ အရှင်သခင်ဖြစ်တော်မူသော ဘုရင်မင်းမြတ်အား ဆက်သ အပ်နှင်းလျှော်၊ ဘုရင်မင်းမြတ်သည် (သန္တေသူစကားမယ်) ကလေး အားမြင်တော်မူလျှင်ပင် အလွန်ချက်ခြင်မြတ်နိုးတော်မူပါသဖြင့် မိဖုရား အဖြစ် မြှောက်စားတော်မူကာ ပျော်ပျော်ကြီး စံစားတော်မူလေ သည်ဟူ၏။

## ဆွေးမျက်ရည် ယိုစီးလျက်

ထိုအခါ (သန္တေသူစကားမယ်) ကလေးမှာမည်သည့်အခါကမျှ မတွေ့ မမြင်ရဘူးသော လပရိသတ်တို့နှင်တကွ မည်သည့်အခါကမျှ မတွေ့ မခံစား ခဲ့ရဘူးသည့်၊ ပေါက္ကံမင်းမြတ်၏ ပိုက်ထွေးယုယ နူးဆွကြင်နာ လွန်စွာသိမ့် မွေ့၊ ဖိုဓာတ်၏ အငွေ့သတ္တဝါတို့ရဲ့ ခံစားမှုဓလေ့တို့ကို မတွေ့စဘူး အတွေ့ ထူးသဖြင့်၊ မွေ့မူးအောင် ပျော်ပါးလျက် မင်းမိဖုရားစည်းစိမ်တွေကို မြိန်ယှက် စွာစံစားနေ



www.burmeseclassic.com

www.burmeseclassic.com



သည်–ဟူလို။

ထိုအချိန်တွင် ဖော်ဂျီဦးဖိုးဝင်းသည် တောတောင်ဂနိုင်၊ စုံမြိုင်အရပ်ရပ် လျှိုအထပ်ထပ်သို့ လိုအပ်သည့် ဆေးမြစ်တို့ကို လှည့်လည်ရှာဖွေနေသည့် အခိုက်နှင့် ကြုံကြိုက်လေရာ၊ မကြာခဏ နေဝင်ချိန် ခါသမယတွင် ဌာနဖြစ်သည့် စဖိုတောင်အနီး၊ အောင်သိဒ္ဓိ လိုဏ်ဂူတော်ကြီးသို့ ပြန်လည် ရောက်ရှိလေသော် အဖော်မနီးတဲ့ တောကြီးမြိုင်ဂူလိုဏ်ဂူအတွင်း၌ (သန္တေသူ စကားမယ်) သမီးကလေး ကို မမြင်တွေ့ရသဖြင့်၊ မရှင်မြေ့ဘဝင်ဖို၊ ငိုမလို မဲ့တလှည့်နှင့် ဘယ်နှယ့်ရန်သူ လာရောက်ခါ ဆောင်ယူပါသလဲရယ်လို့၊ ဂူထဲလိုက်ပြင် ဝင်ထွက်ခါ ဆင်ခြင်စူးစမ်းရှာဖွေလို မမြင်တော့တာမှ ဝိဇ္ဇာမယသိဒ္ဓိအဖြာဖြာတို့နှင့် ဣန္ဒိတာလိုရာကြည့်လိုက်တော ဗဟိုရ်နဂရာအတိ ပေါက္ကံနန်းကနက်တွင်၊ မှန်းအချက်တွေ့မြင်၍ မနေးအလျှင် ဝိဇ္ဇာတို့အတတ်နှင့်၊ ဘုရင်မင်းမြတ်၏ စက်ရာသို့ ကပ်ပြီးလျှင် နတ်သမီးအသွင်း (သန္တေသူ စကားမယ်) အလှလေးကို အကြာခဏ၊ မနေးခုအမြန်ပြန်လည်လို့ပို့ရမည်။ အသက်နှင့်မင်း စည်းစိမ်ကို၊ ခင်မင်မြတ်နိုးပါက ကပ်ကိုးကာမနေနှင့်၊ အကယ်၍ မပို့ပေးပါက၊ သင်မင်းမြတ်၏ ဥက္ကောင်း သံစောင်းနှင့် ဖြတ်ရ လိမ့်မည်ဟု ချိန်ခါရွယ်လျက် အိပ်မက်အသင် ပြခဲ့လေလျှင် ဘုရင်မင်းမြတ် ကြီးသည်ထိတ်လန့်ကြောက်ရွံ့သဖြင့် လျှင်အမြန် စက်ရာမှထ၍ မကြာခဏ ပြန်ပို့ခြေဟု ကဝေမ စံစားနေရာ မှ ရတ်တရက် ရှောင်တခင်၊ တောင်စဉ်အထပ်ထပ်၊ လျှိုမြောင် တွေပတ်လျက်၊ မြိုင်ရပ်တောကြီး၊ လူသူမနီးသည့် ခမည်းတော်





ဖေဖော်ဂျီ၏ စံမြန် ရာ၊ မြိုင်ချောင်းစဖိုတောင်ခြေ၊ (အောင်သိဒ္ဓိ ရေကန်ကြီး)အနီး (အောင်သိဒ္ဓိလိုဏ်ဂူ) တော်ကြီးသို့ ပြန်လည်ရောက် လာရသဖြင့်၊ တခဏလေးမျှ စံစား ခဲ့ရသော၊ မိဖုရားစည်းစိမ်တွေကို၊ အကြိမ်ကြိမ်တွေးမျှော်မိပြီး၊ ဆွေးလျက် မပြေ၊ ဆွေးရတတ်မွေရ လေးမှာ၊ ဆွေးမျက်ရေ ယိုစီးလျက်၊ ငိုညည်းလို့သာ နေရရှာသည်မှာ၊ နေ့ရက်တွေအလွန်ကြာသဖြင့်၊ (သန္တေသူစကားမယ်) ခင်ကညာ ကလေးတွင်၊ စားမဝင် အိပ်မရ၊ စိတ္တဇဝေဒနာစွဲကပ်လာပြီး၊ များမကြာမီ ဘဝင်အသဲနာလှသဖြင့်၊ ရင်ကွဲနာကျ၍ အနိစ္စသဘောသို့ ရွှေ့လျောရလေသတည်း။

**အမှာစကား**

ဤစကားမယ်ဇာတ်လမ်းမှာ (၁၂၈၈–ခု ၈၉–ခု) ခန့်လောက် ကရုပ်ရှင်ကုမ္ပဏီတခုမှ ရိုက်ကူးတင်ပြခဲ့ဘူးပြီးဖြစ်သော (စကားမယ် ဇာတ်ကား) သို့မဟုတ် (ရွှေစကားဇာတ်ကား)မှ မှတ်သားမိသမျှ အကျဉ်းချုံး၍ မိတ်ဆွေတဦးက ပြောပြသဖြင့် ဖြည့်စွက် ထည့်သွင်း လိုက်ပါသည်။

## ကြည်ညိုလာကြ–ဗန္ဓုဝ

ထိုစဉ်အခါတွင် မဟာဗန္ဓုဝမင်းကြီးသည် ဦးရွှေဘထံမှရင်း၊ ဖော်ဂျီ ဦးဖိုးဝင်းထံမှရင်း၊ သဝဏ်လွှာများ ရရှိသဖြင့် ညီတော်သုဗန္ဓုမင်းသား၊ မောင်မငယ်၊ မိဖုရား၊ မှူးမတ်၊ ဗိုလ်ပါအများတို့နှင့်တကွ မိုးလကုန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဝင်စ သီတင်းဝါလကျွတ်သည်နှင့်တပြိုင်နက် စစ်အင်္ဂါများ ပြင်ဆင်၍ ယခင်ကကဲ့သို့ ချီတက်တော်မူပြီးလျှင် ခရီးအစဉ်ဖြင့် ကြွလှမ်းတော်မူလေသော် ဗိုလ်ဝင်တောင်တော်သို့မကြာမီ ရောက်ရှိတော်မူလေသတည်း။

## မျှော်တော်တောင်-အောင်တော်မူဘုရား

မဟာဗန္ဓုဝမင်းကြီးတောင်ပေါ်သို့ ရောက်တော်မူလျှင် ဇော်ဂျီဦးဖိုးဝင်း၏ တင်လျှောက်ချက်အရ (သန္ဓေသူစကားမယ်) ကလေး၏ ဇာတ်လမ်းအစုံကို ကြားသိတော်မူရသဖြင့် မင်းကြီးသည် လွမ်းဟောင်းတွေ ပူဆွေးနေရာတွင်း လွမ်းသစ်ကထပ်ကူ၍ တိုးရပြန်သဖြင့် လွမ်းမိုးစွေကာ လွမ်းမျက်ရေ ကျ ဆင်းလာသည်ကို ဖြေဆည်တော်မူပြီးလျှင် မင်းကြီးနှင့်ညီဘွား နှစ်ပါးသော မင်းတို့သည် မှူးမတ်၊ ဗိုလ်ပါ၊ သေနာပတိတို့နှင့် သရီရဓာတ် ခမွတော် မြတ်တို့ ကိန်းဝပ်တော်မူရန်၊ နိမ္မိတစား ရုပ်ပွားတော်အပေါင်းတို့ကို သောင်းသောင်းဖြဖြ ပူဇော်ကြပြီးလျှင် ဘုရင်မင်းမြတ်ကြီးသည် ဤသို့ အကြံရှိတော်မူပြန်၏ ငါသည် ပေါက္ကံရာမမှ ပြန်လည်မြန်ကြွတော်မူစဉ်က ဤသို့သော ကုသိုလ်တော်များ မည်သည့်အခါမှ ပြုရမည်နည်းဟု မျှော်တလျက်သာ နေခဲ့ရပေသည်၊ ယခုမှ ငါ၏ အကြံရှိတိုင်းများစွာသော မဟာကုသိုလ်တော် တို့ကို ပူဇော်လှူဒါန်းရပေပြီ၊ ဤသို့သော အခြင်းအရာတို့ နောင်သော အခါ ကမ္ဘာနှင့်အဝှမ်းပြန့်နှံ့ ကျေညာတော်မူရစ်အောင် ထိုဗိုလ်ဓင်တောင် ကြီး၏ အမြင့်ဆုံးဌာန





တွင် စေတီတော်တဆူ လိုဏ်ဂူမုတ်ပန်းနှင့် ရုတ်တုတော်တဆူ တည်တော်မူရန် အကြံတော် ရှိပြန်သောကြောင့် ကျောက်ထုပန်း ရံ ဆရာများကို အမိန့်တော် ထပ်မံပေး၍ မနေးလျှင်လျှင်စီရင်ပူဇော်ကြ ရလေသည်။ ဤကဲ့သို့ အထူးထူးအဆန်းဆန်း အံ့ ဘနန်းမျှ မျှော်မှန်းရှုမြင် ကောင်းကင်နဘာ အဇ္ဈာဝယ် တိမ်လွှာတိမ်တိုက် ဆိုက်လှူနီးနီး ဤတောင်ကြီး၏ အထွဋ်၌ အမွတ်မှန်ကူသယမ္ဘူကိုယ်စား၊ ရုပ်ပွားစေတီ တည်တော်မူပြီးသကာလ ဗန္ဓုဝမင်းကြီးသည် မိုးနီးစွင့်စွင့်လွှန်စွာမြင့်သော ဤသည့်တောင်ထိပ်က ထူလှသောစေတီ ရုပ်ပွား ဤဘုရားရှင်ကို နောက်သား နောင်လာ ကမ္ဘာအဝှမ်း တည်ထွန်းရှိရစ်စေရန် အကြောင်းအားဖြင့် (မြှော် တော်တောင် အောင်တောမူဘုရား) ဟု ရွှေဘွဲ့တော်သား၍ ထားတော်မူပြီး လျှင် သံဃာတော် အရှင်မြတ်တို့နှင့် စေတီရုပ်ပွားတို့အား ဘုရားကိုယ် တော်စင်ကဲ့သို့ အနေကဇာတင်တော်မူလေသတည်း။

## နက်စွာအစောက်-သူခိုးကျချောက်

ထိုသို့ အနေကဇာတင်ပြီး မင်းကြီးအမိန့်တော် ရှိသည်မှာ ကမ္ဘာဦးအစ ရှေးမဆွက သမတန္ဓယ်စဉ် အရှင်းမင်းမြတ်တို့သည် ဘေးဉီပါဒ်အန္တရာယ် ငြိတွယ်မရှိ ပကတိ ကျန်းမာတော်မူကြစေရန် ဥက္ကောင်း လက်ခြေတို့ကို ရေမိုးသန့်စင်လျက် ဝတ်စာတန်ဆာ ဆင်ယင်ကာဖြင့် ဗြိတ္တာရာသီ ကြတ္တိကာ နက္ခတ်စန်းနှင့်အယှဉ်တွင် ရတနာသုံးပါးကို ရည်မှန်းသလျက် နိက္ခတ်ပူ ဇော်ပွဲ ပြုလုပ်ကြလေ





www.burmeseclassic.com

www.burmeseclassic.com



သည်။ ငါသည်တမူ ဤကဲ့သို့ နက္ခတ်ပူဇော်သည် မဟုတ်၊ ရတနာသုံးပါးကိုသာ ပူဇော်ပြီး တောင်ထိပ်ပေါ်တွင် ကြီးမားသော ကျောင်းဆောင်ကြီး တဆောင်၊ တောင်ခုလပ် မြေပြန့်ရာတွင် တဆောင် ဆောက်လုပ်စေပြီး စတုဒိသာ သံဃိကအဖြစ်ဖြင့်၎င်း လှူဒါန်းပူဇော်၍ သံဃဒါန ဆွမ်းတော်ကြီး လောင်းလှူကာ ဘုရားပွဲတော်ကြီးပြုလုပ်မည်။ ပြည်သူ ပြည်သားတို့သည် ဝတ်စားဆင်ယင်လျက် ဘုရားပွဲတော်ကြီးသို့ တက်ရောက်ကြရမည်ဟု ဆင့်ဆိုတော်မူသဖြင့် နိဂုံးဇနပုဒ်ရွာသိမ် ရွာငယ်များပါ မကန် ကောင်းမွန်စွာ ဝတ်စားဆင်ယင်ကာ အိုးစည် ဗုံမောင်း ပတ္တလား တူရိယာ တို့ဖြင့် ဖျော်ပါး ရွှင်မြူး ကြည်နူး ကခုန်ကြပေသည်။ ထိုသို့ပျော်ပွဲသဘင် ကပွဲများ ဆင်ယင်နေကြစဉ် သူငယ်မတယောက်၏ ပုတီးနှားရှောင်းစသော ပစ္စည်းဥစ္စာကို လူမသမာတို့ လုယူပြေး သွားသဖြင့်၊ အော်ဟစ်လေသော် မင်းချင်းယောကျ်ား မှုထမ်းသားတို့လိုက်လံ ဖမ်းဆီးကြလေရာ သူခိုးသည် နက်စွာသော ချောက်ထဲသို့ အားလွန်၍ ကျသွားသည်ဟူ၏။ မင်းကြီး ရှေ့နားတော်ကြား၍ အကြောင်းစုံ သိတော်မူသောအခါ ၎င်းချောက်ကို (သူခိုးကျချောက်) ဟု ခေါ်စမှတ် ပြုလေသတည်း။

မှတ်ချက်။ ။ ဆုတောင်းပြည့် ဘုရားအနီးမှချောက်ကို ဆိုလိုသည်။





# ပွဲတော်စထွင်-သက္ကရာဇ်တင်

ထိုဘုရား ပွဲတော်ကြီးကျင်းပ၍ နောက်ဆုံးနေ့ဖြစ်သော သာသနာ သက္ကရာဇ် (၁၅၉၆)ခု၊ ကောဇာသက္ကရာဇ် (၄၁၃) ခုနှစ်–တန်ဆောင်မုန်း လပြည့်နေ့၌ တိုင်းကြီး ပြည်ရှင် ဘုရင်မင်းကြေရာဇ် မင်းမြတ်သည် တိုင်းသူ ပြည်သားတို့နှင့်တကွ မှူးမတ်အများပါ ပျော်ရွှင်စွာ ကြည်ညိုကြပြီးလျှင် တောင်စဉ်လှည့်ပတ်၍ အထပ်ထပ် ပူဇော်ပြန်ရာ စံနန်းတော်နှင့် မနီးမဝေး သော ဒေသတွင် ပိတောက်၊ ယင်းမာ၊ စကားဝါ၊ စွယ်တော်၊ ဂန့်ဂေါ်၊ ဖွားဘက်၊ ပုန်းညက်၊ စူကာ၊ ခတ္တာ၊ သော်ကာ၊ ဒေါန၊ ကက္ကူ၊ ပဉ္စ၊ ဂမုန်း၊ ကြက်ရုံးစပ္ပါယ်၊ ခေါင်းရမ်း၊ နှင်းပန်းရင်ခတ်၊ ထားဝယ်ဇလပ်၊ ဂေါသဇင်၊ တော်ဝင်၊ မြတ်လေး၊ ပန်းပေါင်းစုံကြိုင်ကြိုင်မွှေး၍ ကျေးငှက်သံပြိုင် တောဂနိုင်၊ စုံမြိုင်ခင်တန်း၊ လျှိုစခန်းတောအလယ်တွင် ရှုချင်ဘွယ်မဆုံးအောင်၊ တလုံးသော တောင်ငယ်ကလေးပေါ်သို့ ရောက်လျှင်၊ ယခင်က မိဖုရားကြီး နှင့်အတူ ဤ တောင်ကမူပေါ်တွင် ပျော်ရွှင်စွာ စံစားခဲ့ဘူးသည်။ ယခုမူကား တကိုယ်တော်တည်း ရောက်ရှိနေရသဖြင့်၎င်း၊ မိဖုရားကြီးအား လွမ်းဆွတ် တမ်းတသတိရသည်က အကြောင်းကြောင့်၎င်း နှလုံးကြေကွဲ အသဲပြောင်းပြန် ဖြစ်ရပြန်၏။

ထိုတောင်ကြီးဘက်ဆီသို့ လှည့်လည် ရှုစားတော် မူပြီးသကာလ တယူဇနာမျှ ပမာဏရှိသော ဤတောင်ကြီးသည်လည်း ကျောက်သားပကတိ မြော်ကြည့်မမြင်နိုင်လောက်အောင် ရွှေငွေ မြသား၊ ပြယိုးယာနှင့်၊ ပတ္တမြား၊ သန္တာ၊ မုတ္တာဝရဇိန်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ခြယ်လှယ်၍ ကြည်ညိုဘွယ် အစုစုကို ထွင်းထု ပူဇော်ကာထားလေသော် မြတ်စွာဘုရားကိုယ်စား ရုပ်ပွားတော်မြတ် မွေးတော် ဓာတ်တို့နှင့် ရဟာတ်စတြာ၊ ယဂန္ဓာ နှင့် ဒီပါတောင်ကျွန်း ထွန်းလင်း တောက်ပ၊ မြန်းကြွလှမ်းချီ၊ ကွန့်မြူးလည်ကာအမှောက်တကာ ဖောက်ထွင်း၍ အလင်းကို ဆောင်ကျဉ်းသော နေမင်းကြီး အရောင်သည် နိမ့်တရုပ်ပွား ဆောင်ကျဉ်းသော နေမင်းကြီး အရောင်သည် နိမ့်တရုပ်ပွားရွှေ ကိုယ်စားတို့၏ တန်ခိုးတော်အဟုန်ဖြင့် ပေါင်းဆုံမိကြသည့်အခါ အလျှံ ပြောင်ပြောင် တောက်လောင်ဘနန်း ရှမခန်းအောင်၊ ကူးသန်းတက်သက်၊ ပြိုးပြိုးပြက်သဖြင့်၊ သက်တော်ထင်ရှားရှိစဉ်က ဘုရားကိုယ်တော်မြတ်ကြီး သည် ဒိဋ္ဌအပေါင်းတို့ကို နှိမ်နင်း၍ သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ တန်ခိုးပြာဋိဟာ ပြတော်မူသည့်ပမာ နီ၊ဝါ၊ညို၊ဖြူ စသော ရောင်ခြောက် ဆူ ကွန့်မြူးလျက် နဖူးတော် ဥဏ္ဏာလုံမှ ဆန်၊ စုန်လူးလာ၊ ဝဲယာမဆိတ် ခမ္ဘိသရ ခမ္ဘသာမိ၊ တုမရှိသည့်၊ မုနိထွဋ်ထား မြတ်စွာဘုရား ကိုယ်တော် စင်ကဲ့သို့ မင်းကြီးဘဝင်၌ ထင်မြင်တော်မူသဖြင့်၊ နှလုံးကြေကွဲ အသဲပြောင်း ပြန်လန်လုမတတ် ဖြစ်လတ်ရသည်လည်း တကြောင်း။

## လွှမ်းဟောင်းလွှမ်းသစ် ထပ်ခါရစ်

ထိုပြင်တဖြာ၊ ဆယ်မျက်နှာတွင်၊ ဝန်ရံကာဆီး၊ မြို့င်ကြီးဟေမာ၊ မဟာဂနိုင်၊ ပင်ချင်း ဆိုင်သည့်၊ ညွှာခိုင်ရောယှက်၊ ခက်ရွက်ပင်စဉ်၊ နွယ်ရှင်ကျောက်ပန်း၊ ခင်တန်းလျှိုကွေ့၊ နောက်ရှေ့တောင်မြောက်၊ ထက် အောင်ကမ္ဘားယံ၊ ပြန်လှန်ရှုစားတော်မူလျှင် ရေယဉ်ဇလာ၊ သီတာအိုင်အင်း၊ ချောင်းကွင်းယမား၊ များပျားစိမ့်စမ်း၊ ပတ်သန်းရေတံခွန်၊ တသွင်သွင်ဖြင့် ငွေပြွန်ကျဆင်း၊ ကံမင်းနန္ဒာ ကုဏ္ဍလာကဲ့သို့ မင်းကြီး ရှုမြင်တော်ရပြန်ရာ လွှမ်းဟောင်းလွှမ်းသစ် ထပ်ခါရစ်သည်ကလည်းတရပ်။

ထိုမှအခါ မာဂဓာကြူးရင့်၊ သံကုန်လွှင့်လျက်၊ ပင်မြင့်ထက်ပေါ်မြည် အော်ရွှေ့ပြောင်း၊ ဥဒေါင်းကြိုးကြာ၊ သာရကာနှင့် ဟသ်ာစက္ကဝတ်၊ မယ် ဆက်အောက်ချင်း၊ သောင်းတင်းဝင်ဘို၊ မယ်ညိုခေါက်ရှာ၊ သာလိကာတို့ တမာကြက်တော၊ ဥဩ၊ ဇင်ယော်၊ ငှက်တော်၊ ငှက်ခါး၊ ငှက်ငန္ဓား၊ တင်ကျီး၊ လင်းမီးဆွဲချို၊ ခင်စွတ်၊ သင်တိုင်ဝတ် မိုးခေါင်၊ အောင်ကျော်ငှက် ခွေးခေါ်ရစ်၊ မြစ်တွေနှင့် ပန်းထိမ်သည် စာမရိမောင်နှံ ငှက်မျိုးစုံခုန်ပျံ၍ တောင်ပန်နွယ် ယှက်လည်ချင်းဘက်လျက်၊ အသက်မယွင်း၊ သိုက်မြုံတွင်းက ချစ်တင်းဆိုသော အသံတို့ကို မင်းကြီးရွှေနားပန်ဆင်တော်မူရသည်ကတဖြာ။

## ပင့်သက်လိုက်ရှူ-လွှမ်းအားကူ

ထိုမှတတန် မြို့င်ယံတောသန်း ထိုထိုစခန်းမှ ဖြတ်သန်းကူးခတ်၊ စိုင်ဆတ်ဒရယ်၊ ချေငယ်သမင်၊ မျောက်ဝံလွှဲကျော် မြူးတူးပျော်၍ ကြင်ဖော် သင်းပင်း ရေသောက်ဆင်းကြသည်မှာ နာနာသတ္တရှိသမျှသားငှက် အပေါင်း တို့ကို မြင်တော်မူရပြန်လျှင် ယခင်ကအလွှမ်းနှင့်ယမ်းပုံမီးကျ ပမာဏကဲ့သို့ လွှမ်းစထပ်ကူ လွှမ်းအားတော်







www.burmeseclassic.com

www.burmeseclassic.com



# ဒုတိယနှိပ်ခြင်း

ဤဖိုလ်ဝင်တောင် သမိုင်းချုပ်ကြီးသည် အကြောင်းအမျိုးမျိုးကြောင့် တိုင်းပြည်လူထုလက်သို့ မတင်ဆက်နိုင်ဘဲ လစ်လပ်လျက်ရှိခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့လေပြီ။ ယခုအခါငင်း (သမိုင်းချုပ်)နှင့် ပြန်လည်မိတ်ဆက်လိုကြသော ဖတ်ရှုကြဘူးသည့် စာဖတ်ပရိတ်သတ်ဟောင်းများနှင့် ဖတ်ရှုလေ့လာလိုသူဘုရားဖူးပရိတ်သတ် သုတေသီ ပုဂ္ဂိုလ်အသစ်တို့သည် လိုလားတောင်တလာကြပြန်သဖြင့် အခက်အခဲအမျိုးမျိုးအကြားမှ ကြိုးစားဖြတ်ကျော်ကာ တပည့်ရင်းဖြစ်သူ မောင်ဆွေဦး(လွှင်ဦး–ဖိုလ်ဝင်တောင်)နှင့် စာရေးဆရာဦးကံဝင်းတို့၏ အကူအညီဖြင့်ဘုရားဖူး ပရိတ်သတ် သုတေသီပုဂ္ဂိုလ်များရဲ့ လိုလားတောင်တချက် ပြည့်ဝရှင်လန်းကြပါရန် စက်တင်ပုံနှိပ်ပြီး တင်ဆက်ထုတ် ဝေလိုက်ရပါကြောင်း။

အရှင်သုမန
မဟာသဒ္ဓမ္မဇောတိကဓဇ
ဖိုလ်ဝင်တောင်





# ဝန်ခံချက်

ဖိုလ်ဝင်တောင်ဆရာတော်ကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုမနအရှင်သူမြတ်နှင့် ရှေးစာဆို သလ္လာဒွေး ရေးသားလေ့လာတွေ့ ရှိသော အထောက်အထားများသည် ဖိုလ်ဝင်တောင်သမိုင်းအတွက် အလွန်တရာတန်ဖိုးကြီးလှသည်ဖြစ်ရာ စာရှုသူများသို့မူရင်း အာဘော် အတိုင်း ရှေးမူမပျက် ထည့်သွင်းဖော်ပြထားပါသည်။

စိစဉ်ပူဇော်သူ



www.burmeseclassic.com

www.burmeseclassic.com



ဆူသောကြောင့် လှိုက်ရှုပင့်သက်ဆူပွက်အမှု စက္ကုပသာဒ ဒွါရ အကြည်တွင် အလီလီယိုစီးလျက် ငိုညည်းမြည်းတမ်းကာ အလွမ်းမ ပြေရှိပြန်လေရကား၊ မင်းကြီးသည် ဤသို့မိန့်တော်မူ၏။

## လွမ်းဆွတ်သည့်တောင်

ငါသည် နေပြည်တော် ဗန္ဓုဝသို့ ပြန်ကြွရတော့မည်။ ဤမျှ လောက် ကြက်သရေ အပေါင်းနှင့် ပြည့်စုံသော ဤတောင် ဤဘုရားကို နေ့ညမပြတ် ဆည်းကပ်ကိုးကွယ်ခြင်း မပြုရချေတကား။ သို့ဖြစ်ငြား၍ ဤဘုရားနှင့် ဤတောင်ကို ယနေ့ကနောင် ဘယ်သောအခါမှ ငါသည် လွမ်းအားမပြေ လွမ်းမိုးစွေလျက်သာ စံစားနေရပေတော့မည်ဟု အမိန့်တော်မှတ်ခါ မတ်တပ်က လဲလျက် လွမ်းပွဲဆင်တော်မူရှာလေသတည်း။

## လွမ်းလေပြီ-လွမ်းစေတီ

ထိုအခါ မှူးမတ်သေနာပတိ ကဝိပုရောဟိတ် အပေါင်းတို့က ဤတောင် တော်ပေါ်၌ ကျောင်းတော်ဆောက်၍ ကိုးကွယ်တော်မူသော သံဃာတော် အရှင်သူမြတ်များအား ပင့်ဆောင်ကာ တရားဓမ္မ ဟောပြတော်မူစေလျှင် လွမ်းအားပြေတော်မူသကာလ လျောင်းစက်ရာ မှ ထတော်မူပြီးလျှင် မင်းကြီး မိန့်တော်မူသည်မှာ ငါကိုယ် တော်မြတ် သည် လွမ်းဆွတ်ခွေယိုင်ဖြေမဆည် နိုင်အောင်ရှိတော်မူသည့်ပမာ





နောင်အခါဤနေရာ ဤတောင်ပူစာသို့ ရောက်ရှိသူအပေါင်း တို့မှလည်း လွမ်းဆွတ်ကြပေလိမ့်မည်၊ ထို့ကြောင့် ဤတောင်ကို လွမ်းဆွတ်သည့်တောင်ဟု မင်းကြီး အမိန့်ပေးတော်မူခဲ့လေ၏။

ယခုအခါ စကားရွေ့လျော၍ရှင်း၊ ဤတောင်ပေါ်၌စေတီ တဆူတည်ထားလျက် ရှိနေသဖြင့်ရှင်း(လွမ်းစေတီ)တောင်ဟူ၍ ခေါ်ဝေါ်သမုတ်ကြလေ၏။

## အပိုင်စားစေ-မိဖုရားရေ

ဤကဲ့သို့ မင်းကြီးသည် ဤတောင် ဤဘုရား စသည့်အရာများကို လွမ်းဆွတ်တော်မူလျက်ပင် ပြည်ခွင့်တော် ဗန္ဓုဝသို့ပြန်ကြွရန် တပ်တော်များ ပြင်ဆင်တော်မူရာတွင် ယခင်က နတ်ရွာစံပြီးဖြစ်သော မိဖုရားကြီးသည် ကိုယ်ထင်ရှား ပြပြီးလျှင် ပဆစ်ဒူးထောက်လျက် ရှေ့တော်မှောက်က ဝင်ရောက်တားဆီးကာ မျက်ရည်ယို ငိုလျက် ခစားနေသည်ကို တွေ့မြင်ရ ပြန်သဖြင့် ကိုးကြောင်းကုန်စင် စစ်ဆေး မေးမြန်းတော်မူလေရာ မိဖုရားကြီးသည် ဤတောင် ဤဘုရား၊ ဤသည်များတို့ကို စိတ်စွဲလန်းလျက် အယူလွဲကာ ဘဝတိမ်းပြီး နတ်စိမ်းဖြစ်ရသဖြင့် ဤတောင်ပေါ်တွင် ဆုတောင်းပြည့် လျှင်မြင်တော်တော်တောင်၌ ကျောက်လိုဏ်ဂူတွင် နေထိုင်ရသဖြင့် အလွန်မှ ပင်ပန်း ဆင်းရဲကြောင်းလျှောက်တင်ခါ နတ်ကွန်းနတ်နန်း နှင့်တကွ နယ်တော် ပယ်တော်များ လျှောက်တောင်း လေရာ ဤတောင်ပေါ်၌နတ်ကွန်းများ ခမ်းနားစွာ ဆောက်လုပ်စေလျက်၊



www.burmeseclassic.com

www.burmeseclassic.com



ငှင်းဖိုလ်ဝင်တောင်နှင့်တကွ မင်းစုရွာ အပါအဝင် ပန်းချီနယ်ကို အပိုင်စားပေးကာငှင်း၊ နယ်သူနယ်သားတို့၏ အပူဇော်ခံစေဟု အမိန့်တော်ပေးပြီးလျှင် နေပြည်တော် ဗန္ဓဝ သို့ ချီတက်တော်မူလေသတည်း။

## ပဏ္ဏာဆက်လာ-စိမ့်တိုင်းရွာ

ဤသို့ ရွှေစိတ်တော် မကြည်မရွှင်နှင့်ပြည့်ခွင်တော်သို့ ဆိုက်ရောက်တော်မူလျှင် ယခင်က ကျော်ကြားခဲ့သော ရွှေဘုန်းတော်တေဇာသည်၊ အပြေ ပြေအရွာရွာတို့မှာ ကြားသိကြလျက်ရှိရာ ဂန္ဓာလတိုင်း စိမ့်ပြည်မှ ဥတည်ဘွားမင်းသည် ငှင်းသတင်းကို မှန်သည် မမှန်သည်ကို သိလိုသဖြင့် စုံစမ်းရန်တဝ–အကယ်၍မှန်ခဲ့ပါက ဤသမီးတော်နှစ်ပါးကို လက်ဆောင် ပဏ္ဏာထားလျက် မိတ်ဆက်ရန်တဖြာ၊ တကယ်၍ ငှင်းသတင်း မမှန်ပါက ထိုမင်းနှစ်ပါးကို လက်ရဖမ်းဆီး၍ ပြည်ကြီးသို့ ခေါ်ဆောင်ခဲ့ရမည်ဟု အမိန့်တော်အဆင့်ဆင့်ဖြင့် ခေါပဏီတပ်ဖြန့်ခင်းကာ စေလွှတ်လိုက်သော ပုရောဟိတ်ပညာရှိတို့နှင့်တကွ သဝဏ်လွှာများရောက်ရှိလာသော– မဟာဗန္ဓဝမင်းကြီးသည် ရွှေနန်းတော်လေသာပြူတင်းမှ မျက်နှာတော် ပြူထွက်ခါ မိုးကောင်းကင်သို့ပြုံးရွှင်စွာဖြင့် မော်ကြည့်ရှုစားတော်မူလေလျှင် ဝဇ္ဇာဟကပဇ္ဇုန်မင်းသည် မကြားချက်ချင်း ထစ်ချုံးလျက် သည်းထန်စွာသော မိုးကြီး ရွာသွန်းစေလျက် မင်းကြီးဘုန်းတော်ကို ကူညီဖြည့်စွက်လေ၏။ တဖန် ရွာသွန်း





စေလျက်ရှိသော မိုးရေကို ရပ်စဲစေလိုပြန်သဖြင့် အာကာသအပြင်သို့ ပြုံးရွှင်သော မျက်နှာတော်ဖြင့် ရှုစားတော်မူလေလျှင် ပဇ္ဇုန်မင်းသည် ရွာသွန်းလျက်ရှိသော မိုးရေကို ရပ်စဲရလေ၏။ ဤသို့သော အခြင်းအရာကိုမြင်လေလျှင် စိမ့်လူမျိုးတို့သည် မင်းကြီး၏ ရွှေဘုန်းတော် ချီးပလျက် စိတ်ဘဝင်ရွှင်ပြစွာဖြင့် သမီးတော်များကို ရုံရွှေတော်အစုံအလင်နှင့် ပဏ္ဏာတော်ဆက်သကြ၍ မဟာမိတ်ဆက်ကြလေသတည်း။

## မလုမယ် ရွှေသာလျောင်း

ပြူဗန္ဓဝမင်းများလက်ထက်မှစ၍ မြန်မာမင်း အဆက်ဆက် တို့တွင် မင်းတုန်းမင်းတြားကြီး ရွှေလက်ထက်တော်၌ ဝန် ဦးထောင်ဖိုလ်အား မင်းကြီးအထင်တော်မှားသဖြင့် ထိုတောင်မှာပင် ဖမ်းဆီးသုတ်သင် သတ်ဖြတ်ကွပ်မျက်ပြီး အလောင်းကို ရွှေဘတောင် အရှေ့ဘက် တမိုင်ခန့်တွင် (မကျီးတထောင်ရွာ) အနီး၌ သင်္ဂြိုလ်ပြီး ဂူသွင်းထားသည်မှာ ယခုတိုင် တောင်ချုံ ပိတ်ဖုံးလျက်ထင်ရှားရှိလေ၏။

ဤသို့ ဝန်မင်း ဦးထောင်ဖိုလ် အနိစ္စရောက်ပြီးနောက် ဝန်ကတော်ကြီး ခမြာမှာ နောက်ပါယေသားတို့ကို ခေါ်၍ ရာဇဝတ်ဘေးမှ အေးလေအောင် ရှောင်ရှား၍ နေရှာလေ၏။ ကာလကြာသောအခါ၌ တောင်ပေါ်တွင် ဝန်မင်း ၏ ဝိညာဉ်ချုပ်သည့် နေရာအနီး ဝန်မင်း၏ ကိုယ်စား ရည်မှန်း၍ တောင်ခါး ပန်းတနေရာတွင် ရွှေသာလျောင်းကိုယ်တော်ကြီးတဆူ ကျောင်းတော်နှင့်တကွ



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ပူဇော်လေသည်။ ၎င်းကို (မလှမယ် ရွှေသာလျောင်း)ဟူ၍ ခေါ်ဆိုကြလေသည်။

# ဖိုလ်ဝင်တောင်ကြီး အံ့ဘွယ်ရှစ်ပါး

လောကီဉက္ကာ၌ နေနွယ်နတ်ဟု ဗုဒ္ဓမြတ်စွာ စောသတ္တာသည့် နောင်ပါ အများ တပည့်သားနှင့် လှည့်သွားဒေသစာရီ ကြွချီတော်မူရာ မဇ္ဈိမကာ ပစ္စန္တရာဇ် ရောက်တုံလစ်သော် နဒီမြစ်သလ္လာ၊ နောက်မျက်နှာ၌ သေလာညွှန်ဖူး ဤတောင်ထူးတွင်၊ ကြည်နူးလှစွာ ဖလသမာပတ် ဝင်စားလတ်၍ ဘုရားမြတ်စွာထသောခါဝယ်၊ လွန်စွာတင့်တယ် စမွါယ်တော်မူ၊ ရွှေနှုတ်တော်ကြူသည်၊ နောင်မှုထို တောင် ဖိုလ်ဝင်တောင်ဟု အမည်ပြောင်ရွှန်း၊ သာသနာ ထွန်းလိမ့်၊ ရွှေဗျာဒိတ်တော် ထားတော်မူခဲ့သည်။ ဤဖိုလ်ဝင်တောင်ကြီး အံ့ဘွယ်ရှစ်ပါးမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

၁။ ၎င်းဖိုလ်ဝင်တောင်ကြီး၏ အရှေ့အနောက်ဒေသာ ရပ်မျက်နှာမှ ရှုခါမျှော်မှန်း၊ တောင်မြောက်တန်းလျက်သွယ်တန်း ပြန့်ပြောသဖြင့်၊ အံ့ဩဘွယ်ကြီးတပါး ဖြစ်ပေကြောင်း။

၂။ ၎င်းတောင်ကြီးသည် တောင်မျက်နှာ မြောက်မျက်နှာမှ ရှုမြင်ရသော အခါမှာလည်း အရှေ့အနောက် ဖြောင့်ဖြောင့် ရှည်လျား မြင်ရငြား သဖြင့်၊ အံ့ဘွယ်တပါးဖြစ်ရပေကြောင်း။





၃။ ၎င်းတောင်ကြီးကိုပင် အရှေ့မြောက်ဒေါင့်၊ အနောက်တောင်ဒေါင့် အရပ်မျက်နှာတို့မှ ဖူးမြော်ရသောသူဟူသ၍ အရှေ့တောင်ဒေါင့်နှင့် အနောက်မြောက်ဒေါင့် မကောက်မကွေ့ ဖူးတွေ့ရသောကြောင့် အံ့ဩဘွယ်ရာ ဖြစ်ရပါပေ၏။

၄။ ၎င်းတောင်ကြီးကိုပင် အရှေ့တောင်ဒေါင့်နှင့်၊ အနောက်မြောက်ဒေါင့် ဒေသမှဖူးတွေ့ရသည့် သူအပေါင်းတို့မှာလည်း အနောက်တောင် ဒေါင့်အရပ်နှင့် အရှေ့မြောက်ဒေါင့်အရပ်တို့ကို သွယ်ဖြတ်လျက် တကယ် သပ္ပါယ်ခါပြန့်ပြောသဖြင့် အံ့ဩဘွယ်တပါး ဖြစ်ပါပေ၏။

၅။ ဤဖိုလ်ဝင်တောင်တော်ကြီးကို ရွှေနောက်ဝဲယာ ဆယ်မျက်နှာ လှည့်ခါဖူးမြော် တွေ့ရသော်လည်းကုန်ပေါ်ကမ်းနား မှောက်၍ ထားသော ပိန့်ကောမ လှေသဖွယ်၊ သွယ်သွယ်ရှယ်လျား တွေ့ရငြား သဖြင့် အများပြည်သူကြည်ဖြူသာမော၊ လွန်ပြန့်ပြောသဖြင့် အံ့ဩဘွယ်ရာ ဖြစ်ပါပေ၏။

၆။ ၎င်းတောင်တော်ကြီးသည် မြေမှုန့် ရောစပ်ခြင်းမရှိ၊ ပကတိ ကျောက်သားအတိ ရှိသဖြင့် ဆင်းတုရုပ်ပွား၊ ဘုရားလိုဏ်ဂူ အဆူဆူထွင်းထုသော်လည်း ပြိုကွဲယိုယွင်းခြင်းမရှိ ခန့်ငြားသော ကြောင့် အံ့တပါးဖြစ်ရပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com



၇။ ၎င်းတောင်ကြီးကို အမှီပြုလျက် အသက်မွေးပြု နေကြသူ နယ်သား နယ်သူ အများတို့မှာလည်း ထုတ်နုတ်သုံးစွဲ၍ မကုန်နိုင်လောက် အောင်၊ လူသုံးပစ္စည်းအမြောက်အများထွက်လျက် အမှန်ပေါကြွယ် ဝသည်မှာလည်း အံ့သြဘွယ်ရာတပါးဖြစ်ပါပေ၏။

၈။ ၎င်းဖိုလ်ဝင်တောင်ပေါ်၌ အမြဲနေလိုင် သီတင်သုံးတော် မူကြသော ရဟန်းရှင်သူ သူတော်စင် အရှင်သူမြတ်တို့နှင့်တကွ ဘုရားဖူးရောက်ရှိလာကြသော လူအပေါင်းတို့အားငှင်း၊ နိုင်ငံတော် အသီးမှ တန်ဆောင်မုန်းလပွဲတော်ကြီးကို ရောက်ရှိလာကြသူ၊ နိုင်ငံတော်သူ နိုင်ငံတော်သား တို့အား၎င်း၊ ဘေးဥပါဒ် အန္တရာယ်ကို ကာကွယ်ပေးသကဲ့သို့ ခိုက်ရန် ဒေါသမှစ၍ ကင်းရှင်းပြီးပျော်ပျော် ရွှင်ရွှင် ကခုန်တီးမှုတ် ပွဲတော်ကြီး ပြုလုပ်ကျင်းပ ပူဇော်ကြရသဖြင့် ထောပနာ၍မပြီး၊ အံ့ချီ၍ မကုန်ဆုံးနိုင်အောင် ရှိလှပါပေ၏။

ဤကဲ့သို့ အံ့ဘွယ် ရှစ်ဖြာ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဤတောင် ဤဘုရား ဤသည်များကို ပြုမင်း–ပြုးမင်း ဘွဲ့ရင်း ဗန္ဓဝ သုံးမည့်ရ ကြသော ညီတော် နောင်တော် နှစ်ပါးသောမင်းတို့နှင့် ပန်းဆိုးဝန် ဦးရွှေဘ တို့လက်ထက်ကစ၍ မြန်မာပြည်ကြီး ထီးဆောင် မင်းအပေါင်းတို့ ဆက်လက် ကိုးကွယ်သော နေနွယ် ဝင်းပြောင်း၊ ကုန်းဘောင် ပဝရ သမတ စောနောင်၊ အလောင်းဘုရား ဦးအောင် ဇေယျမှ ဆင်းသက်ပြီးလျှင်၊ ဘုရင်သီပေါမင်း တြား ရွှေလက်ထက် တိုင် ဤဖိုလ်ဝင်တောင် ဘုရားပွဲတော်သို့ လာရောက် ရောင်းချကြသော





ဈေးသည်းများမှာ ကျောက်ပုံအတွင်းရှိ ဆိုင်းများကို ဤ တောင်ပေါ်၌ ကြီးကြပ်ပြုပြင်ကြသော သံဃာတော် အရှင်မြတ်များက အလှူ ခံပြီး ပျက်စီးယိုယွင်းသမျှ ပြုပြင်လှူဒါန်းကြသည်။ ကျောက်ပုံအပြင်ဘက်ရှိ ဆိုင်များကို မင်းဖူးရပါသူကြီးတို့ အစဉ်မပျက် ကောက်ခံပြီး ပွဲတော်ကြီး ကိုဆောင်ရွက် အုပ်ချုပ်ရလေသည်ဟု မင်းဖူးရွာ ရေဝန်းကျောင်း ဆရာတော် ရေးကူးသော သမိုင်းစာမူတွင် ဖတ်ရှုရဘူးသည်။

ဘုရင်သီပေါမင်းနှင့် မင်းဖူးရွာသူကြီး မောင်ရွှေဖန်လက်ထက် ကျရောက် သော် ထီးကျိုးစည်ပေါက် ပြည်မှောက် နန်းကျ မြန်မာပြည်ကြီး အောက်ကျ နောက်ကျဖြစ်ရသည်ကစ၍ ဤပွဲတော်မှ ရရှိသော ဈေးကောက်ငွေများဖြင့် ပြုစု ပြင်ဆင်သူမရှိ အတိသုညဖြစ်ရပေတော့သည်ဟု မုံရွာမြို့မှ အမျိုးသား ကျောင်းဆရာကြီးတဦး ရေးကူးသော သမိုင်းစာမူတွင် ဖတ်ရှုရဘူးသည်။

## ဖိုလ်ဝင်တောင် သမိုင်းချုပ် နောက်ဆက်တွဲ

သံဝဠ္ဍအစ ဝိဝဋ္ဋဌာယီ ကပ်လေးလီဝယ် ဤမည်သော ဘဒ္ဒကမ္ဘာမှာ ရှိရှိသမျှသော တောင်အထူးထူး တို့ထက် ကျွန်ုမြူးတောက်ပ၊ ရူပစိန္တိ ကဒ္ဒိဂုဏ်ပေါင်း၊ သိမ့်သိမ့်ညောင်းအောင်၊ တောင်ကောင်းကျောက်မြတ်၊ နဝရတ်အသွင်၊ ညစ်ကြေးစင်၍ ဥမင်းလိုဏ်ဂူ ဖောက်ယူထွင်ထုး ဆင်းတု ရုပ်ပွား၊ ဘုရားတန်ဆောင်၊ ကျောင်းကန် ပြသာဒ်၊ ဇရပ် စောင်းတန်း၊ အခန်းခန်းတို့ကို၊ ဘုရားဖူး ရောက်ရှိ လာကြသော လုပ်သားပြည်သူ ရဟန်းလူ အများတို့



www.burmeseclassic.com

www.burmeseclassic.com

လွယ်ကူစွာဖြင့် နှံ့စပ်အောင် ရောက်ရှိဖူးတွေ့ကြစေရန် ရည်မှန်း၍ စီတန်းလိုက်သည်မှာ–

ဖိုလ်ဝင်တောင်ကြီး၏ တောင်ဘက်ခြေတောရင်းတွင် ကြည်လင်သန့်ရှင်း ပျော်ခင်းစံရာ ချုပ်လွှာအစုံကြာပဒုံနှင့် အစုံပေါက်ရောက်ခန်းတောက် ဟင်းရုံ သင်းပျံ့ထုံထုံပန်းဝတ်မှုံ တို့၌၊ မြူးခုန်သောက်စားပျံ့လွှားရွှင်ပြုံး၊ ပိတုန်း၊ လိပ်ပြာ၊ ကြိုကြာဖင်ယော်၊ ငှက်တော်အပေါင်းတို့၏ ကျက်စားရာ ရတနာမြသား သဒ္ဒါန်အိုင်အလားကဲ့သို့ ကျောက်သား ကျောက်ရုံ လေးဒေါင့်ကန်ကြီးနှစ်ခုတို့သည်လည်း အံ့ချီးဘွယ်ရာ မဟာရေကန်ကြီးများ လည်းရှိပါကြောင်း။

ကျောက် စောင်းတန်းကြီးများလည်း အသီး တခြား၊ ကျောက်တုံးတို့ကို အင်္ဂတေတို့ဖြင့် ပြုလုပ်ထားခြင်းမဟုတ်၊ တောင်သားတို့ကို ထွင်းခုတ်၍ ကန်သင်း ခုလုတ်မရှိ၊ ပကတိမြေပေါ်မှာ သွားရာဘိ သကဲ့သို့ နူးညံ့ချောမွတ် ညီညွတ်ပြေပြစ်လှစွာ ရှိပါကြောင်း။

လွမ်းဆွတ်သည့်တောင် (လွမ်းစေတီ) ဘုရားမှာလည်း ဝပ်ထားသကြည့် ဖြေမဆည်နိုင် ရဂုံမြိုင်နှင့် ထုံလှိုင် မွှေးပျံ့၊ တကန့်ရေယဉ်၊ စုံခွင်ဂန္ဓာ၊ ရှုတိုင်းသာသည့်၊ ဖြာဖြာနှင်းငွေ့၊ ကိုးမြူမှောင် အရောင်ကြွေ့လျက်၊ ဓလေ့ ဘာသာ ငှက်သံညှင်း၍၊ ချစ်တင်းညာလျှင်၊ ပဇာလိုလို၊ ဘာလိုလို နှင့် သာချိုအေးမြ ကဟန်ခုန်ဟန်၊ မြူးကာပျံ့လို့ မောင်နှံ တွဲယှက်၊ လည်းချင်း ဘက်သည်၊ ငှက်ကယ်သွင်ပြင်၊ သည်ပုံကိုမြင်ကြတော့ မိမိတို့ဖြစ်အင်ကို ရော်ရမ်း၍ လွမ်းစတွေ ပွေလည်အောင် ဤတောင်မှာ ဟန်မတားနိုင်ဘဲ အမှန်အား ဖြစ်ကြရပေလိမ့်မည်။





ကျောက်ကောင်း ကျောက်မြတ်၊ ပတ်သေး ပတ်ကြောင်း မထင်သဖြင့်၊ တုယင် မှန်ကင်း၊ တောင်ရင်းစိုင်ပေါင်၊ မှတ်ဆောင်း စုလစ်၊ ဖွဲ့ရစ်ခါခါ ထုလုပ် အပ်သောကျောက် ပြဿဒ်ကြီးတခုနှင့်၊ ပဏ္ဏာ၊ ကာလ၊ တီထာ၊ ကေသရာ လေးဖြာသော ခြသေ့ အစစ်ကဲ့သို့ ထွင်းလုပ်၍ ထားပြီးကာလ အတွင်းကျောက်ပြင်မျက်နှာမှာ ညက်စွာသော နှံ့သာမှုန့်များ အစဉ်မပျက် ထွက်နေသဖြင့်၊ ယောကျ်ား မိန်းမ ကလေး လူကြီးမရွေး မွှေးကြိုင် လှစွာသော ကျောက်မှုန့်တို့ကို သုတ်လိမ်း၍မကုန်နိုင်အောင် ဖြစ်သည် ဤနှံ့သာတောင် ကိုလည်း ရောက်နိုင်ကြပေလိမ့်မည်။

လောကီဥက္ကဋ္ဌ နေနွယ်နတ်ဟု သိဒ္ဓတ်လောင်းလျာ တို့မြတ်စွာသည်၊ နောက်ပါဆန္ဒ ကဏ္ဍကနှင့်၊ နန်းမက ခွာတော်မူ၍ အနော်မာ ငွေသောင် စပ်ဝယ်၊ ဥဿျှောင်ကို ဖြတ်ပယ်ခါအရှင်းတွင်၊ သိကြားမင်း ဆောင်ပင့်၍ ထက်နန်းမြင့် ဝတိံသာ၌မြတ်စူဠာ တည်တော်မူသကဲ့သို့ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ အစုံဖြင့် နတ်ပြည်က သုဇမ္ပတိတို့လို၊ စူဠာမဏီဘုရားစေတီ တဆူ တည်ထားတော်မူ သည်ကိုလည်း ကြည်ညို၍မဆုံးနိုင်အောင် ဖူးတွေ့ကြရပေလိမ့်မည်။

ကြည်၍မငြိုး၊ အံ့မပြီးအောင် (ဖိုလ်ဝင်တောင်) ကြီး၏ အထက်ထိပ်ဖွေ ချက်ဝယ်၊ နတ်လယ်ဟူသောအမှတ်အသားကို၊ စပါးကောက်ပင်၊ စိမ်းရွှင်စိုငိုက်၊ လှမစိုက်ဘဲ၊ အလိုက်ဘာသာ သူ့ချိန်ခါတွင် ပေါက်လာမသွင်း နတ်လယ်တွင်း၌ ထင်ထင်း အောင်တွေ့မြင်ရသည်ကိုလည်း ကောင်းချီးဩ ဘာ ထောမနာလျက်၊


www.burmeseclassic.com

www.burmeseclassic.com



ပြောစရာကြီးတခု တွေ့မြင်ကြရပေလိမ့်မည်။

သီတာရာမ လက္ခဏာနှင့်၊ ပျော်ကြသည့်တောစခန်း၊ မြိုင်နန်းကြို့ရိပ်၊ သုဂျိပ်ဗာလီ၊ နောင်ညီခင်လို၊ ဘုရင်ဟနုမာ၊ မော်ရုံသာကဲ့သို့ရှင်း၊ ခအောင်း ကညင်၊ ဘယ်ပင်ဖန်ခါး၊ ရှစ်ရှားကနခို၊ အမျိုးမျိုး ပေါက်ရောက်သော တောင်ခင်တန်း ဤစခန်းဝယ် ဘီလူးကြမ်း ဒသာဂီရိ၊ သီတာမိဒေဝီကို ပွေလီကာ ယူဆောင်သည့် မော်ရောင်မြိုင်ချေက သုံကုဋေခြောက်သောင်း၊ မျောက်အပေါင်း ပျော်စံရာကဲ့သို့ ဥပမာ တင်လောက်အောင် ကြောင်းမျ မျောက်သင်းကြီးကိုလည်း တွေ့မြင်ကြရလိမ့်မည်။

ငင်းပြင် (ဖိုလ်ဝင်တောင်) နတ်လမ်းညွှန်ဆရာ ကဗျာဗန္ဓတိကစိမြောက် သူ လူပညာရှိ အမိန့်တော်ရမင်း ဦးနေဝင်းညီ စာမျက်နှာ (၁၇) အခဏ်း ၂၂-တွင် နွားသိုးတောင်အကြောင်း စပ်ဆိုထားသည်မှာ–

ဘဂဝါအရှင် အရိမေတ္တေယျုဟု တကြိမ်အေးကြဘို့ နောင်မှာ တဖန် ပွင့်ပြန်တော၊ ဆောင်ခါအရံသင့် ဟောင်းဖေါ်ယူခါဖြင့်၊ ကျောင်းတော်လှူစရာ မြှုပ်ခါထားခဲ့သော ဥစ္စာအများ ရွှေငွေရတနာကို မသွေမခွာ အစောင့် အရှောက်ထားခဲ့တဲ့၊ ကျောက်နွားလည်း ရှိသကိုးကွဲ့

ဆိုတဲ့ နွားသိုးတောင်ထိပ်တွင် ကျောက်ဆိတ်နှင့် ကျောက်နွား တို့ကို လည်း အရောက်သွားကာ ကြည်ရှုလေ့လာနိုင်ကြပေလိမ့်မည်။

**မှတ်ချက်**

ငင်းစာရ သက္ကရာဇ် (၁၂၆၇)ခုနှစ်မှာ သိုက်ဆရာလေးယောက်





တို့သည် လာ၍ သိုက်တူးကြရာ ဆရာတပည့်လေးယောက်လုံး တောင်ပေါ်တွင် အနိစ္စရောက်ကြသည်ဟု ကျွန်ုပ်တို့ မြန်မာပြည် အထက်ပိုင်း၌ ထင်ရှားကျော်ကြားခြင်း ဖြစ်ခဲ့ဘူးသည်မှာ **မမှားစေကန် အမှန်** ဖြစ်ပေတော့သည်။

ငင်း သိုက်ဆရာများ တူးဖော်သောညမှာပင် ကျောက်နွားလည်း တွန်၊ ကျောက်ဆင်းလည်းအော်၊ ကျောက်ဆိတ်လည်းမြည်အော် သဖြင့် တောင်ကြီးတခုလုံး သိမ့်သိမ့် တုန်လှုပ်ပြီး (ဖိုလ်ဝင်ရှင်မ) နတ်သည် ကျားကြီးပေါ် တင်ပါးလွှဲစီးကာတောင်ကြီးကို လှည့်လည်ဘူးသည်မှာလည်း မမှားစေကန် အမှန်ဖြစ်ပေတော့သည်။

ထို့ပြင်တဝ မင်းဖူးရွာဂါမ ရေဝန်ကျောင်း အာရာမတွင် ထာဝရရွှင် ပြုံး သီတင်သုံး နေတော်မူသော် ဆရာတော် အရှင်မြတ်ကြီးသည် ကောဇာ သက္ကရာဇ် (၁၂၅၁) ခုနှစ်တွင် ပြုဗန္ဓဝမင်းများ ပူဇော်ထားတော်မူခဲ့သော တောင်နှင့်ကျောက်သားရုပ်ပွား တော်များတို့သည် ပျက်ပြား ယိုယွင်းခြင်း ရှိသမျှကို ထုံးအင်္ဂတေတို့ဖြင့် မွမ်းမံ၍ ပြင်ဆင်တော်မူသည်မှာ ရုပ်ပွားတော် ပေါင် (၆၇၅) ဆူဟူ၍ ကမ္ဗည်းမော်ကွန်း တည်ထွန်းလျက် ကျန်ရစ်ခဲ့လေသည်။

(၁၂၅၂) ခုနှစ်တွင် နီလ ပီတ လောဟိတ ဩဒါတ ပဘိဿ ပဘာဿရ တည်းဟူသော ရောင်ခြည်တော် ခြောက်ဆိုင်တို့သည် တပြိုင်တည်း ကွန့်မြူးလျက်၊ အောက် ထက်ဝဲယာ၊ လူးလာ ပျံသန်း ကြွမြန်းထိုထို၊ ကြည်ညို၍ မဆုံးအောင်၊ တောင်အလုံးဖြင့် တန်းခိုးပြာဋိဟာ ပြတော်မူရာ နယ်သူနယ်သားတို့ ထင်ရှားစွာ ဖူးမြင်ကြရသည်မှာ မမှားစေကန် အမှန်စင်စစ် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၂၅၃) ခုနှစ်တွင် မုံရွာဒီစတြိတ် ပုလဲမြို့၌ ရုံးစိုက်လျက်ရှိသော ဗန်ဂျီ ဝန်ထောက်မင်း (ဦးခက်)နှင့် ရဟန်းတော်အရှင်မြတ်တို့သည် ကြီးကြပ်၍ အုဋ္ဌရိုးစေတီ ကျောက်စေတီ ရှိသမျှတို့ကို ထီးတော်များ အသစ်ထပ်မံရွှေ ချ၍ စေ့ငှအောင် လှူတော်မူကာ ကြီးကျယ်စွာ သံဃဒါနဆွမ်းလောင်း ပွဲသဘင်ကြီးဆင်ယင် ကျင်းပတော်မူကြလေ သည်။

(၁၂၅၄) ခုနှစ်တွင် မဟာဗန္ဓုဝမင်းကြီး၏ ကောင်းမှုတော် (ဆုတောင်းပြည့်) မြတ်စွာဘုရားကို မှန်စီရွှေချတော်မူခဲ့လေသည်။

(၁၂၅၅) ခုနှစ်မှာ (တောင်းတပြည့်) (၁၂၅၆) ခုနှစ်မှာ (တတိုင်းပြည့်) (၁၂၅၇) ခုနှစ်မှာ (တင်းတင်းပြည့်) (၁၂၅၈) ခုနှစ်မှာ (ထင်ထင်ပြည့်) မြတ်စွာဘုရားတို့ကို မှန်စီ ရွှေချတော်မူလေသည်။

(၁၂၅၈) ခုနှစ်တွင် (သက်တော်ရ သက်တော်ရှည်) မြတ်စွာဘုရား ကိုယ်တော်မြတ်တို့ကို ပြင်ဆင်၍ ရွှေသက်နန်းကပ် တော်မူသည် ဟူ၍၊ မင်းဖူး ရွာ ရေဝန်းကျောင်း ဆရာတော်ကြီးသည် ဖိုလ်ဝင်တော်ငပေါ် (ခရေပင်) ကျောင်း၌ သီတင်းသုံးနေတော်မူစဉ်က ကမ္ပည်းကျောက်စာ ထားရှိတော် မူလေသည်။

(၁၂၅၈) ခုနှစ် ၎င်း သက္ကရာဇ်မှာပင် ပြဟ္မဒတ်ရွာ တိုက်သူကြီးမင်း နှင့် မုံရွာမြို့ သံဖြူဆရာ-ဆရာဝါတို့ ကျောက်ဂူများထွင်းဖောက်ပူဇော်ပြီး ကွန်းစင်တိုင်ဇရပ်ကြီးကို ထပ်မံပြင်ဆင် လှူဒါန်းကြလေသည်။

၎င်းပြင် သက္ကရာဇ်မတင်မှု၍ ရန်ကုန်မြို့ ပုဇွန်တောင်ရပ်က ကျောင်း အမကြီး (ဒေါ်ဒွေ) သည် ဘဝကုသိုလ်ပါရမီဖြင့် ဤမည်သော





ဖိုလ်ဝင်တောင်ကြီး၌ လာ၍-မကိုဋ်သရဖူ၊ ဝေဘူပတ္တမြား၊ ကဲ့အလားသို့ ရှုပ်ပွားတော်နှင့် ကျောက်ဂူလိုဏ်ဖောက်ထွင်းပူဇော် လေသည်။

၎င်းပြင် (၁၂၅၈) ခုနှစ်တွင် ယင်မာပင်မြို့ နယ်ပိုင်ဝန်ထောက်မင်း (ဦးဘတင်)သည် မှန်ပြတောင်ထိပ်ပေါ်တွင် နယ်သူနယ်သား၊ အများတို့အာ ကုသိုလ်ပါဝင်ကြစေရန် နှိုးဆော်ပြီး ကျောက်စေတီတဆူ တည်ထားကိုးကွယ် ခဲ့လေသည်။

သက္ကရာဇ် (၁၂၉၄) ခုနှစ်တွင် ညောင်ပင်ကြီးရွာ ပွဲစားကြီး (ဦးဖိုးဆွယ်) သည် ဆရာတော် (ဦးမာနိယ) သီတင်းသုံးနေတော်မူရန် ဆောက်လုပ်လှူ ဒါန်းအပ်ပသော ကျောင်းတော်ကြီးမှာလည်း နှလုံးမွေ့လျော် ပျော်ဘွယ် ရာကောင်းလှပေကြောင်း။

သက္ကရာဇ် (၁၃၀၄) ခုနှစ် အတွင်းတွင် လူမသမာတို့သည် ကျောက်နွား သိုးကြီး ဥကွောင်းကို ရိုက်ချိုး ဖျက်ဆီပြီး၊ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရင်ဘတ်တော်မှ အထက်ညာဘက် လက်မောင်းတော် နှင့် ဥကွောင်းတော် ပါ ဖျက်ဆီးလျက်၊ ဌာပနာပစ္စည်းများ ရှိလိမ့်နိုးနိုးရှာဖွေ၍ ပျက်စီး နေတော် မူသည်ကို ၎င်းတော်ပေါ်၌ (၁၂၉၃) ခုနှစ်မှစ၍ သီတင်းသုံးနေတော်မူသော ဆရာတော်-ဦးမာနိယသည် ထပ်မံပြုပြင်၍ လှူဒါန်းတော်မူလေသည်။

သက္ကရာဇ် မတင်မှု၍ မုံရွာမြို့ ပွဲစားကြီး (ဦးချမ်းငြိမ်း) သည် ပြည်သူများ ဘုရားဖူးသွားတို့ တည်းခိုကြရန် ဆောက်လုပ် လှူဒါန်းထားသော လယ်ပေါ် ဇရပ်ကြီးမှာလည်း ခမ်းနားသိုက်မြိုက် ကျယ်ပြန့်လုံခြုံလှပါကြောင်း (ယခုရဲကင်းဖြစ်သည်)။



www.burmeseclassic.com

www.burmeseclassic.com



(၁၂၉၇) ခုနှစ်တွင် မုံရွာမြို့စားကြီး (ဦးတွာကြင်-ဒေါ်ကြည်ညွန့်) တို့ ကောင်းမှုဖြစ်သော ဇရပ်ကြီးတဆောင်မှာလည်း ကျယ်ပြန့်လုံခြုံသဖြင့် ပြည်သူများ ဘုရားဖူးသွားတို့ချမ်းသာစွာ တည်းခိုနိုင်သဖြင့် ဝမ်းမြောက် ဝမ်းသာ ရှိပါကြောင်း။

(၁၃၀၀) ပြည့်နှစ် မုံရွာခရိုင် အောက်ချင်းတွင်း စီရင်စုမြေ စာရင်းအဖွဲ့မှာ ဆောက်လုပ်လှူဒါန်းကြသော စတုဒိသာ နှစ်ထပ် ဇရပ်ကြီးမှာလည်း ဘုရားဖူးရောက်ရှိသူ အများတို့မှာ ကျယ်ပြန့်လုံခြုံစွာ တည်းခိုကြရသဖြင့် စိတ်ချမ်းသာစွာ ရှိကြပါပေ၏။

(၁၃၁၅) ခုနှစ်တွင် လွမ်းစေတီပေါ်၌ သီတင်းသုံးလျက် သတိပဋ္ဌာန် ဝိပဿနာတရားပြ ဆရာတော် (ဦးစန္ဒိမာ)၏ ကမ္မဋ္ဌာန်းရိပ်သာမှာလည်း ယောဂီ အပေါင်းတို့ ဆောက်လုပ်လှူဒါန်းကြသော ဆရာတော် သီတင်းသုံးရန်ကျောင်းတော်ကြီးနှင့် တရားသအားထုတ်ရန် ကမ္မဋ္ဌာန်းကျောင်း အသီးသီးတို့ မှာလည်းနေမငြီးအောင်ရှိလှသဖြင့် ယောဂီအများ တရားအားထုတ်သူပေါများ လှသည်ကိုလည်း လွမ်းစေတီ တောင်အောက်ထပ်၌ တွေ့မြင်ကြရပေလိမ့်မည်။

(၁၂၉၄) ခုနှစ်တွင် မုံရွာမြို့ ကုန်သည်ပွဲစားကြီး (ဆွာ ဦးမောင်-ဒေါ်ငွေတင်) တို့သည် ရဟန်းရှင်-လူ-ယောဂီ ပုဂ္ဂိုလ်များ သီးတင်သုံး နေတော်မူကြရန် ဆောက်လုပ် လှူဒါန်းထားသော တထပ်တိုက် ကျောင်း ဆောင်မှာလည်း သပ်ယပ်ကျယ်ပြန့် လုံခြုံလှသဖြင့် တရားအားထုတ် နေဘွယ်ရာ ကောင်းလှပါပေ၏။

(၁၂၉၂) ခုနှစ်မှစ၍ နေထိုင်ခဲ့သော သီလရှင် (ဒေါ်ဥတ္တရာ)၏ ဓာတ်ပေါင်းစုံ ရုပ်စုံတိုက်မှာလည် ပြည်သူအများဘုရားဖူး သွားတို့၏





ကောင်းမှုဖြစ်သော အလှူတော်ငွေဖြင့် ဆောက်လုပ်ထားသော ကျောင်းတိုက် အဆောက်အဦးတို့မှာ တိုးတက်စည်းကားလျက်ရှိပြီး ဘုရားဖူးသည့်သည်တို့ တည်းခို ညဥ့်အိပ်နေကြရသဖြင့် အလွန် ဝမ်းမြောက် ဝမ်းသာ ရှိကြပါပေကြောင်း။

(၁၃၀၉) ခုနှစ်မှ စ၍ သီတင်း သုံးနေတော်မူခဲ့သော ဆရာတော် ဦးအာဒိစ္စ (ဇောမိရာမ) ကျောင်းတော်ကြီးမှာလည်း ကျောက်တံ တိုင်းကြီး လေးဘက်ပတ်လည်း ခြံရံစီထားလျက် စည်းကားစွာရှိ ကြောင်းကို ရွှေဘတောင်ပေါ်တွင် တွေ့မြင်ကြရကာ ဝင်ရောက် တည်းခိုဖူးမြင်နိုင်ကြပေလိမ့်မည်။

ဇင်းရွှေဘတောင်မှပင် ယင်းမာပင်မြို့ ရုံးချုပ်စာရေးကြီး ဦးရောင်ပွ- ဒေါ်ခါ တို့၏ ကောင်းမှုဖြစ်သော ဆူထူးပန်မြတ်စွာ ဘုရားနှင့်- မြိုင်မြို့နယ် ဘုန်းကြီးကံရွာ တိုက်သူကြီး ဦးကျောက်- ဒေါ်တင်တင်တို့၏ ကောင်းမှုဖြစ် သော ဒိဝက်ရာမြတ်စွာဘုရား၊ ဇင်းပြင်ဆင်ကျွန်းရွာမှာ ဘုရားအမကြီး ဒေါ်စော၊ ဆောက်လုပ် လှူဒါန်းထားသော နှစ်ထပ်တိုက်ကျောင်းတဆောင်နှင့် အမည်အသီး သီးမဖော်ပြနိုင်လောက်အောင် ပေါများလှအောင် ဘုရား အဆူဆူ ဂူအဝဝတို့မှာလည်း ခေတ္တတည်ခိုရန်နှင့် တရားအားထုတ်ရန် အလွန်ကောင်းလှသည်ကိုလည်း တွေ့ရှိ ဖူးမြင်ကြရန်ပေလိမ့်မည်။

ဖိုလ်ဝင်တောင်ခြေ၌လည်း (၁၃၂၁) ခုနှစ်တွင် မန္တလေးမြို့ ဘုရင်သင်္ကန်း တိုက်ပိုင်ရှင် (ဦးကျော်ဝ-ဒေါ်ဒေါ်တုတ်) သားသမီးတစု တို့က ပုပ္ပါးသာသနာ ပြုဆရာတော်ဦးကုမာရ၏ ညွှန်ရာဌာန ကျောင်းတော်ကြီးတဆောင်။



www.burmeseclassic.com

www.burmeseclassic.com

မိုးကုတ်မြို့ ရတနာကုန်သည်ကြီး (ဦးဘမို-ဒေါ်သန်းသန်း) တို့ကောင်း မှုဖြစ်သော ဓမ္မပီယ တိုက်ကျောင်းတော်ကြီး တဆောင်။

မုံရွာမြို့ မြစန်းသိင်္ဂီလွှစက်ပိုင်ရှင် (ဦးညဏ်ထွန်း-ဒေါ်ထားထား) တို့၏ ကောင်းမှုဖြစ်သော ကျောင်းတော်ကြီးတဆောင်။

မန္တလေးမြို့ စတုဘုမ္မိကရိပ်သာ ဒယိကာမကြီးနုဂါးဆေး လိပ်ခုံ ပိုင်ရှင် (ဒေါ်ဒေါ်ဦး) ဆောက်လုပ် လှူဒါန်းထားသော (၁၃)ခန်း ဓမ္မာရုံကြီးမှလည်း ရွှေထီး ရွှေနန်း ရွှေကြငှန်းကဲ့သို့ မားမားမြင့်မြင့် အဝေးမှပင်ရှုမြင်နိုင်ပါပေသည်။ ၎င်းအဆောက်အဦတို့ကို (ပုပ္ပါးသာ သနာပြုဆရာတော်) ဦးကုမာရ (ခေါ်)ဦးဂျော်နီအား ပုဂ္ဂလိကအဖြစ် လှူဒါန်းထားကြသည်မှာသိုက်မြိုက် ခမ်းနားကျယ်ဝန်းပြန့်ပြောလှသဖြင့် ပြည်သူ့အများဘုရားဖူးသွားတို့ တည်းခိုရန် လွယ်ကူသည့်ပြင် ရှုချင်စဖွယ်များ စုံလင်လှ၍ သာယာစိုပြေစည်ကား နေသောကြောင့် ကောင်းမှုရှင်များအား သာဓု အနုမောဒနာ ခေါ်ထိုက်လှ ပေါ်ကြောင်း။

(၁၃၂၁) ခုနှစ်တွင် မုံရွာမြို့ သက်န်းပရိက္ခရာကုန်သည်ကြီး (ဦးလှထွန်း-ဒေါ်ခင်ပု) တို့ကလည်းတောင်ပေါ်တောင် အောက် တက်ဆင်းသော ကျောက်စောင်းတန်းဟောင်းကြီး တသွယ်ကို ပြေပြစ်စွာ ပြုပြင်ထားသဖြင့် ဘုရား ဖူးသွားတို့ ချမ်းသာစွာ တက်ဆင်းနိုင်ကြသဖြင့် ဝမ်းမြောက်ဝမ်းသား သာဓု ခေါ်ထိုက်လှပါပေ သည်။

၎င်းစောင်းတန်းထိပ်တွင်လည်း ချင်းတွင်း အနောက်ပိုင်းအနီးပြေး မော် တော်ယာဉ်အစည်းအရုံးမှ ဆောက်လုပ်လှူဒါန်းထားသော အုဠ်ဓမ္မာရုံကြီး မှာ ဘုရားဖူးဧည်သည်တို့တည်းခိုရန်လွယ်ကူလှသဖြင့်





ဝမ်းမြောက်ဝမ်းသာ ရှိကြပါပေ၏။

၎င်းပြင် ယင်းမာပင်မြို့နယ်လုံးဆိုင်ရာ တောင်တော်ပြုပြင်ရေး သံဃာ့အဖွဲ့ကြီးမှာ ဦးဆောင်ကာ (၁၃၁၉) ခုနှစ်မှ စ၍ ရှေးဟောင်း ကုသိုလ် များ၊ ဟောင်းနွမ်းပျက်စီးယိုယွင်းနေသည့်တို့ကို ထပ်မံပြုပြင် နေကြသဖြင့် အသစ်ကဲ့သို့ဖြစ်၍ ကြည်ညိုဘွယ်ရာ ဖြစ်နေသည်ကို လည်း ပြည်သူအများ ဘုရားဖူးသွားတို့ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကြရလိမ့် မည်ဖြစ်ကြောင်း။

(၁၃၂၂) ခုနှစ် ရန်ကုန်မြို့ ဗမာ့ခေတ် သတင်းစာပိုင်ရှင် (ဦးအုံးခင်- ဒေါ်ခင်ခင်လေး) တို့သည် ဗိုလ်ဝင်တောင်သာသနာပြု ဆရာတော် (ဦးကုမာရ) အား လိုရာအသုံးပြုရန် မြင်းဆယ်ကောင်အား အင်ဂျင်မီးစက်တလုံး၊ ပစ္စည်းကရိယာ အစုံအလင်တို့နှင့်တကွ ပူဇော် ထားကြသဖြင့် ယခုအခါ မြို့ပြည်ရွာနှင့်မနီးသော တောင်တော်ကြီးပင် ဖြစ်သော်လည်း မင်းနေပြည် ပမာတမျှကဲ့သို့ စည်ကားလျက်ရှိကြောင်း။

တမာပင်ခွရွာ ရွာလယ်ကျောင်း ဆရာတော်ကြီးဖောက် ထွင်းပူ ဇော်ထားသော လိုဏ်ဂူနှင့် လျောင်တော်မူ ဘုရားကြီးကိုလည်း တမာ ပင်ရွာမှ ကျောင်းသစ်ဆရာတော်က (သုပပချောင်-ကျားကြီးဂူ) ဟူသော အမည်ဖြင့် ထပ်မံ ပြုပြင်ထားသည် ကိုလည်းဖူးတွေ့ကြရပေ လိမ့်မည်။

သက္ကရာဇ် (၁၃၃၃) ခုနှစ်မှစ၍ ၎င်းဗိုလ်ဝင်တောင်တော်ကြီးကို ယင်းမာပင်မြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်၊ ၎င်းသုံးမြို့ နယ်မှ ရဟန်းသံဃာတော်များနှင့် လူဒါယကာ အများပါဝင် ဖွဲ့စည်းထားသော တောင်တော် စည်ပင်သာယာရေး (သုံးမြို့နယ်



www.burmeseclassic.com

www.burmeseclassic.com



ဂေါပကာအဖွဲ့ကြီး) ကဦးစီးကာ စောင့်ရှောက်ပြုပြင်နေသဖြင့် ယခင်ကထက် ပိုမိုစည်းကားပြီး ၎င်းတောင် အနီးမှာလည်း အိမ်ပေါင်း (၄၀)ကျော်(၅၀)ခန့် ရွာတရွာတည်ရှိလျက်၊ အမြဲတမ်းစားဘွယ်သောက်ဘွယ်ဈေးကလည်း ရှိနေသဖြင့် ဘုရားဖူးအများ စည်ကားလှသောကြောင့် ၎င်းတို့၏ လုံခြုံမှုအတွက် အစိုးရကလည်း ရဲကင်းစခန်းဖွင့်ပြီး ချထားစောင့်ရှောက်ပေးနေပါကြောင်း။

ထိုစကားအစဉ်တို့သည် ထင်ရှားစွာရှိသော အရာများကိုသာ ပြလိုပေတော့သည်။ ကျောင်း၊ ကန်၊ ဇရပ် ပြာသာဒ်တန်ဆောင်း တို့မှာ တောင်နှင့် သမျှ များပြားလှသော ကြောင့် တဗ္ဗာနစီခွဲခြားလျက် ရေးသားခြင်းငှာ မစွမ်းနိုင်ဘဲရှိပါကြောင်း သမိုင်းဟောင်းရှိ ကုသိုလ်ရပ်များနှင့် နောက်ဆက် တွဲရှိ ကုသိုလ်ရပ်များကို စုပေါင်း၍ စေ့ငှအောင်ကြည့်ရှု ကြည်ညိုလိုလျှင် (၅) ရက်ခန့် တိုင်တိုင်လယ်ဖူးနိုင်မှ ပြည့်စုံစွာ တွေ့မြင်နိုင်ပါသဖြင့် သင့်လျော် သလိုဆိုင်းရပ်ပြီး ပိုင်ဖြတ်လိုက်ရပါတော့သတည်း။

## သမိုင်းပြီး နိဂုံး လင်္ကာရတုပိုဒ်စုံ

အချီအချ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကျွန်းဒီပါဗွေ၊ တော်သပြေတည့်၊ အောင်မြေနိဗ္ဗူ။

မြန်ဇမ္ဗူဝယ်၊ ဝေဘူ တမွတ်၊ အရောင် လွှတ်ဖို့၊ တောင်ထွဋ်၊ မဟာ၊





ပဗ္ဗဟာသည်၊ သေလာဖိုလ်ဝင်၊ အမည်ညွှန်လျက်၊ ကြည်လင်ခုတိုင်၊

လေးရောင်ဆိုင်သို့ ကြွနိုင်မားမား၊ မြအလားနှင့်၊ ကျောက်သားနီလာ၊

သယံဇာဟု၊ ကမ္ဘာဘဒ္ဒ၊ တည်သမျှ၊ နိုင်းဆဘက်ကင်း၊

တောင်သေဠနင်းမို့၊ ထင်လင်ဘုန်းလူ၊ ပြိုးနှင့်ပြူသည်၊ ကြည်ဖြူစေတနာ၊

အောင်ပွဲညာ၍၊ မဟာမုနိ၊ တုမရှိသော၊ နိမ္မိတစား၊

ရွှေရုပ်ပွားကို၊ ကျောက်သား ကျောက်ဂူ၊ ထွင်းဖောက်လှူရှင့်၊ နောက်မူတလီ၊

တိုက်ဗန်ဂျိက၊ အမည်နာမ၊ (ဦးရွှေဘ) နှင့်၊ ရာဇာ့ပြည်ရှင်၊ တူတိုင်ပင်လျက်၊ ဤလျှင်အစ၊ ဤကာလဟု၊

ဤမျှဘုရား၊ ဤသည်များဝယ်၊ ရှေးဖျားမဆွ၊ ပေါ်ရေအဘ၏ ဒိဋ္ဌတွေ့မြင်၊ ရဟန်းရှင်နှင့် လူတွင်ပဏ္ဍိ၊ ဉာဏ်ကဝိတို့၊

မှတ်သိစဉ်လာ၊ သမိုင်းစာကို၊ သချာမယွင်း၊ အကျွန်ရှင်း၍၊

ဖြည့်သွင်း သုမ်သင်၊ ရေးစီရင်သည်၊ ဤလျှင် အပြီးနိဂုံးတည်း။

ခွန်းပီယာဝေ၊ ကဗျာချွေ၍၊ သာစေ ငွေမောင်း၊ ငြိမ့်ငြိမ့်ညောင်းမျှ၊ ခြိမ့်သောင်းဘောဟီ၊ ခြသေ့် ဆီဖြင့်၊ သီဂီသောတာ၊

ဆင်မြန်းငှာဟု၊ လက်ာဖြန့်ဝိုင်း၊ စွယ်စုံသိုင်းသည်၊ (သမိုင်းဟောင်းမှု)

ဆရာယူရှင့်၊ ပြည်သူ့အမျိုး၊ နောင်အကျိုးဟု၊ မျှော်ကိုးငဲ့ညွှ၊ စေတနာကား၊ ဝေးစွာဂါမ၊ နာဂရနှင့်၊ မြို့မဋ္ဌာနီ၊



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ပြီမို့၊ ကျူးသီသြဘာ၊ ဤဘုတ်စာကို၊ သေချာဖတ်ရှု၊
အာရုံပြုလျက်၊ အတူလစစ်၊ မွေတော်နှစ်သို့၊ ရှစ်ချစ်မြတ်ခေါင်း။
(ဖိုလ်ဝင်တောင်) သို့ ပုံဆောင်ပညတ်၊ ဥဒ္ဒိဿနယ်၊ ရည်မှတ်ပြီး
ကာ၊

ပူဇော်ပါလည်း၊ လိုရာဆန္ဒ၊ အာသီသဖြင့်၊ ပြည့်ဝစေရန်၊
ရည်စိတ် ကြံလျက်၊ နိဗ္ဗာန်မဂ္ဂင်၊ အောင်လွယ် မြင်သို့၊
ထိုပြင်တခန်း၊

တောင်တော် နန်း၌၊ ထူးဆန်း ဖုံဖုံ အံ့မကုန်သား ဥသုံခြင်းရာ၊
အဖြာဖြာကို၊ ဉာဏ်မှ မှီကြည့်၊ ထင်စွာ သိအောင်၊ သိရိပရမေ၊
ကြက်သရေဖြင့်၊ တက်နေသစ်ဆန်း၊ လယုန်းစန်းမှာ၊
မသန်းမြူတိမ်၊

ဝင်းထိန်ထိန်သို့၊ ဂိရိန္ဒသာဘင်၊ မှတ်တမ်းတင်သည်၊ စိရင်ကမ္ဘည်း၊
နိဂုံးတည်း။

သွန်းသီတာရေ၊ ခုနှစ်တွေထည့်၊ ပြွန်ရေနောတတ်၊ နဝတ်နှင့်၊
ပြောင် ဆဒ္ဒန်မြိုင်၊ ကုဏ္ဍာ အိုင်က၊ ပြန့်ကြိုင်မွှေးစာ၊

ရေဇလာထက်၊ လွန်စွာအေးကြည်၊ မေတ္တာရည်ဖြင့်၊ လေးလီ
ပြဟ္မာ၊

ဝိဟာရာဟု၊ ငါးရာနှစ်ဆယ်၊ ရှစ်ခုကြွယ်ကို အပါယ်လေးဝ၊
ဘုံ ကာမနှင့်၊ နတ်၊ ဘ၊ ပြဟ္မာ၊ နှစ်ဆယ်ရွာ တည့်။ သတ္တာသဗ္ဗေ၊
ညွှန်းကာချေ၍၊ ပို့ဝေပြီးခါ၊ သမိုင်းစာနှင့် လက်ာရေးစီ
ဖွဲ့ကုံးတီထွင်၊ ဉာဏ်ရည်မနှောင့်၊ ကောဇာဖြောင့်လျှင်၊ တထောင်
သုံးရာ၊ နှစ်ဆယ်သာလျှင် ၊၊ တစ်မှာ စွန်းပြန်၊ ခါဝသန်ဝယ်၊





ရေလှုံ့ပြည့်ညီ၊ ကန်ရာသီဟု၊ တလီမယွင်း၊ တော်သလင်းမို့၊
လှေသင်း ပြိုင်ဆိုင်၊ တက်သံမြိုင်လျက်၊ ညှာနိုင်ရင့်မာ၊ ပင်လုံးဖြာ
သား။

သတ္တာဗိသ၊ စန်းရှင်ကြသည့်၊ ကာလဤတွင်၊ ပြီးအောင်မြင်၍၊
သောင်းခွင်ဖမ္ဗူ၊ မော်ကွန်းထူရှင်၊ ဆုရှုပုံ့မွှန်၊
(တောင်ဖိုလ်ဝင်ဝယ်)၊ ကြည်ရွှင်သဒ္ဓါ၊ ရောက်ချင်လာအောင်၊
စေတနာပီတိ၊ ဂွမ်းဆီထိသို့၊ သိရိကဏ္ဍာ၊ နားတန်ဆာဖြင့်၊
သေလာ ဗဒွင်၊ သမိုင်းဆင်မည်၊ သည်လျှင် တနည်းနိဂုံးတည်း။

ဖိုလ်ဝင်တောင်သမိုင်း

ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ဖိုလ်ဝင်တောင် ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အောက်ဖော်ပြပါ သမိုင်းစာအရ ကြည်ညိုဘွယ်ကောင်းလှသော လိုဏ်ဂူ အဝဝ၊ ဘုရားအဆူဆူတို့ကို မိမိတို့နေရာအရပ်မှ အရကျက်၍ ဖူးမြော်ကြ ရန် ဤဘုရားရှိခိုးကို မေတ္တာလက်ဆောင်အဖြစ် ရေးကူး၍ ထည့်သွင်းလိုက် ပါသည်။

သုဂတ ဗိမ္ဗိကာ ကိတ္တိ-သဒ္ဒါ တေဇေန ပါဠကာ။
ဗဟုဇနေ ဟိတတ္ထာယ၊ ဖိုလ်ဝင်တောင် ဣတိ သညိတာ။
တိဋ္ဌန္တိ နာနာ ဂုဟာသု၊ အာယန္တိ ဝိဝိဓာဇ္ဈာနာ။





ဒသနတ္တံ ဇနာဗဟူ၊ သဒ္ဓေသိကညာဝါသိနော။
ပူဇေန္တိ နာနာဝတ္ထူဟိ၊ နမဿာမ သဒါဒရံ။

ကိတ္တိ သဒ္ဒါ၊ နှစ်ပေါင်းများစွာ ရှည်မြင့်၊ ကြာအောင်၊ စဉ်လာမစဲ တောင်တော်ပွဲဟု၊ ဆင်နွဲကျင်းပ ပြုကုန် ကြလျက်၊ လောကအားလုံး မြိမ့်မြိမ့် အုံးမျှ မဆုံးနိုင်ဘဲ၊ ကျော်စောသော အသံလည်း ရှိတော်မူပေကုန်ထသော။ တေဇေန၊ ဘေးအတန်တန်ရန်အဝဝ၊ အန္တရာယ် ဟူသမျှတို့မှ၊ ကင်းပ လွန်မြောက်အောင်၊ ချီးမြှောက် နိုင်ငြား၊ တန်ခိုးတော် အားဖြင့်၊ ပါလကာ၊ ဇမ္ဗူမဆန့်၊ ကမ္ဘာနှံ့အောင် သင်းပျံ့ကျော်ကြားသဖြင့်၊ ထင်လည်းထင်ရှား တော်မူပေကုန် ထသော။ ဖိုလ်ဝင်တော် ဣတိသညိတာ၊ ဖိုလ်ဝင်တောင်ဟု ဂုဏ်ထူး တံဆိပ်၊ ဘွဲ့တော်လိပ်ဖြင့်ခပ်နှိပ် ခေါ်ဝေါ် အပ်ကုန်ထသော၊ ယေသုဂတ ဗိမ္ဗိကာ၊ သက်တော် ထင်ရှား ဒို့ဘုရား၏ ကိုယ်စားရည်မှတ်၊ အကြင်ရုပ်ပွားတော်မြတ်တို့သည်။ ဗဟုဇနေဟိတတ္ထာယ၊ လူထုအများစွာ သတ္တဝါ တို့၏၊ ချမ်းသာစီးပွား၊ များပြားဖွံ့ဖြိုးရန် အကျိုးငှာ၊ နာနာဂုဟာသု၊ သေးငယ် ရှယ်လတ်၊ တောင်တော်မြတ်ကို၊ ပတ်လျက် ဝန်းလည်း၊ ဓာတ်တော် မွေသရီ၊ ကိန်းဝပ်မှီမည့်၊ အလီလီ အစားစား များပြား လေငြား၊ အထူးထူး သော လိုဏ်ဂူများတို့၌၊ တိဋ္ဌန္တိ၊ ဘုရားတို့ ကြက်သရေ၊ အဓွေဓွေယူဆောင်၊ ရောင်ခြည် ဖြာဝင်း၊ ထွန်းလင်း တည်နေတော်မူကြပေကုန်၏။ တေသုဂတ ဗိမ္ဗိကေ၊ သက်တော်ထင်ရှား ဒို့ဘုရား၏ ကိုယ်စားရည်မှတ် ထိုရုပ်ပွားတော် မြတ်တို့ကို။ ဒသနတ္တံ၊ ကြည်သာရွှင်ပြ ပဏာမဖြင့်၊

www.burmeseclassic.com



ဂါရဝပြုခါ၊ ဖူးမြင် ခြင်းအကျိုးငှါ။ ဗဟုဇနာ၊ များလှ သောင်းသောင်း လှုထုပရိသတ်အပေါင်း တို့သည်။ ဝိဝိဓာဌာန၊ အထူးထူးသော မြို့ရွာ ဒေသ ရပ်ဌာနမှ။ အာယန္တိ၊ လက်အုပ်ချီသ ဖူးမြင်ရအောင်၊ လာကြပေကုန်၏။ တဒ္ဒေသိကာ၊ ထိုထိုဂါမ မြို့ရွာ တို့မှ လာကြပျော်ပါး သူတော်အများတို့သည် လည်းကောင်း။ ဩဝါသိနော၊ အခြားတပေါးသော မြို့ရွာဒေသရပ်ဌာနတို့၌နေကြပျော်အောင် သူတော်ကောင်းတို့သည် လည်းကောင်း။ နာနာဝတ္ထုဟိ၊ ဆွမ်းတော် ပန်းတော် ရေချမ်းတော်နှင့်၊ ရွှေသော်တင့်လျှမ်း၊ ရွှေသက်နီးမှ၊ ခေတ်ဆန်းထိန်ညီး၊ ဓာတ်ရောင်မီးနှင့်၊ ဆီမီးရော်မြူး၊ ကြည်နူး ဘွယ်ရာ၊ အဖြာဖြာသော ဒါနဝတ္ထုအစုစုတို့ဖြင့်။ ပူဇေန္တိ၊ မြတ်နိုး ကော်ရော်၊ သဒ္ဓါပေါ်၍ ပူဇော်လှူဒါန်း ကြကုန်၏။ တေ၊သေလာ ကျောက်ဖိုလ်ဝင်ဟု ဖမ္ဗူကျွန်းတွင်ထင်ပေါ်၊ ရွှေဂူဝင်း ကိန်းစက်ပျော် သည့်၊ စိန္တေကျော်ထွဋ်ဖျား။ ထိုစေတီတော်၊ မြတ်ဘုရားတို့ကို၊ မယံ၊ ခန္ဓာပဉ္စက၊ သမူဟကို၊ အတ္တမှည့်ခေါ်၊ ဘုရားတပည့်တော်၊ တပည့်တော်မတို့သည်၊ သအာဒရ၊ ရိုသေခြင်းနှင့်တကွ၊ နမဿာမ၊ ဘယ လာဘ၊ ကုလစာရိတ်၊ ဒိဋ္ဌိမောဟ၊ ကင်းစင်ပလျက်၊ လောကဝုန်ချောက်၊ ဂုဏ်တလျှောက်ကို အောက်မေ့ ရိုကျိုး။ လက်စုံမိုး၍ ရှိခိုးကြပါကုန်၏ အရှင်ဘုရား။





# ဖိုလ်ဝင်တောင်သမိုင်း နတ်လမ်းညွှန်

ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗုဒ္ဓ ဓမ္မ သံဃ သုံးဖြာ၊
ဆရာ မိဘ ပဥ္စနန္တာ။

ရှေဦးအစ ထိပ်မှ တင်ကာ၊
ကဗျာညို အာဒိ ဝန္ဒနာ။

၂။ စ လယ် အဆုံး သုံးပါးလုံးမှာ၊
အန္တရာယ်မရှိ မငြိဘယာ။

ရေးသီကုံးလို့ ဆုံးခန်းတိုင်ရာ
ပြီးစေကြောင်း ဆုတောင်းပတ္ထနာ။

ဇာတ်လမ်းအစ၊ မှတ်တမ်းပြုရမှာဖြင့်၊ နတ်နန်းတမျှ လျှမ်းဝေဖြာ ကြွပေသည့်၊ မန်းပြည်ရာဌာနက၊ စနီးတမေ ကညာအသဝါ အလှက လေးမှာ၊ မသွေအခါပ၊ မောင်မယ်အစုံနှင့် နောင်အလွယ်ဆုံရန် လူ့နယ်ဘဝတွင်ဖြင့်၊ ဆုတကယ်ရရန် ဒါနပြုလို၍၊ မကြာခဏ ယခုခရီးအစဉ်ကို၊ အပြီးတမင်ထွက် ၍ လာခဲ့ရ၊ ညက်မေအသဝါ ခင်ကညာ ဆံတောက်ကလေးမှာ၊ လင်တခါပျောက်လို့ သွားတော

www.burmeseclassic.com



ကြောင့်၊ ထင်ရာလျှောက်၍ ရထားမှာစီးပြီး၊ အသွားအလာခရီး လုံကညာရှာလိုက်တာ၊ ယခုတော့ဖြင့်၊ မုံရွာကို တခါဆိုက် ချေပေါ့၊ လင်းမိုက်ကို တကယ့်မတွေ့ပြီဟု၊ နယ်တရွေ့ရွေ့ သူဇာလုံ လျှောက်၍ လာခဲ့၊ ဘူတာရုံနောက်က တမာပင်တွေအရင်းမှာ ကညာခင် ခြေဆင်းလို့ ငိုရှာလေသည်မှာ–

**အမျိုးသမီးငို**

ခင်စန်းပျိုစင်မှာ၊ ပင်ပန်းညိုငြင်စွာ လောင်စာမိသော် ကြောင့်၊ မကြည်သူ ဒေဝရာဇာရဲ့ နေရှာလေအား။

ညှိုးရတဲ့ကံရယ်၊ ကျိုးမဲ့ရန်–ဃရာဆူလို့၊ တဏှာပူ– ညာဖြူလှကိုလ၊ ရွှယ်ဆကာ ဝတီဖျာရယ်က (မခင်စန်း ကိုရှင်) ကယ်မပါဘုရား။

**သီကြားမင်း**

အလို တာဝတီသာ ငွေပြားကာသည့် ခြောက်ရွာ သခင်၊ မိုးဘုရင်ဟု၊ ငါလျှင် သိကြားမင်းဖြစ်တော့သကိုး။

အလွန်တရာ နူးညံ့လှစွာသော ပဏ္ဍုကမ္ဗလာမြကျောက် ဖျာ ဘယ်အတွက် တင်းမာခြင်းဖြစ်ပါလိမ့်၊ နတ်မျက်စိ တထောင်နဲ့ လူဘောင်သို့ ရှုလိုက်ရအုံးတော်မှဘဲကရို။

ဟဲဟဲဟဲ ––– အခြား ဟုတ်ပါရိုးလား၊ မနုဿပြေမှာ၊ ရုတ်လှပွေခါ၊ အကျွန်ုပ်အလှဒေဝါမှာ၊ အဟုတ်ပသွေ မကွာ၊ အနား သို့ချဉ်းလို့ ကြည့်လိုက်တော့ တပါးယမင်း ။





အိုကွဲ့–ကျုပ်နှမကလေးရဲ့၊ ကျွန်ုပ်နှမကလေးမှာ အေ အေးမနေ ဆွေးဆွေးပွေအောင်နဲ့သာရောက် ဖော့ဖယောင်း မဒီဖြူပြာ ယမင်းကလေးရဲ့၊ မင်းဒီ ဘူတာကို ဘယ်အတွက်ကြောင့်ဆင်းခဲ့ရတာ လဲကွဲ့ နှမကလေးရဲ့။

**အမျိုးသမီး**

ဩော်–အဟုတ်ရောင်ညီ ဒြပ်လင်းတဲ့၊ ကျုပ်မောင်ကြီး နတ်မင်းက၊ ဇာတ်ခင်းလို့ သိလိုရေးနဲ့၊ မိပျိုကို မေးတာဖြင့် သော့မကြာပြန်ပြောင်းလို့ မှန်ကန်တဲ့ အကြောင်း– မေကညာက သေအချာသိပါစေ့မယ်၊ ယနေ့အဘို့ အကိုကြီးနှမမှာ။ တမြို့ပြီးမှ တရွာသို့ ဖဲခွာ လို့လာခဲ့ရ–ညာန္တဲ့အလှ အချမ်းသာဘဲ၊ စန်းကညာမဒီ ဆံပတ်မှာ၊ အကြည်တော်အစဉ်ကွာ ပြီး၊ လင်ရတနာကြော့ ဒါလီနဲ့ သော့မကြာမီ တွေ့ရအောင်၊ ယနေ့နံနက် မန်းမြို့က ထွက်တဲ့ရထား နဲ့ စန်းပျိုနှမ–ကရမတ်တပါး အသာလိုက်လို့၊ မြာမကိုဋ္ဌ နဂိုအသား ဝင်းပြောင်သူမှာ၊ ဖိုလ်ဝင်ဆိုတဲ့ တောင်တော် ပဗ္ဗတ–ပွဲတော်တွင် မောင်တော်မြတ်အလှနှင့်၊ တွဲပျော် တို့ပါဘဲ မောင်ကြီးနတ်ရဲ့။

**သီကြားမင်း**

ဩော်–ကျုပ်နှမချော အလှလေးကို၊ ပြောပါရစေ၊ စန်းလှပျို ရတ်နာပုလဲ ကလေးရယ်၊ မန်းနဂရက၊ အကို့ကိုမရှာဘဲ၊ မရဏာရဲ့ သနင်းနဲ့ အထက်ဘုံမသွားဘဲ၊ ထမင်းလက်ဆုံစာပါရစေလား ကွယ်လို့၊ တပါးကညာဇနီးတဦးကလေးကို စကားလာပြီး နှုတ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့၊ ကျူပ်ကလဲလေ—ဟဲဟဲဟဲ ကျုပ်နှမရဲ့၊ ဘုရား မဟာမုနိကြီး ဖူးရပါစေရဲ့လို့၊ ယခုလို သိကြားမင်းက ပြောလိုက်တော့၊ ချောမကုန် ပျိုယခင်းကလေးမှာ ငိုချင်းချလို့သာ နေရှာပါတော့သည်။

**အမျိုးသမီးငို**

ဗျာပါလိုင် ခင်တမေပုလဲမှာဖြင့်၊ ကာမပိုင်လင်တဖေနဲ့ ကွဲသော်ကြောင့်၊ ပူပွဲတွေပျို့မှာကြဲ့လို၊ ပူရပုံတွေ မအေး။ ။ နှမချင်းလဲစာလိုက်ပါအုံး နတ်မင်းရဲ့၊ မေ့အချင်းအရာဒေသနာအရမှာတော့ အလှယမင်း ကညာမှာလေ၊ ပွေဗျာပါတွေခသော်ကြောင့်၊ သူ့နှမ အလှအချောကို တကယ် အမှားလိုက်ပါနဲ့၊ ဒု–သ–နု–သော ဆိုတဲ့ အပါယ်ရွာကိုလဲ လားရပ့ါသတဲ့၊ ဖယ်ရှားပါ။ လိုရာကိုဘဲ သွားပါရစေတော့၊ ပျိုကညာ တပါးကို၊ စခန်းလွှနိုလို့မဝေးရအောင် (နတ်မင်းရယ်) အမယ်မင်း၊ လမ်းညွှန်ကာသာပေး။

**သိကြားမင်း**

ငိုမနေပါနဲ့ ကျူပ်နှမဒုက္ခသည်၊ တပါးယမင်း မဒီမယ် အချောကလေးရယ်၊ သိကြားမင်းက ကျီစယ်လို့ ပြောတာပါ၊ သွားစရာခရီးစခန်းကိုသာ၊ အပြီးလှမ်းပေ တော့ကွယ်၊ မောင်ကြီးနတ်လည် ဝတီဘုံနန်းသို့၊ လှမ်းလိုက်အုံးမယ်. . . ။

**အမျိုးသမီး**

နေပါအုံး—မောင်ကြီးနတ်ရဲ့၊ လ၊နေ နှစ်ပွင့် ပြ–ရွေ ဆင့်တဲ့၊





ခင်ခင်သက်သက်လယ်၊ စက်အုံးနှစ်ပြင်၊ သက်ဆုံးကြင်မဲ့၊ ကရမက်တုံးလင်ကိုတော့၊ ဘယ်ဆီ ဘယ်စခန်း ဘယ်လမ်းက သွားလို့၊ ရှာရမှာလဲ မောင်ကြီးနတ်ရဲ့။

**သိကြားမင်း**

မောင်ကြီးနတ် လက်ညှိုးညွှန်လို့ ပြလိုက်မယ်၊ ကရမက်သတိုးခင်၊ ဆံတောက်တမိမေရေ—ဟောဟို အနောက်တည့်တည့် ကြည့်လိုက်စမ်း၊ ဆီးနှင်းမြူတိမ်၊ သူရိန်မီးခိုး မြူတမျိုးနဲ့၊ စိုစိုထောင်၍ ညို့ညို့မှောင် ပြီး၊ စို့ရွှန်ပြောင်နေတဲ့၊ ဖိုလ်ဝင်တောင်မှာ၊ သင့်အောင်နော်၊ အပိုမပြတ် တနည်းလောင်းပါ၍၊ မင့်မောင် တော်အကိုနဲ့၊ ဖာတ်စည်းပြီး ပေါင်းရလိမ့်မယ်ကွဲ့နှမရဲ့။

**အမျိုးသမီး**

ဒါဖြင့် ဘယ်ဆီကနေ ဘယ်လှေစီးပြီး ဘယ်ခရီးက သွားလို့မှ ဘယ်ကားနဲ့ လိုက်ရှာရမှာလဲ၊ နတ်မင်းရဲ့။

သိကြားမင်း

အေးအေး—မောင်ကြီးနတ်လမ်းညွှန်လို့ ပြလိုက်မယ်၊ ဟောဟိုမှာ ဈေးတန်း မေးမြန်းခါ၊ အသာ လျှောက် စေတော့ ကညာ ဆံတောက်မြာမှူး မကိုင်ရှုကလေးမှာ၊ တာကူးတိုက်သို့ ရောက်လိမ့်မယ်ကွဲ့၊ အဲဒီ တကူး တိုက် ကြီးရဲ့အနီးမှာဘဲ မင်မောင်ကြီး ရှိမရှိကို၊ သတိဝိရိယနှင့် မျှော်လင်လို့ အတော်အသင့် ကော်ဖီဆိုင်မှာ၊



www.burmeseclassic.com

www.burmeseclassic.com

မော်မဒီတိုင်ကာ၊ မောင်မောင့်အရေးကို ကြားရအောင် တောင်မြောက် လေးပါ။ သောတာဆင်ပြီးတော့ ချောကညာခင် မင့်မောင်နဲ့ စခန်းကြိုဘို့ လမ်းဆုံဖြင့် ကျတာဘဲကွဲ့နမရဲ့။

ပန်းရဂုံမြင့်၊ ဒီမှာမတွေ့လျှင်ဖြင့်၊ ခြေအသာရွှေ့ပြီး မဒီကညာ အပျိုစင် ဖယောင်းလေးရဲ့၊ မင့်မောင်အကိုလင်နဲ့ ပေါင်းရအောင်၊ ဒြပ်မချို့တဲ့၊ ဖြတ် ကူတို့ကို အလှကညာ နှမမဒီဖြူ ယမင်းမော် ကလေးမှာ သမဝါယမပြည်သူ့ အသင်းမော်တော်ကို နေရာကောင်း ရဖို့ရာ မေကညာ ဖယောင်းပျို အသ၀ါ နှမကလေး အလျှင်အမြန် တက်လို့မို့ အမြင့်မှန်တချက် နောင်စိမ်းလို့ မပလီရအောင် (အောင်သိန်းထီ) မော်တော်ကိုဘဲ တက်ခါစီးပေတော့ ကရမက် ကညာဖနီး တကိန်းမတွေးဘဲနဲ့ အပိန်းကလေးလို့ မင်းကိုထင်၍ အပိုတင်ခါ အခများများ တောင်းသော်လည်း နှမကောင်း ဆံတောက်ကရမက်သား ကလေးရဲ့ တယောက်မှဆဲ့ငါးပြားရယ်။

အဲ ဆဲ့ငါးပြား မော်တော်ခကို မော်မော်အလှ ထုတ်ခါပေးလို့ ကသုတ် ကဗျာမနေ့း မြစ်ကိုးကူးတဲ့အခါမှာ ဆံရစ်အပျိုတစ်ဦး ကညာလုံတမေရေ ခမ္မာရုံတွေ တခါမလစ်စေနဲ့ ကညာဆံရစ် အဟုတ်အမှန် ရှာလိုက်တော့ (ဗုဒ္ဓံသရဏံ)ရယ်လို့၊ ရုပ်နာမ်နှစ်သွယ်၊ အပြစ်ဘယာမငြိစေဖို့ (ဂစ္ဆာမိ)ပါ ဘုရားလို့ မနောကံသွင်းပြီး ချောအလှယမင်း ဖနီးကလေးမောင်လင်နဲ့ နီးစေဖို့ (ညောင်ပင် ကြီး)ဆိုတဲ့ ဆိပ်ကမ်းသာမှာ အနိတ်ပန်းကညာ မော်တော်ဆိုက်





လိမ့်မယ် အမော်မကိုင်နှတစ်ပါးအပျိုရယ် ဘုရားကိုသာ အာရုံပြု မကြာအစုံ ယချ၊ ကုန်းဘောင်နှစ်သွယ်း ခင်းပြီးမှ ဆင်းပါလေကွဲ့နမရဲ့

လှေအဆင်း မြင်းအတက်၊ ယင်းတစ်ချက်ထိတ်စရာမို့၊ ယမင်း ကရ မက်အနိုပ်ကညာတပါး နှမကလေးရယ် မောင်ကြီးနတ်က သတိပေးလိုက် မယ်၊ တမိကလေး ကျုပ်နှမ၊ မဟုတ်ပမလွဲအညီ မပန်းရအောင်၊ အဲဒီစခန်း အပျိုစင်လှမ်းလိုက်တော့၊ မင်းမောင် တော်နှင့်၊ နှစ်ဦးအပြီးပျော်ရတယ်၊ ဘူး သီးကျော်နှင့်၊ လက်ဖက်ရေ ကြမ်း၊ ခင်အပျိုမနွမ်းရအောင်၊ စမ်းအလှဝင်ကာ သောက်မို့လို့၊ ခင်ကညာဆံတောက်နောက် မလွဲနိုင်တဲ့၊ ခေါက်ဆွဲဆိုင်မှာ၊ တစ်ယောက်ပုလဲခိုင်၊ လင်ရတနာအကြောင်းကိုလဲ၊ အလျှင်မကြာခဏ ပေါင်း ရဖို့ ရဂုံလမ်းအဖြာဖြာကို စုံစမ်းကာ အချက်ကြဘို့ အရေးကို ကရမက် အလှကလေး၊ မော်မော်ကြွားကြွားနဲ့ မော်တော်ကားစီးတဲ့ အခါမှာ တစ်ပါးဖနီး ကညာမမှား မယွင်းစေရအောင်၊ ကားအသင်းက (ပြည်သူ့စီးပွားတဲ့၊ မဒီဖြူ ဖနီးတစ်ပါးတက်ခါစီးပေတော့၊ ညက်အသဝါအပြီး၊ တမိဆွေမှာ၊ သတိအခြေ နောင်အပြီးမလပ်စေဖို့ မောင်ကြီးနတ်ကလျှင်စွာမ လိုက်မယ်၊ ခင်ကညာအလှ၊ စခန်းမဝေးပါဘူး၊ လမ်းနဘေးက တမာပင်တွေနဲ့၊ မကြာခင်ကျော် ရွာသို့ရောက်ပါလိမ့်မယ်၊ မော်ကညာ ဆံတော်ကတမိအပျိုမှာ သတိကိုမြဲ စွာထားပြီး ပုလဲကညာတစ်ပါး စန်းတမေအပျိုရယ်၊ စခန်းတွေကို ငှင်းကား ပေါ်ကဘဲ မှတ်ပေတော့၊ ဖောင်းခါးရေ ငါးတန်းတဲ့၊ ကားလမ်းကတယ်ပင်ကာံ၊ တသွယ်အလျှင်အမြန်

www.burmeseclassic.com



မကြာခင်ရောက်ပြန်ပါရော့တဲ့၊ ကညာခင်တစ် ယောက် လင်ရင်း မောင်နဲ့တွေ့စေဖို့၊ (အင်ကြင်းတောင်)အကွေ့နဲ့၊ ပဗ္ဗတ မြောင်ကို မှတ်စရာနောင်ကမ္ဘည်း၊ ကျောက်စာထိုးလောက်တဲ့၊ အပြီးနောက် တစ်ခါတစ်မျိုးဆန်း အပျိုစင်ရေ့ လှမ်းလို့အလျင်၊ အင်ကြင်းတောင်အ ရောက်တွင်၊ ခင်ယမင်းမောင်၊ ဆံတောက်အနိတ်၊ ပုလေးကလေးမှာ၊ စိတ်ထဲက မြင်ခါဖူးပြီးတော့၊ ခင်ကညာတစ်ဦးမကောင်း လမ်းလွဲမသွား ရအောင်၊ ၄င်းစခန်းမှာပဲ ထိုင်ကာနားလို့မှ နိုင်စကားဝါတစ်ပါး အလွမ်းပြေစေပြီး ယမင်းဆွေအနိတ်မဒီတစ်ဦးလေးကို စိတ်ကြေပြေ အောင် သီချင်းတစ်ပုဒ် သင်ကာပေးလိုက်မယ် ခင်ကညာပဂေးတပါး မကိုင်မှုရေ နားစိုက်လို့ လိုက်ဆို ပါအုံးကွယ် နှမကလေးရယ် – –

## လွမ်းချင်း

### သီကြားမင်း

လမ်းတစ်လျှောက်မှာလေ ပန်းပိတောက်တဲ့ သေလာ လွမ်းလောက်တဲ့ ဟေမဝါမှာ ဝေဆာဆာ ပိတောက်တွေက ဆန်းလှ တယ်လေး။

### အမျိုးသမီး

အဲဒီလို သိကြားမင်းက လွမ်းသီချင်းကလေး သင်ကာ ပြလိုက် တော့ ခင်ကညာအလှ မနောကြည်လှသူကလေးမှာ ဟောဒီက၊ တစခန်း၊ စန်းတမေ လှမ်းရတော့မှာ လာ။ (နတ်မင်းရဲ့)နွမ်းလျစရာ၊





ဟေမဝန်ခရီးဟာမှိ၊ ခြေလျင်အပြီး တမျိုးမမှားရအောင် ကိုကြီးနတ်ရေ ကျွန်မလည်း ဟောဒီလို ယိုးဒယားနဲ့ သွားလိုက်မှာပေါ့ရှင်။

## ယိုးဒယား

### အမျိုးသမီး

အို ဗိုလ်ဝင်တောင်စခန်း လှမ်းရပါတော့မယ် ချစ်တဲ့သူ အစ်ကိုတစ်ပါးရယ် မြင်တော်လေမူလှည့်ကွယ် ခင်မှာသဇင်ညာ လင်ရတနာကြောင့်ဘဲ သဲရင်ဝရင်ဝ ဖိုချစ်တဲ့ မောင်တစ်ပါးရယ်တဲ့ ရင်ထုပါလို့ငို ။ ။

### သိကြားမင်း

အဲဒီက တစခန်း၊ ရှေ့ဆီသို့ လှမ်းလိုက်တော့၊ တော အလိုက် တောင်အလိုက်၊ ငှက်ကျေးသတ္တဝါတွေကလည်း ယှက်ထွေးကာ မြူးပျော်ကြတာကြောင့် အထူးနော်အလှ၊ ကျုပ်နှမ မမှားရအောင်၊ တစ်ပါးအလှမောင် လင်ရတနာနဲ့ ခင်ကညာတခါ ရွှင်စေဖို့ မကြာခင် တွေ့ခါနီးလှူပေါ့၊ မေကညာအပြီး၊ ပျိုပျိုမောင်ရေလို့၊ လျှိုရိုးမြေ ခင်တန်း အစဉ်တလျှောက်မှာ(ခင်စန်း)လင် ပျောက်သူကမေ အားမငယ်ပါနဲ့၊ နှစ်ပါးကွယ်မကြာခင် ပေါင်းမိတော့မှာမို့ ၄င်း တ ကညာ ဆံပတ်ကလေး ပွေဗျာပါမကပ်ရ အောင်စကားမရှုတ်လိုက် ပါနဲ့၊ ဟောဟိုကျတော့ဖူးရလိမ့် မယ်၊ (လွမ်းစေတီတောင်ဘုရား) အုဋ္ဌတိုက်တဲ့၊ မမှား အဟုတ်ဆိုက်လို့ တစ်ခါမြင်ရပေါ့၊ မဒီကညာမေ



www.burmeseclassic.com

www.burmeseclassic.com



မကွေ့မကောက်ဘဲ၊ အရှေ့မြောက်တောင် ကမ္ဘားယံကို လျှောက်ခါ အမှန် စန်းအပျိုတက်လိုက်တော့၊ စခန်းအပိုတစ်ချက်နှမ ကလေးကို မထိတ်ဘယာမခစေဖို့ အဲဒါက စိတ္တြာရာမ ရသေ့နေတဲ့ သလွန်းဂူတဲ့ ကွဲ့နှမရဲ့။

အဲဒီက တစခန်း၊ စန်းပျိုမေလှမ်းလိုက်တော့၊ မန္တမ်းမပဟိုက် ဗွေအငူတောင်စွယ်က၊ အတူမောင်မယ်ယှဉ်ခါ တွဲရအောင်၊ ခင်ကညာ ပုလဲ မေကညာရယ်၊ ဗွေနဂရာ ကသစ်ပိုင်က ဆံရစ်ခိုင်မြာတကုံး အကြွားကလေးရေ ရတနာသုံးပါးအပြင်ထွက်လို့ မသွားစေနဲ့၊ ခင်ကရမက် တစ်ပါးနှမလေး မပူစေဘို့၊ အဲဒါက(ရန်ကုန်မြို့ ပုဇွန် တောင်ရယ်က)ကျောင်းအမကြီး ဒေါ်ဒွေးရဲ့ဂူတဲ့နှမက လေးရဲ့။

အဲဒီတစခန်းရှေ့ဆီသို့ ဆက်ခါလှမ်းလိုက်တော့၊ လမ်းတစ် လျှောက်၊ သန်းနှင့်ပိတောက်၊ ဒဟတ်စုံလို့သာပ၊ နတ်ဘုံလိုပမာ တမျှကဲ့သို့၊ ကညာနှမမြောက်ဘက်သို့ဆင်း လိုက်ပါအုံး၊ ဆံတောက် ကရမက် ယမင်းသဘောကျစေ ဖို့၊ ဂေါတမအလောင်းနုလေစဉ်က၊ ဆုချွေကာ၊ ဒီပင် ပရမေ အထံတွင်၊ အဲဒါက သုမေဓာ ရှင်ရသေ့ သဏ္ဍာန်တဲ့နှမရဲ့။

ခင်တမေမှာ ဒူးနာတတ်လျှင်၊ ဒူးကိုနှိပ်၊ ခေါင်းခဲတတ် လျှင် ခေါင်းကိုနှိပ်၊ ခါးနာတတ်လျှင် ခါးကိုနှိပ်ပြီးတော့၊ တစ်ပါးအပျို အနိုတ်စခန်းနှင်လိုက်တော့၊ မပန်းခင် အကြံပေါ်စေဖို့ ဉာဏ်တော်က





သုံးဆယ့်ရှစ်တောင်တဲ့၊ နှုန်းဖွဲ့၍စနစ်ဆော်င်လိုက်တာက မလစ် အောင်၊ မေကညာအလှ၊ ပွေဗျာပါခတဲ့၊ ကျုပ်နှမသယ် ကလေးမှာ၊ အဟုတ်ပကွယ်၊ အသရေမှာကောင်းသွားအောင်၊ အဲဒီရွှေသာ လျှောင်း ဘုရားဆင်းတုတော်ကို၊ မယွင်းယခုနော် မနောဟဒယာ ကြွပြီးတော့ သြကာသ၊ သြကာသ၊ သြကာသလို့ ဖူးပါလေအုံးလားလို့ နှမသယ်ရဲ့။

အဲဒီက တစခန်းအရှေ့ဆီကိုလှမ်းလိုက်မှဖြင့်၊ မပန်း မဟိုက်ခင်၊ ဝနာအခြေမှာ ကညာမေသတိုးနှမ ရောက်ကပေါ့ အဲဒါက သူခိုးကျချောက်တဲ့ကွဲ့ နှမရဲ့။

**အမျိုးသမီး**

တော်တော်ဘဲ ကြောက်စရာကောင်းတဲ့ တောတောင် ကမ္ဘား ယံချောက်ကြီးပါလား နတ်မင်းရဲ့။

**အမျိုးသမီးငို**

ခင်ဆံတောက်မှာလရှင်၊ လင်ပျောက်ကို တမေရှာရမှာက တနေရာမကြွင်း၊ တောနက်တောင်ဆွယ်၊ မောလျက် ကယ်၊ ယောင်လယ်လယ်နဲ့၊ မြှောင်တသွယ်၊ ချောင်နယ် အကွေ့မှာဖြင့်၊ ထားမေမှာ၊ ကျားတွေနဲ့တွေ့မှာထင်ရဲ့၊ တွေးလို့ကြောက်စရာ၊ လျှောက်ခါမှလဲ၊ မဆင်းဝံ့ပါဘူး၊ (နတ်မင်းရယ်) ဟောဟိုက၊ ချောက်ကမ္ဘားယံအတွင်း။



www.burmeseclassic.com

www.burmeseclassic.com

သိကြားမင်းမစိုးရိမ်နဲ့ကွဲ့ နှမရဲ့၊ တန်ခိုးအရှိန်ပြလို့မို့၊ မိုးဝတီက၊ ငါမောင်၊ မလိုက်မယ်၊ ဘာကောင်မှမတွေ့စေရဘူးကွဲ့ နှမရဲ့။

အဲဒီချောက်နဘေးလမ်းက၊ ဆံတောက်ကလေး စန်းတရွေ့ရွေ့ လှမ်းလိုက်ပြီလားဆိုမှဖြင့်၊ နွမ်းဟိုက်စရာ၊ အများမရှုစ်စေဘို့၊ ဘုရားသခင်၊ အရိပ်အမတာပြောင်း လို့၊ စိတ်မှာမကောင်းအောင်၊ မကြည်သနော်၊ သဏ္ဍာန် ပါပါနဲ့၊ ညီတော်အာနန်ဟာ၊ ငိုပွဲဝင်နေလိုက်တာ၊ ပျိုပုလဲသဖင်း တရားကျစေဖို့၊ တစ်ပါးနှမဝင်ကာဖူးလေ အုံးကွဲ့နှမလေးရဲ့။

အဲဒီက ပြကတေ့ တစခန်းရွေ့လိုက်တော့ လမ်းနဘေးကမိဖုရားဂူတဲ့၊ မိတပါးဖြူ အစဉ်မကွာလျှောက်လိုက်ပါအုံး၊ ဝက်ပါအပေါက် အကောက်တစ်ထောင်မှာ၊ တစ်ယောက်မောင်ဖဒါဝင်လို့ပုန်းမလား၊ ရွှင်ချိုပြုံး ခင်တမိ ကညာရယ်၊ ဝင်ပြီးကာရှာလိုက်ပါအုံး၊ မြာမကိုင်နှကညာ နုဖယောင်းကလေးရေ၊ ဟောဟိုရွှေ့နားကဆုတောင်း ပြည့်မြတ်စွာဘုရားတဲ့ကွယ်နှမရဲ့။

အဲ ဆုတောင်းပြည့်၊ တောင်းတိုင်ပြည့်၊ တတိုင်းပြည့်၊ တင်းတင်းပြည့်၊ ထင်ထင်ပြည့်၊ သက်တော်ရှည်၊ သက် တော်ရရယ်လို့ အထက်နော် ပထမ၊ ရှေးဦးစွာဖောက် ထွင်းလို့ မယွင်းမပျောက်၊ ပလ္လင်ရတနာမှာအစဉ်မကွာ စီကာတန်းလျက် ပြည်ဘယာနန်းပြုဘုရင်တို့က၊ လူရှင် ရဟန်း ဖူးမျှော်စေဖို့လို့ တူးဖော်ကာပူဇော်ခဲ့တာမို့ ယူမျှော်တဲ့ စေတနာအရင်းခံရှိသူတို့က၊ ဝင်းဝင်းလျှံအိ အောင်၊ ရွှေကိုချပြီးလျှင်၊ လိုသမျှဆုကိုတောင်းရှာကြပါတယ်၊ နုပျိုဖယောင်း





စကဝါပုအလှကလေးမှာလည်း သဒ္ဒါသုမနတို့လို ဒါနမှုမနွမ်းစေဘဲ၊ ပန်းသပြေနှင့် ဆွမ်း ရေအစုံ ဘုရားတင်ပြီး၊ ပတ္တမြားပလ္လင်မှာ၊ တပါးလင် ရတနာနှင့် ယခုပေါင်းကြရအောင်၊ ဆုတောင်းကာဇရပ်တွင်းကနေပြီး ဝပ်စင်းကာဖူးပါလေကွယ်၊ နှမသယ်ရယ်

## အမျိုးသမီး

အဲဒါလို မောင်ကြီးနတ်က သေသေချာချာ ပြောလိုက်တော့ မေကညာအချောမကိုင်နှ သဘောမှာပိုက်လို့ ဟော တဝိုက်တောင်တန်းတွေမှာ ပန်းသပြေဆိုတာ ဘယ်မှာရနိုင်ပါ့မလဲ့ နတ်မင်းရဲ့။

## သိကြားမင်း

မရောက်ဖူးရှာတဲ့ ကျုပ်နှမဒုက္ခသည် ပျိုတမေကညာဖျန်းကလေးရယ် ဟိုမျာသပြေပန်းအတွက်နဲ့ မောဟိုက်လို့ ပူမလာရအောင် သူဇာမောင် ကိုကြီးနတ်က၊ ပျိုဖနီးဆံပတ်မပျင်းမငိုက်စေဘို့၊ သီချင်းတစ်ပိုဒ် ဖွဲ့ကာ ပေး လိုက်မယ်၊ နွဲ့ကညာမငေးတစ်ပါး၊ မယင်းမကိုင်နှကလေး ရေ နားသွင်းလို့ စိုက်လိုက်ပေအုံးတော့ကွယ်၊ နှမသယ်။

## လေးချိုး

လွမ်းမပြေ၊ မန်းမြေကို တမိပါပေါ့၊ ကမ်းခြေမှာ ပန်းသပြေက လှပါဘိသနဲ့၊ (မခင်စန်း)ရယ် ဖြန်းလေက တသုံသုံ။

ပင်အထက်မှာလလေ၊ ယှဉ်လျက်နော် တူပျော်ပျော်နဲ့၊

www.burmeseclassic.com



တကြော်ကြော် မဗိုသွေးရှာကြတယ်(ကွယ်) ကျေးငှက်ကစုံ။

မှောင်ရီရီ၊ အခြေတယ်ပြမလို့၊ တောင်ဆီကို နေစွယ်ကျုပြန်တော့ ခွေသယ်ရ နွမ်းခွင့်ရယ်ကြုံ၊ ပန်းပွင့်တွေစုံပါတဲ့ရဂုံနန်း။

အတော်ဝေးဆီက၊ မျှော်တွေးကာ၊ တမှိုင်မှိုင်က၊ ဖော်ဝေးသူဗျာ ပါလှိုင်ဖို့၊ မဟာဂနိုင် ညှာဆိုင်တဲ့စခန်းကိုလ၊ မခွာပိုင်ပိုင် စာမြိုင်အောင်၊ ခါခါဖြင့်ဖွဲ့လို့ မမှန်းနိုင်ဘူး၊ (မခင်စန်း)ရေ ဆွေးဘွယ်မြိုင်တန်း။

ကျုပ်နှမ ဒုက္ခသည်ရေ အဟုတ်ပတကယ်တောင် တောသာလို့ နောင်သောအခါ တိုးတက်ရေးတွေကို တမျိုးအဆက်ပေး၍နေတာကတော့ ထေရ်ဆရာသာမဏ(ဦးမာနိယျ) နှင့်တကွ၊ အထူးပဏာရှိလှတဲ့၊ မဟိဒ္ဓိဂိုဏ်း တော်ရှင်ဟာ၊ နိုင်းမျှော်လျှင် ဘက်စုံမမျှလောက်တဲ့၊ အထက် နဘန်ကြွရန် အထူးပြုသမျှ ကောင်းအောင်ဘိုလို့ (ဦးသုမန)ခေါင်းဆောင်ပြီး၊ နှောင်းနောင် တနည်းအကြံပေး၍ အမြန်မနှေး အဆုံးမရှိတကယ် သဘောကျစေဖို့ (သုံးမြို့နယ်ဂေါပက) အဖွဲ့ရွေးကောက်ပြီး၊ အရေးရောက်ခါ ဓိပတိသဒ္ဒါ ဖွေးလို့၊ မိစိလာပြည်၊ နေမိအလားကဲ့သို့၊ အသရေ၊ ရှိမမှားစေဘဲ၊ သဘောအလာနဲ့တွေးပြီးတော့ သြဘာစကာကလေး နားစိုက်လို့ထောင်လိုက်ပါအုံး၊ ကျုပ်နှမကလေးရယ်။

## သြဘာစာ

မြကျွန်းအငူသပြေ၊ ခွင်ကနက်တွင်ဖြင့် လဝန်းတဆူ၊ နေအသွင် လက်သလို၊ ဒေဝဘုရင်အထက် မိုးပြဟ္မာဖန်သည့်နှယ်





တစ်မျိုးတစ်ဖြာ သဏ္ဍာန်စခန်းမှီစရာ ပြလိုက်တော့၊ ဇန်ဗူဒ္ဓါန အလယ်ဒေသတွင်၊ တကယ်အသရေလှတဲ့၊ ဗိုလ်ဝင်တောင်ဟာ၊ နဂိုသတင်းပြောင်ကာ၊ နမူစံပြခဲ့သည့်၊ ပြူဗန္ဓဝရာဇာအမော်က၊ ကမ္ဘာပေါ်အောင်တံခွန်လွှင့်လိုက်တာက၊ နောင် အစဉ်သဖြင့်၊ အသိတရားယူစေဖို့၊ မိဖုရားဂူတံခါးအပိတ်တွေကလည်း မမှားတံဆိပ်မာတလိဝိသကြုံဟာ၊ ရှိအစုံနတ်ရုပ်အလားသာပ၊ မပြတ်အဟုတ်မမှားပဲ၊ ကရဝိတ် ကြိုးကြာအသံကဲ့သို့ တစ်မျိုးမကွာသဏ္ဍာန်ကျောက်ဆင်းတု တော်တွေကလည်း နောက်သတင်းရှုမျှော်ကာ၊ အသရေပြစရာလင်းလိုက် တာမတော့၊ (ရွှေလသာ–ဝါဝါဝင်း)ဟု မကြာခပင်း ခြောက်လုံးဂဏန်းအရကို နောက်ဆုံးတင်ပြလိုက်လျှင်၊ လေးသိန်း–လေးသောင်းခြောက်ထောင်လေးရာလေးဆယ့်လေးဆူဘုရားတို့ကို အထူးကဲဗျာညီရလျှင်ဖြင့် (ဦးမာနိယျ) ဆရာတော်တစ်ပါးကလည်း ကမ္ဘာပေါ်တလွှား အဓိဂမသဒ္ဒါနှင့် ရှိသမျှ အဖြာဖြာ၊ ဗုဒ္ဓကိစ္စတို့ကို၊ မဟုတ်ပမဆိတ်ရအောင်၊ ခြွင်းချက်မချန်စေဘဲ၊ အစွမ်းထက်ကာ၊ စခန်းမှာမမှားရအောင်လို့၊ ဖန်းခါးတောင်၊ ကျောက်တ လုံးတောင်စေတီငှဲပြင်၊ နောက်ဆုံးအောင်အခြေမှီးကာ၊ အသံခံတခါတ် နန်းသို့၊ ဖြတ်မြန်းရန် မဂ်ဗွာမှီးသည့်၊ ဆရာကြီး(ဦးထွာကျင်)နှင့်တကွ အထူး သဒ္ဒါမယွင်းဘဲ၊ စိတ်အကြံမှန်းပြီးလျှင်၊ နိဗ္ဗာန်လမ်းသို့ တက်လှမ်းရန်၊ အမွှန်း တင်စတင်များလိုက်ပုံက၊ ကွမ်းစည်တိုင်ဘုရား၊ လိုဏ်ဂူအဝတွင်၊ အပြိုင်နမူပြဘို့၊ ဘီလူးလေးကောင်ကိုလည်း၊ အမည်ထူး၍ မနှေးအောင်ဟာဆေး အရောင်တင်ကာ မှန်ကူစီပြီးလျှင်၊ မသမာရန်သူကို၊



www.burmeseclassic.com

www.burmeseclassic.com



တဖန်တမူမကျန်ခွင်း စေဖို့ အမြန်ခပင်း၊ နိမိတ်အရှိမျှော်နှိုင်းကာဖြင့်၊ မဟိဒ္ဓိဂိုဏ်းတော်မဟာ၊ အထူးဆုပတ္တနာ သပေသည့်(ဦးကုမာရ) ထေရ်အရှင်ဆရာ၏ ကြည်လင်သဒ္ဓါအစဉ် ဝှင်းရိပ်သာ တရပ်ကလည်း မကောင်းတာတွေ စိတ်မှာမကပ်ရအောင် အမည် အသရေလျှမ်းသည့်၊ နဂါးနီရွှေနန်းဓမ္မပိမာန်နှင့်၊ အမတဓိဋ္ဌာန်ကာ မခြားအမြတ်သဒ္ဓါမြူး ပေသည့်၊ နဂါးသတ္တဝါနှစ်ဦးနှင့်၊ အများမှတ်စရာအထူး၊ ဖြဟ္မစိုရ် သတင်းအစဉ် ခပေပြီတကားဟု၊ ဗိုလ်ဝင်ရှင်မ ဒေဝီနှစ်ပါးကိုလည်း အခြေတည်ထားလိုက်တာ၊ အလုံးစုံကြည့်မှတ်စေဖို့၊ သုံးပုံပိဋကတ် အမြဲထိန်းသည့်၊ မလွဲမတိမ်း ဖြူသပ၊ မနသီနှစ်သွယ်မော်ပြီး၊ သူရသဒီ မယ်တော် ကြီးနှင့်တကွ၊ တကယ်နော်အပြီးသဘောမှာ သွင်းလို့၊ ရောဂါကင်းသည့်၊ ရှင်ဗာကူလဟု၊ အစဉ်သဒ္ဓါဖြူသပ၊ အထူးပြုသမျှတို့ကို (ဦးသုမန)ကအကျိုး တကယ်ဆောင်၍ မညှိုးငယ်အောင် သံဃာဟူသမျှတို့ကို၊ မှန်စွာအတူပ အတွင်းအပြင် မရွေးဘဲ၊ မယွင်းအလျှင်မနှေး ချိန်ခွင်လျှာကဲ့သို့၊ အရှိန်အစဉ် မကွာအောင်၊ သမာဓိတရားကို သဒ္ဓါအပြည့်ထားကာ၊ သီလရှင်အများ နှင့် တကွ၊ အတည်ပတမင်ပွားကာ၊ မေတ္တာရေနှင့်၊ လုစ်ခါမသွေ အစဉ်ဖျန်းလို့၊ ရှင်လန်းရန် သတ္တဝါအတွေထွေကို၊ ထပ်ခါတလေ၊ မယွင်းအခြေမှီသည့် (လွမ်းစေတီ)ဆရာတော်ကလည်း၊ ဓမ္မာအမော်၊ သတိပဋ္ဌာန်တရားကို၊ အသိဉာဏ် မမှားပဲ၊ မှတ်ယူခါဖြင့်၊ အမြတ် တဆူ ဘဂဝါ၏ ဓမ္မောသဓေကို၊ သဘောကျ အောင် မနောမှာသွင်း လို့မို့၊ ထောမနာ အမွန်းဖော်ထုတ်ခါဖြင့် (ဒေါ်ဥတ္တရာ)ရဲ့ ဓာတ်ပေါင်းစုံဟု မှတ်ကြောင်းတဖုံ အသရေအလွန်ပြောင်သည့်





(ခရေပင်ချောင်) ဂူတန်းရှည်နှင့်၊ ဖမ္ဘူတလွှမ်းမဟီတွင် ရိပ်သာ တမျှပါဘဲ၊ စိတ်မှာကြွလို့ ကြည်ရွှင်စရာပ၊ ထေရ်အရှင်ဆရာ (ဦးဉာဏဝံသ)ကလည်း အထူးစံတင်ပြလောက်အောင်၊ သမ္မာဒိဋ္ဌိတရား လမ်းမှန်ပြလို့မို့၊ ကျမ်းဂန်အရ သဘောညီ မမှားတာကြောင့် ယောဂီအများမှာ တော်မှီအလား၊ တရားထိုင်နေလိုက်ကြတာ၊ ဘုရားလိုဏ်တွေမှာ လုံမပြတ်ကြပါဘူး၊ တလူလူတလျှပ်လျှပ် မှန်စီပလ္လင်တော်တွေမှာလည်း၊ သယမ္ဘူအရှင်နော်၊ ပရမေဘဂဝါ အဆူဆူတွေက ဖူးမြော်လို့မငြီးပါဘူး၊ အထူးနော်တနည်း၊ တထောက်တက် သွားလိုက်တော့၊ မြောက်ဘက်နားက ဆုတောင်းပြည့်နှင့်၊ နွားသိုးတောင်၊ စူဠာမဏိစေတီတော်ကို၊ ဖြူသဒ္ဓါအိ အခြေရှည်မျှော်လျက် ဆည်းကပ်ပါ၍ တနည်းမှတ်စရာ အများချီး ကျူးသည့်(ကျားကြီးဂူ)အနီးမှာ နိဗ္ဗာန်ယူရအောင် ဝိဇ္ဇာမယဂူ၊ ရုပ်ပွားတော်ကို၊ အဟုတ်တရားယူမျှော်၍ ပူဇော်သက္ကာ ဝန္ဒနာနဲ့ ဖူးပြီးတော့၊ ညွှန်ပတ္တနာအထူး၊ ထောမနာတခါပြုစေဘို့လို့၊ ဩဘာစာ သလိုက်ပါ့မယ်၊ သဘောမှာကျစရာ လျှမ်းဖြာဖြာ ပလို့မို့၊ ချမ်းသာစွာ တခဏနှင့် ကိန်းအညီရောက်သဖြင့် သိန်းထီပေါက်လျက်၊ အစဉ်မှန်း ဆပြီးလျှင် အားလုံးသော ကမ္ဘာသူ ကမ္ဘာသားတို့ ရွှင်လန်းကြပါ စေသော်။

အဲဒိဝိဇ္ဇာဂူကို ဝင်ကာဖူးပြီးတော့ ခင်ကညာတစ်ဦး ကျုပ်နှမ အပူ သည်လေးရယ်၊ အဟုတ်ပယူဘွယ်၊ ဒိက္ခိဏာတောင်အရပ်ကို၊ အသားညက်မိကညာ ရှောင်ခါမလပ်စေဖို့၊ တောင်ကမ္ဘားယံတက် လိုက်တော့၊ နှောင်အမှန် တချက်လင် တဖေနှင့်တွေ့ရအောင်၊



www.burmeseclassic.com

www.burmeseclassic.com



ခင်တမေတမေ့ လှူဘဝတလွှားတွင်ဖြင့် (သုပပဘာဂဝါ) ဘုရားတဲ့ကွဲ၊ နှအလှကညာနှမ တပါးရေ–ဂါရဝတရား ရှေ့ထား၍ ခင်မဒီ ကရမက်မြကလေးရယ်၊ အဋ္ဌလီယှက်ခါဖူးပြီး၊ ညက်အသ ဝါဝးဦး၊ နောင်မပျက်အကြောင်းမှန်လို့၊ တောင်ဘက်စောင်းတန်းဆင်းလိုက်တော့၊ ယမင်းမကိုင်ရှိတစ်ပါးခင်ကညာရယ်၊ မမှားလင်ရတနာနှင့် ပေါင်းရ အောင်၊ အကြောင်းတွေယှူမှန်းလို့ အဲဒီ(လေးဆူတန်း)ကိုလဲ မယွင်းယခု အဲဒီကမှန်း၍ အရှေ့ဆီသို့လှမ်း၍ ကြည့်လိုက်မှဖြင့်၊ စန်းတမိမကိုင်ရှိနှစက ဝါကလေးရယ်၊ ရှုစရာတွေငေးပြီး ချောင်အဆက် မှားမည်ကြောင့်၊ တောင်ဘက်နားက၊ ကမ္ဘားယံအဆွယ်မှာ၊ အမှန်တကယ် အထူးပြုလိုက်မယ်၊ ဘီလူး မရဲ့ ထညားဖဒါနှစ်စုံက လည်းတဖြာတဖုံ ရွှေဒင်္ဂါးထွက်လို့မို့ ငွေယမု၊ အမှန်တချက်စန်းအလှ ကညာရယ်၊ မှန်းဆကာ အနောက်ဘက် ကမ္ဘားယံ ဆင်းလိုက်တော့၊ ဆံတောက် ကရမက်၊ အမှန် ယမင်းမကိုင်ရှိ တကယ်မယွင်း၊ အရွယ်မျှတဲ့ ဖယ်မကလေးရယ်၊ အဲဒီမယ်လှမယ်၊ ရွှေသာလျောင်း၊ ဘုရား ကိုလည်း ဖေအသဝါနှင့်ပေါင်းမိအောင် ဆုတောင်းရင်းဝင်လို့ ဖူးပါလေအုံးကွဲ၊ အလှကလေးရဲ့။

အဲဒီက တစခန်းဒက္ခိဏာကို လှမ်းလိုက်တော့ စန်းမကိုင်ရှိ တမေ အပူမခစေတို့ အငူအစ မယွင်းမြေအညီမှာ လွှမ်းစေတီတောင်တဲ့ ငှင်းတောင်ပေါ်က အဟောင်းမောင်တော်နှင့် သေချာစွာတွေ့ရ အောင် မေကညာ တမေဂူတန်းရှည်ကလည်း ဇမ္ဗူခန်းမဟီတွင် အတုမရှိပါဘူး၊ နှမသိစရာ ရွှေပန်းချီဆရာတွေကလည်း မနေးအတည် မကွာ၊ ဇာတ်ရုပ်အမျိုးမျိုးတို့ကို၊ မပြတ်မဟုတ်သတိုး မနောကြည်စရာ တွေကို၊ ချောမဒီခင်ကညာ၊ အရှေ့ဆီ ဘက်သို့ မေနှံ့သာဆီကရမက်၊ အနည်းငယ်တိုးလိုက်တော့၊ အပြီးတကယ် မညှိုးစရာအမှားမသုံးကြဘဲ၊ အားလုံးသတ္တဝါတွေ ဘယာမငြိမလာစေဘဲ၊ ဇာတိ–ဇရာ–မရဏာဟု အာဒိအစ၊ အမှန်အခြေတည်တဲ့၊ သန္ဓေတည်ကာ ဒုက္ခမှားနေကြပြီး မနုသအများဆယ့်တမီး လောင်စာတွေကို၊ ပျက်ဆီး အောင်အမြစ် ပြတ်စေလို့လို အဖြစ်ပျက်ခန္ဓာမတွယ်ဘဲ၊ သံသရာနယ်လမ်းစဉ် ကို ဖြတ်နေတဲ့ ရဟန်းအရှင်မြတ် (ဦးစန္ဒိမာ)ရဲ့ သတိပဋ္ဌာန်ရိပ်သာတဲ့ကွဲ၊ မရှိအမှန်စိတ်မှာမှတ်လို့မို့၊ နိမိတ်အဖြာဖြာထပ်၍ အမှားလမ်းရောက် အောင် မထွက်လေနဲ့၊ ကားစခန်းရဲ့အောက် ဘက်က၊ ချောက်အနက် ကိုဆင်းကာ၊ အဖန်တက်လိုက်တော့ ယင်းမှာအမှန် တချက် (ဦးသုမန)နှင့်တကွ နှစ်ဦး ကုသလ၊ အထူးတကိန်းပိုသည့် (ဦးသိန်းချို–ဒေါ်စိန်သွဲ့)တို့ပါ၊ မျှော်ချိန်တဲ့ အမတာအငူကို၊ ဘဂဝါတစ်ဆူ–ဗဟိုရ်အခေါင်မှာ၊ စဖိုတောင်အမည်နာမ ကတော့ အတည်ထာဝရ ပေါ်လစီအထူးတန်ခိုးလင်း၍၊ ဇော်ဂျီ(ဦးဖိုးဝင်း)၏ အဆက်သိစရာ မညှိုးသည် အဂ္ဂိယထိုးတဲ့ ဟိုတောင်ကတော့ စဖိုတောင်တဲ့ ကွဲ့နှမလေးရဲ့။

အဲဒီလို လွှမ်းစေတီတောင်တော်က တစခန်းခင်တမေ လှမ်းလိုက်လျှင်၊ ရှုစမ်းတော့နှမ ခုမှန်းလို့ပြလိုက်မယ်၊ အဲဒီလွှမ်း စေတီရိပ်သာရဲ့ တောင်ထဲမှာ မဲမဲဝေဝေဆော၊ သာယာဂနိုင်၊ မြိုင်လယ် ဟောဝန်း၊ မွေအလွှင်ကဲ့သို့၊ တမေမြင်လိမ့်မယ်၊ ဖြေမရှင်ကြောက် ရှုံ့ထိပ်သမို့၊ ဆံတောက်ခင် အနိတ် ချင့်ယောင်မြော်ကာဖြင့်၊ မင်းမောင်တော်သဟာနဲ့၊ ပေါင်းဖို့ရာ အလွန်ကောင်း လှတဲ့ အမျိုး





www.burmeseclassic.com

www.burmeseclassic.com

သမီးငို မှန်းလို့ရယ် မကြည့်အောင် ဟာကိုလေ၊ လွှမ်းစေတီ တောင်ရိပ်သာစခန်းဆီက၊ နိုတ်ကညာပြန့်မှာ၊ အောက် ခြေကိုဆင်းရမယ်တဲ့၊ ချောက်တွေအတွင်းမှာ လိပ်ပြာ ငယ်လုချည်ရဲ့၊ ထိတ်စရာ တသွယ်ပါကလား။

တွေးထိတ်စရာ ကြုံပါတယ်၊ သွေးလိပ်ပြာ ပျို့မလုံဘူး။ ဟိုရဂုံမှာ၊ ကိုယ်တုန်လို့ လဲလိမ့်မယ်ထင်ရဲ့၊ စဖိုတောင်ဆိုတာမှာလေ၊ အကိုမောင်နဲ့ တွေ့ရပါ့မလားရယ်လို့၊ မေကညာတပါးမှာ၊ စိတ်ဖျာပါ တွေပူလုချည့်ရဲ့၊ ဆူကြွကာ ဖုန်းလင်ရတနာတပါးရယ်ကြောင့်၊ ဟောဟို စဖိုတောင်ခြေက၊ ကုံးခင်ပထဗျာအကြားတွင်ဖြင့် (အမယ်မင်း) ကယ်မတော်မူလိုက်ပါ မိုးဘုရင်ရာဇာတပါး၊ ကျွန်မမှာ ဖြင့် (ယနေ့သွားရပါတော့မယ်ရှင့်) ပြုံးဘုရားတို့ရဲ့၊ ဘဂဝါ ဘုရား။

**သီကြားမင်း**

ငိုမနေပါနဲ့ ကျုပ်နှမရယ်၊ ငှင်းစဖိုတောင်ကို အကြောင်းမပိုအောင် လှမ်းသည့်အခါမှာ နွမ်းရိကာ အမောဆိုက် ပြီးမလဲရအောင်၊ တောအလိုက်၊ ကျောက်ပထဗျာ၊ အမျှဉ် တွေကလည်း။ တယောက်တည်းကညာအသဝါ၊ ခင်တပါးမေရဲ့၊ နားနေစရာ အဆင်သင့်ဟာမို့၊ ခင်တမင့်မှာ ထိုင်ကာနားလိုက်ပါတော့ကွဲ နှမရဲ့။

အဲဒီက အမောပြေလျှင် ချောတမေကညာ အလုရေ၊ ပကာသန နန်းကေနိုင်မှာ၊ နွမ်းခွေယိုင်ကာ၊ လဲလုပါပေ့၊ ပုလဲနုကလေးကို၊ အကိုတွဲခါ၊ ကြိုလှည့်ပါ ဘုရားလို့၊ ငိုမဲ့ကာမျှား၊ မတာလေနဲ့ကွယ်၊ လှကေပုလဲ တောင်ပေါ်လျှောက်တော့၊ မောင်တော်





တစ်ယောက်ရဲ့၊ သတင်းစကားကို မယွင်းမမှားရအောင်၊ မလေ့လာခင် တမေ့အသဝါခင်၊ အလွမ်းပျောက်စေဖို့၊ ယမင်းဆံ တောက်အနိုတ် တပါးကလေးမှာ စိတ်အားတက်ခါ၊ ဘုရားကိုအာရုံပြု၍ မွှာအကုန်စု တဲ့ တရားသဘောက ဖြင့်၊ ဘုရားဟောတဲ့၊ ငါးခန္ဓာ၊ ရုပ်နာမ်နှစ်ခုကို၊ အဟုတ် အမှန်ရှုလိုက်တော့၊ နှမကိုနှ—ကျုပ်နှမရဲ့၊ ပျိုကညာမှာ၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတစ်ပါးယောက်ျား မိန်းမရှာမရတဲ့၊ အနတ္တအစုကို၊ ပရမတ္ထနှင့်၊ ရှုမှဖြင့်၊ ငါငါဟု စွဲပါသမျှ၊ တကာတဲရှာမရ၊ အားလုံး ပျောက်လို့ အဆုံးရောက်ခါ၊ သူချုပ်သည့်ပြင်၊ ဘူတရုပ်ခာတ်လေး သွယ်ကလဲ၊ ကလာပ်အသေးအငယ်တူမျှလိုမို့၊ သမူဟ အပေါင်းဆုံ ကာဖြင့်၊ အကြောင်းတစ်ဖုံမှာ မှန်စွာပြုလိုက်မယ်၊ သဏ္ဍာ နမူရာ အသွင်ကို သူငါပင်အမည်သလျက် အတည်မကျ ရှုမှတ်တင်ရ အောင် ဥပါဒ်ဌီဘင် မပြတ်ထွက်လို့ စပ်ဆက်တဲ့ သန္တတိကို ဉာဏ်ရှိမှ မြင်နိုင်တာကိုကွဲ့နှမရဲ့။

အဲဒါလို့ ဘုရားပရမေသနင်းရဲ့၊ တရားဓမ္မကို နှလုံးသွင်းရင်၊ အပြုံးယမင်းကလေး၊ ငှင်းစဖိုတောင်ကို အကြောင်းမပိုအောင် ယူမျှော်ဆဘို့ကတော့၊ အပူနော်ကြွလို့ အလွမ်းတွေမလာစေနဲ့၊ မယွင်းမသွေမကွာ ဂါရဝတရားကို ကညာနှမတပါးမေ မဒီမော်ရေ စေတီတော် ရဲ့အလည်လောက်မှာ မဒီဆံတောက်သေချာစွာ ပူးပြီး ကြည့်လျှင်အထူး ကမ္မည်းအရှိကတော့ (ဦးသိန်းရှိ– ဒေါ်စိန်သွဲ)တို့ရဲ့ ကောင်းမှုတဲ့။ အကြောင်းတစ်ခုကို အလီ လီအခါခါ ဖန်လိုက်တာက၊ ထေရ်ဆရာသာမဏာ (ဦးသုမန)နှင့်တကွ နှစ်ဦးချင့်ဆဖြီ စဖိုတောင်စောင်းတန်း နတ်လမ်းပမာကိုလည်း၊ မြတ်ရဟန်းဆရာက၊



www.burmeseclassic.com

www.burmeseclassic.com



အကြဲပေးပြီး အမြန်မနေး(အောင်ဖေယျာ)ဟု၊ နောင်အရှေမကြာခင် တခါနှီးပေါ့လို့၊ ကညာခင်ဖဒါဖနီးက လေးရေ စဖိုတောင်က ပြန်ဆင်းပါလေအုံးကွဲ့နမသသယ်ရယ်။

အဲ စဖိုတောင်က ဆင်းပြန်တော့ မယွင်းအမှန် တပါးပို့ အသဝါရယ်၊ ဘုရားကိုသာ အာရုံပြု၍ ဓမ္မာရုံအစုနှင့် သတိပဋ္ဌာန် တရားကို အသိဉာဏ်မများဘဲ အမြဲ နှလုံးသွင်းပြီး ပုလဲကုံးယမင်းတမိ ပို့ရယ်၊ သတိအလို နဲ့ တောင်ခြေလျှောက်လိုက်တော့၊ မောင်ဖေတစ် ယောက်ရဲ့သတင်းစကားကို၊ မယွင်းမှားရအောင် စုံစမ်းလို့၊ ငုံပန်း ခိုင်ကညာဖျန်းဆံတောက်ကလေး၊ လာလမ်းကို တဖန်လျှောက်လိုက် တော့၊ အမြန်ရောက်လို့၊ စန်းတမေ ပို့စင်ရယ်၊ မန်းပြည်က အကိုလင်လောင်းသမတနဲ့ ပေါင်းရ အောင် နောင်အဆက်ထားပြီး၊ တောင်ဘက်နားက၊ ကမ္ဘားယံမြေအညီမှာ၊ ကန်ရေကြည်ကြည်ကို လက်ဖဝါးနဲ့ ခွက်ဖလားပြုကာသာ သုံးပေတော့ အန်းပြေလျှင် ကညာ ခင် တယောက်မှာ တခါလျှောက်လို့ အရှေ့နား ထွက်လိုက်ပါအုံး၊ မေတပါးကရမက်ကလေးရယ်၊ ခြေ ဖဝါးသွက်သွက်နဲ့ မော်မော်ကြွား ကြွား သွားလိုက်တော့ မော်တော်ကားများလှတဲ့ ခြောက်ပေလမ်း၊ ရောက်ပါရော့ နမရဲ့၊ ဆံတောက်မေဖျန်းအတော်လာမိတော့၊ မော်က ညာမိမှာ၊ ဘယာမငြိရအောင်၊ အသရေအဝဝဆောင်တဲ့၊ ရွှေဘ တောင်ဝိဟာရမှာ၊ သိစရာအမှန်ကို၊ အမြွက်ဖော် ပြနိုင်သည့်၊ သက်တော်က ခုနှစ်ဆယ့်ခြောက်နှစ်တဲ့၊ အစဉ်အနွယ်မြောက်တဲ့ နန်းရိပ်ဘမရာမှာ ရဟန်း သိက္ခာငါးဆယ့်ခုနှစ်ဟု မမှားကွယ်အလျှင် အမြန်ဝင်ကာ ဖူးပါလေအုံးကွဲ့နမရဲ့။







အဲ ငှင်းကဝိဆရာတော်ကို ကျောင်းဝိဟာပေါ်ဝင်ကာ ဖူးပြီး တော့၊ ခင်ကညာတစ်ဦး ဝင်လမ်းထွက်လို့မို့၊ သဖင်ပန်းကရမက်၊ လှမ်းရန်ခရီးအစဉ်မှာ၊ တမင်မကွာ(ပုရိမာ) အရှေ့ဒိသာကို တမေ့မဒီ ကညာ လျင်စွာဆင်းလိုက်မှ ဖြင့် ခင်ကညာယမင်း အောက်ခြေရောက် တော့ ဆံ တောက်မေတစ်ယောက် ညက်အသဝါအလှကလေးရယ် လက်ျာဘက်က ဆုထူးပန်ဘုရားကွဲ့၊ ယခုဖူးရန်မမှား၊ သက္ကစွတရားနဲ့ အသားညက်ဆံရစ်နမတစ်ပါး ဝင်လို့ ကန်တော့ပြီး ဖူးပါလေအုံးကွဲ့ နမရဲ့။

ကြော့မဒီတစ်ဦး အကိုလင်သည်နှင့် ပေါင်းရအောင်၊ အပို့ခင်ဖယ်ဖယောင်း၊ လက်ဝဲဘက်လှည့်လိုက်တော့၊ ကရမက်ပုလဲ တမိကလေး၊ ကြည်လင်စွာနှင့်၊ ဒီပင်္ကရာမြတ်စွာဘုရားသခင်က၊ သုမေဓာရသေ့ကို၊ ဗျာ ဒိတ်တော်ပေးတဲ့အခန်းပါပဲ၊ ကညာနိတ်မော် ဆွေးလို့ မနွမ်းရအောင်၊ ဆုပတ္တနာတောင်းလို့၊ နုအသဝါနှင့်ပေါင်း ကြဖို့၊ အကိုလင်တဖေကို ပို့ခင်တမေ အမြန်တွေ့ချင်လှပါ၍ တဖန်ရွှေ့လို့ အလျင်တခါအရှေ့နား ထွက်လိုက်တော့ မေ့တပါး အသားညက် စန်းတမေအလှကလေးမှာ အလွမ်းတွေနောင်တဖန် မလာရအောင်၊ မောင်နှံ့နှစ် ဖြာ၊ ဆုံကာနီးလုပေါ့၊ ရဂုံဝနာခရီးမှာ၊ ငေးမှိုင်မနေလေနဲ့၊ ဟောဒီ ဈေးဆိုင်တွေက တောင်ပုံတော် သမိုင်းစာ အုပ်နှင့်၊ ဆေးမြစ်အစုံတို့ကို ဘေးသစ်တစ်ဖုံယမင်းတ ပါးမဖြစ်ရ အောင်၊ ရင်းဖြားမြစ်နဲ့၊ ဆင်နီရာဇာဟာ၊ ခင်မဒီကညာမှာ၊ ဘေးအ ထူစိုက်လို့၊ ခွေးရူးကိုက်လျှင်၊ ဆန် ဆေးရေနှင့်ဆေး၍ သောက်ရ သတဲ့ကွဲ့ နမလေးရဲ့။





www.burmeseclassic.com

www.burmeseclassic.com



အဲဒီက တစခန်း ဒက္ခိဏာတောင်ဘက်သို့ လှမ်းလိုက်တော့ ညှက်တမိကညာ၊ ဝါးတောင်အတက်မှာ မနွမ်းဟိုက်လို့၊ အမောပြေလျှင်၊ ချောတမေတမင် မနွမ်းရအောင်၊ အဲဒါက ဆင်ကျွန်းက ကောင်းမှုတဲ့ကွဲ့၊ တကြောင်းရှုလိုက်တော့လဲ၊ အကောင်းတစ်ခုစန်းအပို့ နှမခင်ရယ်၊ တခန်းဆိုရလျှင်၊ နောင်အတုမဆုံးနိုင်ဘု၊ တောင်တစ်ခုလုံးကို ဆင်သဏ္ဌာန်ထုလို့မို့ အမြင်မှန်တစ် ခုကတော့ ဖမ္ဘူတွင်မရှိသလောက်ပါဘဲ၊ ဖြူတမိ ဆံ တောက်ခင်ကလေးမှာ နောင်အစဉ်အပူမပွားရအောင်၊ ကျောက်ဆင်ဂူဘုရားကိုလည်း ဝင်ကာဖူးခဲ့ပါအုံးကွဲ့နှမရဲ့။

**အမျိုးသမီး**

ကြားရပုံမှာလေ၊ နားဝအစုံ၊ သဒ္ဓါစောပါဘိ၊ အံ့ဩစရာ တောင်တခုလုံးကိုဖြင့်၊ နောင်အတုရှုံးအောင် အသွင် ဖန်လိုက်တာက ဆင်သဏ္ဌာန်အလား။

လက်ရာမြောက်တဲ့ ပန်းပု၊ ပန်းချီဆရာတွေကိုလေ၊ အထက် အောက်ယခု၊ ပြည်နဂရာမှာ၊ ရှာသော်လည်း ရှားလိမ့်မယ်ထင့်၊ ကညာမော်တပါးမှာ၊ ကြားရရုံနှင့်ပင် ကြည်ညိုလှချည်ရဲ့ မဒီပျိုတစ် ယောက်မှာ တစ်ယောက်လင်နဲ့ ပလူးရအောင်၊ မရောက်ခင်တင်ကာ ဖူးလိုက်မယ်၊ ရှူးတယ်လို့ ထင်ကြမှာလား၊ လင်ပူသူ မယား၊ (နှတ်မင်းရယ်) ထူးလိုက်တဲ့၊ ဆင်ဂူဘုရား။





**သီကြားမင်း**

အေး – အေး ထူးမြတ်တဲ့ ဆင်ဂူဘုရားက တဖြေးဖြေး ရွှေအသဝါမေကလေး ခြေတခါရွှေ့လို့၊ တောင်နားခိုလိုက် တော့၊ မောင့်တပါးအကိုနှင့် အမြန်ပေါင်းရအောင်ဟာ၊ သံတန်ဆောင်းနှင့် ဒေါ်ဒေါ်စောရဲ့ ဘုရားကိုလည်း မော် မော်ချော နွဲ့တပါးဝင်ကာဖူးပြီး ခင်ကညာတစ်ဦး စန်းအလှတမေရေ၊ မန်းနဂရက တဖေလင်ငယ်နဲ့ ပေါင်းရပါလိမ့်မယ်၊ နွယ်သဖင်နှောင်း ဒက္ခိဏာကို၊ မပျက်သတိမကွာ ကျော်ကာသွားလိုက်တော့၊ မော်ကညာ တစ်ပါး တောင်ပေါ်ရောက်ပါ လိမ့်မယ်၊ နောင်နော်တလျှောက်၊ အမြတ်မျှော်ယူပြီးလျှင် (ရပ်တော် မူကြီး)နှစ်ဆူ ဟာ ဘုရားဉာဏ်တော်ခန့်မလွဲပါဘူး၊ အံ့အဲစရာကျောက် တောင်တစ်ခုလုံးကို နောက်နောင်ခါရှုမဆုံးအောင်ပ၊ အနုနှုန်းမှာ တုသူမသာကြပါဘူး၊ သုခုမာအလှ လက်ရာမွန် တွေကို ညက်အသဝါ ခင်လေ့လာကာမျှနှင့် လှည့်မသွား လိုက်ပါနှင့်၊ မေ့ကညာ အလှမကိုနှ တမင်တခေါက်လာ လို့ မဖြစ်ပါဘူး၊ လင်ပျောက်ရှာရင်း ဦးညွှတ်ခါဖြင့် ဒူး ပုဆစ်ပျပ်ဝပ်လျှိုးပြီးတော့ လက်ယှက်မိုးကာ အဉ္ဇလီ ပမာဏဖြင့် တင်ချီကာ၊ ဂါရဝပြုလို့၊ ဖူးခဲ့ပါလေအုံးကွဲ့ နှမကလေးရဲ့။

အဲဒီက တစခန်း မြောက်နားသို့လှမ်းလိုက်တော့၊ တော တန်းနှင့်မြိုင်ဂူ၊ လိုဏ်ဂူနှင့်ဘုရားရုပ်ပွားနှင့်ဆင်းတု၊ သွင်း ထုတဲ့ စေတီတော်တွေမှာ၊ နေပြည်တော်တွေနှင့်မခြား၊ အလွန်များပြားလှစွာ သော ဘုရားတို့ကို၊ တပါးပျိုပျို တင်ပတ္တနာနဲ့၊ ခင်ကညာ ဆုမွန်တောင်းလိုက်ပါအုံး၊ လင်ရတနာနဲ့ခုပင် ပေါင်းပါရစေသားလို့၊ အေးအေး အကြောင်းရှိသမျှ ဝစနာအဖုံဖုံတွေ၊ နှစ်ဖြာအစုံ မပြတ်



www.burmeseclassic.com

www.burmeseclassic.com

ပေါင်းကြရတဲ့အခါကျတော့မှ တွေ့ကြုံခဲ့သမျှ ဇာတ်ကြောင်းပြန်ခါ ပြောတာပေါ့၊ စံကညာချော၊ လိုရင်းမကျ တယ်လို့များ၊ ငိုချင်းချမနေပါလေနဲ့၊ နှမကလေးရဲ့။

**အမျိုးသမီးငို**

ထားအပျို ခင်ကညာ မေတပါးမှာလ တပါးအကို လင်ရ တနာတဖေ မတွေ့တာဖြင့်၊ လျှင်စွာယနေ့ မေ့ကာ သာလဲ (အိုကွယ်) အစဉ်ထာဝစဉ် မမေ့ပါတဲ့၊ မေ့ဖဒါအသဲ။

အပျိုဆံတောက်မှာလ အကိုတစ်ယောက်ကို ဖြင့်၊ မျိုးမလောက်ပါ ဟိုအကြောင်းကိုလ ရောင်စောင်းဖေ လူပုံချော်ကို၊ စက်ရာတွင် ဖက်ကာပြောလိုက်ချင် ရဲ့၊ မောဟိုက်သူ ဆံရစ်ကရမက်ပုလဲမှာဖြင့် (နှတ်မင်းရယ်) ချစ်လျက်နဲ့ခွဲရတဲ့ တနဲရယ်ကြောင့် (ကျမမှာရှင်) အသည်းအက်လို့ ကွဲရမှာပမလွှဲ။

**သီကြားမင်း**

ငိုမနေပါနဲ့၊ ပျိုမေအလှစန်း ဆံတောက်ရွှေအသားဝါ လေးရေ အဲဒီ အံ့လောက်တဲ့သေလာမှာ အနံ့လျှောက်လို့ တမေရှာပြီးလျှင်၊ အသေအချာ ကျောက်ဂူစေ့သော် လည်း၊ ပျောက်သူကို မတွေ့တာဖြင့်၊ ဆံတောက်မှုကလေးမှာ၊ တရွှေ့ရွှေ့လာလမ်းကို၊ တမေပြန်လိုမို့ ဝေဝေ လျှံကာရွှင်လို့ ပြောင်နေသည့် ဖိုလ်ဝင်တောင်သို့ အရောက်လှမ်းခဲ့ ပေတော့၊ အမောက်တန်း၊ တယောက် ကညာ ဖယ်နှမကလေးရေ မင်းကိုလေ မျောက်စာ သည်မကလေးတွေက ဆီးကြိုကြပါလိမ့်မယ်၊





(အဲဒီအခါ ကျတော့မှ) တည်းခိုရန်ကိုလည်း သူတို့ကိုဘဲ မေးမြန်း ပေတော့၊ အေးချမ်းစွာ အသဝါအလှအိပ်ရအောင် လာသမျှပရိသတ်တို့ကို လက်ခံနေတဲ့ အထက်ကမ္ဘား ယံခြေ ချောက်ကမ်းဆွယ်မှာ၊ ကျောက်တန်းသွယ်ကာ တည်ရာဌာန ဖွင့်နေသည့် ထေရ်ဆရာ သမဏရဲ့ ကျောင်းတော်ကိုဘဲ ညွှန်ပြကြပေလိမ့်မယ်၊ ခင်နှမအနိတ် အဟုတ်သနားစရာကောင်းသူကလေးရေ၊ အဒီပုပ္ပါး ဆရာတော် ကျောင်းတော်မှာဘဲ၊ လျှောက်ထားပြီး အိပ် ပေရော့၊ ရဲစခန်းလည်းနီးလေရဲ့ကွဲ့ နှမလေးရဲ့။

**အမျိုးသမီးငို**

ဆန်းပြားလို့ရယ် စုံပါတယ်၊ လမ်းသွားစရာအကုန် တမေ ပတ်ပါလို့၊ ဇရပ်ကွယ် ဂူတာတန်းနှင့် တဆူမကျန်၊ ဒီတမေ စေနိုင်ပါ့မလား တနေ့အတွင်း။

မှိုင်းညိုလို့ရယ်မှောင် သမိုင်းမချိုအောင် အမည်ဆောင် တဲ့၊ ဒီတောင်ကိုဒီခင် ရောက်လျှင်ဖြင့်၊ လင်ပျောက်ကို တကယ်တွေ့ရ ပါ့မလား မအေးတယ်၊ အပူတွေ ပူပြင်း လှချည်ရဲ့ (နှတ်မင်းရယ်) ဆွေးရသူ မေပျိုယမင်း။

**သီကြားမင်း**

အေး အေး အေး ပူပေမပါ့၊ ဖြူမေအလှ အသွင်ပြောင်း သူကလေးရေ မင်းရဲ့လင်မောင်ကို၊ ဒီတွင်မတွေ့တာဖြင့်၊ ထေရ်သခင် သမဏော့ ပုပ္ပါးဆရာတော်အရှင်တို့က ကမ္ဘာပေါ်တွင် လူအများဖူး


www.burmeseclassic.com

www.burmeseclassic.com



မြော်ချင်ကြတဲ့၊ ထူးသနော် ယခင် အခါသမယ၊ ဂေါတမဘုရားပရမေ လက်ထက်တော်တွင် တေဒဂ်တော်ဆယ့်သုံးတန် ရတင်အကျင့်ကို၊ မပျက်သုံးရန်၊ နမူဆင်ကာ၊ အမြတ်ဓမ္မ အပိုဆောင်းပြီး အရဟတ္တဖိုလ် ပြောင်းသွားတဲ့၊ အရှင်မဟာကဿကြီး၊ ပရိနိဗ္ဗာန်ပြုတော်မူရာဌာန ဖြစ်တဲ့၊ ဝေပုလ္လတောင်တွင်၊ အသရေစုံသပ၊ နောင်သနစ်မပျောက်စေဖို့၊ တစ်နှစ် တစ်ခေါက် ပရိသတ်စုပြီး၊ ပို့ပေးနေတယ်ကွဲ့၊ ပျိုလေးမေ၊ လင်ရတနာပျောက်ကိုရှာရင်း၊ အရှင်ဆရာ သမဏ လျှောက်ပြီး၊ လိုက်သွားကာ ဖူးပါလေအုံးလားကွဲ့-နှမ လေးရဲ့။

ရှုမဝအဆန်းဆန်း တဦးနှမဖျှန်း ကလေးအား အထူးစကားလှတန်းလို့ ပြရသော်လည်း အခန်းခန်းစုံအောင် ဖြင့်တင်ခါမပြနိုင်တော့ပါဘူး မမြင်ရှာကြလို့၊ မရောက် ဖူးတာဖြင့်၊ ဆံတောက်တဦး၊ ဖနီးကလေးက၊ အမောက် ကြူးပြီး၊ ညာလုံးကူကာဖြင့်၊ စာကုံးသူကို၊ အလိုလို လေကြွားတာဘဲလို့၊ အဆိုတွေများ ခံရလိမ့်မယ်ထင်ပါရဲ့၊ အပိုစကားလို့ ထင်ချင်လည်းထင်ပေါ့၊ မြင်လျှင်ဖြင့်၊ ခရာတာတာနဲ့၊ မချွတ်ပြင်၊ စာဖွဲ့သူ သတိမေ့ရော့လား၊ ရှိသရွေ့တောင် မကုန်ဘူးရယ်လို့၊ အဖုံဖုံအထူးထူး ဟိုနေ ရာတွေပါ၊ မြင်ရလိမ့်မယ်၊ လိုရာတွင် တကိန်းနှောကာ ရေး၍ပြရတာမို့၊ ဗိန္ဒောဆရာ၊ ဆေးပယောဂသမား အတန်တန်ငှဲပြင်၊ ပြဒါးသံကို ခတ်လမ်းကြံသူတွေ လည်း၊ မရှားပေဘူး၊ အမြတ်ကမ္မဋ္ဌာန်းဆန်ဆန် အဓိဋ္ဌာန် ဝင်ပြီး၊ စိတ်အကြံလွန်ကာ၊ ကိုးရက်လီလီနှင့်၊ အပြီး ကျွတ်ခါသွားအောင်တဲ့၊ မီးလွှတ်အစာ၊ စားတဲ့သူတွေ ပေါတဲ့ပြင်၊ တောရဲ့အသွင်မှာ၊ နတ်ပန်းအသွင် အသွေး ရှင်သည့် ဆေးပင်တွေက





လည်း၊ အဖုံဖုံရှိပါသေးရဲ့၊ အစုံ စုံထည့်ကာဖရေး၍၊ အကြိမ်ကြိမ်ဆိုရမှာဖြင့်၊ ပတိမ်ငို အသုံးဝယ်တယ်ဟု ဂမုံးရှင်သူငယ်၊ ဂမုံးပင့်ကူငှဲပြင်၊ အနှုန်းချင့်မူ၊ အသစ်မဆုံးပေဘူး၊ ရစ်ဂမုံးအပြောက် ဆန်းနှင့်၊ ကျောက်ပန်းနှ စိမ်းစိမ်းမြိုင်၍ ယိမ်းယိမ်းယိုင် ပင်ချင်းတွဲ့ကာဖြင့်၊ အင်ကြင်းတလှဲ့ ပိတောက်တခါပ ပေါက်ရှာကြတဲ့ ပန်းအမျိုးမျိုးတွေမှာ လည်း၊ အဆန်းအရိုး စကဝါတလီ၊ စိုက်သလိုပ၊ ခါမိုအခိုက်တွင်၊ ရာသီမကြိုက်၊ ယင်းမာတနည်းဟာမို့၊ ပျင်းစရာလည်းမရှိပါဘူးကွဲ့-နှမ ရဲ့၊ ယမင်းကညာတမိ၊ တန်ဆောင်းတွေလည်းမလပ်စေ ဖို့၊ ကျောင်းဇရပ်နှင့် တောင်သဏ္ဍာန်မှာ၊ နောင်တဖန် မကွာသတိမမေ့လေနဲ့၊ ရှိသရွေ့အဖန်ဖန်လျှောက်ရ အောင်၊ မကျန်သလောက်စီကာ ပြလိုက်မယ်၊ ဒီခါသမယ သရဒဆောင်တဲ့၊ လတန်ဆောင်ပွဲတော်ရက်ကလည်း ကြုံတာမို့၊ (ကဲ)မုံရွာမြို့ဆီကလိုက်ပေတော့၊ အကြည်မဆိုက်ဘဲနဲ့၊ မဒီအမိုက်ကလေး ဘယ်အတွက်ခုလောက် ဆွေးရတာလဲ နဆံတောက်ကလေး၊ လင်ရင်းမဟာနဲ့၊ တွေ့တော့မှာတကဲ၊ မရွှင်ခြင်းအဖြာဖြာ အရှိက်အငိုု ရှော့ လို့မို့ မကိုင်နှိုပျိုကျော့ ဒြပ်မချို့ကတော် အနိတ်ယမင်း ကလေးရေကိုင်း (ဟောဟိုမြိုင်အနောက်က) ဖြတ်ကတို့ မော်တော်ဆိပ်ဆင်းပေတော့ပျား။

မကြိုက်လျှင်၊ အလိုက်တီထွင်၍ ပြင်ပါလေဦး၊ ခုများ ဇရာခြုံလို့၊ စာဖြစ်ရုံ၊ အနိုင်ရေးရရှေ့နဲ့တူဘူး။

စံပမာအခြေ၊ သလ္လာမြေပြည်မက၊ စီသကာ၊ ပိုမလွန် ဘု၊ ဗိုလ်ဝင်သိုတန်း ထူးဝစနာ၊ ဖူးစရာအဆူဆူပ၊ စာမူကိုသင့်ရာကူလို့ ကုံးလိုက်တယ်(ကွယ်) ဆုံးပေါ့နတ်လမ်း။



www.burmeseclassic.com

www.burmeseclassic.com



**ကျေးရွာရှင် ပုပ္ပါး ဗိုလ်ဝင်သာသနာပြု ပုဂ္ဂိုလ်ကျော်**
**ဆရာတော် ဦးချောနီ (ခ) ဦးကုမာရ**
**အမြဲ ရွတ်ဖတ်တော်မူသော**

# အောင် ဂါထာတော်ကြီး

နမောမိ တေ-ဝိဇေတုံ မေ၊ ဇယတော-ဒဒတောဇယံ
နဋ္ဌထမ္ဘံ-သဗ္ဗသန္တံ၊ ကရ မေ-ဇယမင်္ဂလံ

အနက်။ ။အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းစဉ်လာ မယှဉ်သာအောင် မင်္ဂလာကြီး ဖြစ်ပါစေသတည်း။

နဋ္ဌထမ္ဘံ၊ ထောက်ပံ့မည့်လူ ကူညီမည့်နတ် ရံပတ်ဝဲယာ ပြဟ္မာလဲ မရှိပါဘဲလျက်။ သဗ္ဗသန္တံ၊ ကိုယ်နေရှိန် မပျက်ဝသိမ်ထွက်ဘို့ ငြိမ်သက်ဖွေဖြူ အေးအေး လူလူ သာလျှင်။ ဇယတော၊ ပါရမီစက်ဟုန် လက်နက်စုံဖြင့် ချက်ကုန်မလွဲ ပွဲတိုင်းမရှောင် နွှဲတိုင်းပင် အောင်တော်မူပေထသော၊ ဇယံ-ဒဒတော၊ အောင်ရာစည်းကမ်း အောင်နည်းလမ်း၌ မှီငြမ်းမလပ် အသစ်အဆန်း၊ တစ်ဂဏန်းက မှန်းဆ၍မျှော် ပန်းရအောင်လည်း ပေးသနားတော် မူပေထသော။ တေ၊ မကိုဋ်ရောင်လျှံသောင်ပုံမှာ အောင်လံ စွင့်စွင့် လွင့်တလူလူ အောင်တော်မူမြတ်စွာဘုရားအား။

မေ၊ မအောင်သေးခင် အောင်ကြွေးတင်၏ အောင်ရန်ရည်မျှော် ဘုရားတပည့်တော်၏။ ဝိဇေတုံ၊ မရှောင်ခပင်းအခေါင်နင်း၍ အောင်ခြင်းကြီး အောင်ပါရခြင်းအကျိုးငှာ။ နာမာမိ၊ အောင်ခဲ့သည့် တန်ခိုးဂုဏ်ကို အမျိုးစုံမှန်ဆ၍ တမ်းတရှိခိုးပါ၏၊ မြတ်စွာဘုရား။ ဇယမင်္ဂလံ၊ အောင်ရာအတိတ် အောင်နိမိတ်ဖြင့် အောင်ဘိသိက်သွင်း အောင်ဟိတ်ကျင်း၍ အောင်ခြင်း မင်္ဂလာကို၊ မေ၊ တပည့်တော်အား။ ကရ၊ သပြေအနု ငွေခရုဖြင့် ဖေယျတုပုံ၊ မေရုတုန်အောင် အဖုံဖုံ အေးစေဘို့ပြုပေး သနားတော်မူပါ အောင်တော်မူ





အရှင်ကိုယ်တော်မြတ်ကြီးဘုရား။

(သတိ) အောင်ဂါထာတော်ကြီးကို ည၊ အိပ်ရာဝင် (၃)ခေါက်
နံနက် အိပ်ယာထသောအခါ (၃) ခေါက်ရွတ်ပါ။

## အရပ်လေးမျက်နှာ ပုဂ္ဂိုလ်၊ သတ္တဝါများ မေတ္တာပို့ရန်

အရှေ့အရပ်မှာနေ ....

လူ့တိုင်း လူရွာပြည့် .. ရှိရှိသမျှသတ္တဝါတို့မှာ ကိုယ်ရော စိတ်ပါ ချမ်းသာ၍သာ ဆင်းရဲမရှိ အတိသုခ၊ ဣဋ္ဌိတံ၊ လိုရာပြည့် လို့ချမ်းသာခြင်း လက်ငင်းရပါစေ အောင်စေ၊

အနောက်အရပ်မှာနေ .... ။ ။
တောင်အရပ်မှာနေ .... ။ ။
မြောက်အရပ်မှာနေ .... ။ ။
အထက်အရပ်မှာနေ .... ။ ။
နတ်တိုင်းပြည်နတ်ရွာပြည် ။ ။

အောက်အရပ်မှာနေ .... ယမမင်းနှင့် ငရဲပြည် ရှိရှိသမျှသတ္တဝါတို့မှာ ကိုယ်ရော စိတ်ပါ ချမ်းသာ၍သာ ဆင်းရဲ မရှိ အတိသုခ၊ ဣဋ္ဌိတံ၊ လိုရာပြည့်လို့ ချမ်းသာခြင်းလက်ငင်းရပါစေ အောင်စေ။

### အရပ်ဆယ်မျက်နှာ မေတ္တာပို့ရန်

ပုရတ္ထိမာယ ဒိသာယ ... ဒသဒိသာ

အရပ်ဆယ်မျက်နှာ ကျန်းမာ ချမ်းသာ ဒုက္ခခပ်သိမ်း ကင်းငြိမ်းစေဘို့ရာ သုခိတာ ဒုက္ခိတာ ဘေးဘယာ ဝေးစွာ ရှင်းရှင်း ကိုယ်ကကွာ ပို့တဲ့အေးမေတ္တာ။



www.burmeseclassic.com

www.burmeseclassic.com

ပဠိမာယဒိသာယ. . . ဒသဒိသာ. . .        ။        ။
ဥတ္တရာယဒိသာယ. . . ဒသဒိသာ. . .        ။        ။
ဒက္ခိဏာယဒိသာယ. . . ဒသဒိသာ. . .        ။        ။
ပုရတ္ထိမာယ. . . အနုဒိသာယ ဒသဒိသာ        ။        ။
ပဠိမာယ. . . အနုဒိသာယ. . .        ။        ။        ။
ဥတ္တရာယ. . . အနုဒိသာယ. . .        ။        ။        ။
ဒိက္ခိဏာယ. . . အနုဒိသာယ. . . ။        ။        ။
ဟေဋ္ဌိမာယ. . . ဒိသာယ ဒသဒိသာ        ။        ။
ဥပရိမာယ. . . ဒိသာယ ဒသဒိသာ        ။        ။

## ဇေယျတု သဗ္ဗမင်္ဂလာ

အရှေ့တိုင်းစကြာဝဠာနေကြတဲ့

မျှားသတ္တဝါ၊ ကျန်းမာချမ်းသာ စေဘို့ရှာ၊ ဝမ်းသာ လန်းဖြာစေဘို့ရှာ၊ အောင်သပြေ ညှောင်ရေ လောင်းလို့ ဆုတောင်းအခါခါ၊ သပြေနု အခက်ဝါ ဇေယျတု သဗ္ဗမင်္ဂလာ။

အနောက်တိုင်းစကြာဝဠာ–        ။        ။
တောင်းတိုင်း စကြာဝဠာ–        ။        ။
မြောက်တိုင်း စကြာဝဠာ–        ။        ။
အထက်တိုင်းစကြာဝဠာ–        ။        ။
အောက်တိုင်းစကြာဝဠာ–        ။        ။





## မေတ္တာအကျိုး (၁၁) မျိုး

ဆယ့်တပါး . . . ရကြောင်းကေန်သာ။
(၂) အိပ်ယာနိုးက . . . ချမ်းသာစုံစွာ၊
အိပ်မက်ဆိုးများ . . . ကင်းငြားတဖြာ၊
နတ်လူချစ်မြတ် . . . စောင့်ကြပ်ဒေဝါ
ဆိပ်လက်နက် . . . မီးဖျက်ဘေးကင်းကွာ။
(၃) တကြည်စိတ်ခါတ် . . . ဖြတ်လတ်မြန်စွာ
ကြည်လင်ဝင်းပ . . . ဆင်းလှမျက်နှာ၊
တွေဝေကင်းပ . . . ဘဝပြောင်းရာ၊
ထက်မြပ်မှ . . . ရောက်ရမြဲသေချာ။
(၄) မေတ္တတရား . . . ပွားများသူ
ထုတ်ဖော်ညွှန်ပြ . . . ကျိုးဆယ့်တဖြာ၊
တွေ့ကြုံမှုချ . . . ခံစားရမှာ၊
မြတ်ဗုဒ္ဓ . . . ထုတ်ပြဟောမိန့်ရှာ။

## ဗုဒ္ဓဝါဒ

သာသနာရေး . . . အားပေးပါ၊
သာသနာအတွက် . . . အသက်စွန့်ပါ။
သာသနာအတွက် . . . လက်ရောက်ပါ။
အဲဒါမှ . . . ဗုဒ္ဓဝါဒပါ။



www.burmeseclassic.com

www.burmeseclassic.com

## ပုပ္ပါး သာသနာပြု ကျောင်းတိုက်ကြီး

သာသနာ ပုညောနန္ဒိဗ္ဗတ္တံ၊ ဗုဒ္ဓ ပုညန ဘူသိတံ၊
ကော ဝတ္တာ တသ္သ နိသေသံ၊ ဝိဟာရဿ ဂုဏာသဥ္စယံ။

ယံဝိဟာရဒါနံ၊ အသရေမပြတ် ဓောင်လုံးတွေ ကာရံပတ် ပါတဲ့ပုပ္ပါး သာသနာပြုဆိုသည့်အကြင်ကျောင်းတော် ကြီးသည်။ (ဝါ) ပုပ္ပါး၊ ဖိုလ်ဝင်၊ ထောက်ကြန့် သာသနာပြု ပုဂ္ဂိုလ်ကျော်ဆရာတော် ဦးကုမာရ တည်ကာပြု သည့် ဖိုလ်ဝင်တောင်သာသနာပြု ကျောင်းတော်ကြီးသည်။ သာသပုညေန၊ ဗုဒ္ဓမြတ်စွာသာသနာတော်၏ တန်ခိုးတေဇော် ကုသိုလ်တော်ကြောင့်၊ နိဗ္ဗတ္တံ၊ သစ်သစ်မော်မော် ပြည်ကမ္ဘာကျော်ပြီး ရှုမငြီးအောင် ဖူးမြင်စရာတွေ စုံစုံ ကြည့်စရာတွေဖုံဖုံမြင် ထူးထွေဆန်းပြား ခမ်းနားစွာ ဖြစ်ပေါ်၍ လာတော့၏။

ဗုဒ္ဓညေန၊ မြတ်စွာဘုရား၏ နောင်သောကာလဖြစ်ကြစေရန် ရဟန္တာ၊ ဆင်း၊ မျောက်၊ ကျေးတို့ကို ဗျာဒိတ်တော်ပေး၍ ဟောကြားထုတ်ဖော် တန်းခိုးတော်ဖြင့်။ ဝါ၊ ဗျာဒိတ်တော်ပေးတဲ့ ဘုရားကျောင်းတော်ကြီးဖြင့်။ ဘူသိတံ၊ လျှမ်းလျှမ်းဖြာဖြာ လန်းလန်းသာအောင် တန်ဆာဆင်၍ ထားအပ် ပါပေ၏။ တသ္သ ဝိဟာရဿ၊ ထူးထွေဆန်းယဉ် တည်ကာထွင်တဲ့၊ ဖိုလ်ဝင်တောင် သာသနာပြုဆိုတဲ့ ထိုကျောင်းတော်ကြီး၏။ ဂုဏာသဥ္စယံ၊ အဖုံဖုံ အထပ်ထပ် အစုံစုံမြတ်လှတဲ့၊ ဂုဏ်ဒြပ်အပေါင်းကို။ နိသေသံ၊ အကြွင်းအကျန်မရှိ တိတိစုံလင်အကုန်အစင်။ ကော၊ တစုံတယောက် လာရောက်ကြငြား ပြည်သူပညာရှိ ပါရမီရှင် အများတို့သည်။ ဝတ္တာ၊ ဆည်းဆည်းဖူးဖူး နည်းအထူးထူးတို့ဖြင့် ချီးကျူး ထောမနာ ဆိုနိုင်ပါတော့ အံ့နည်း။

အရှင်သုမန
ကုမာရ၊ ရာမ သာသနာပြု သံဃာ့အဖွဲ့၊
ပုပ္ပါး ကျောင်းတိုက်၊ ဖိုလ်ဝင်တောင်
ယင်းမာပင်မြို့နယ်၊
စစ်ကိုင်းတိုင်း။








မှတ်တမ်း ဓါတ်ပုံများ





www.burmeseclassic.com

www.burmeseclassic.com




မှတ်တမ်း ဓါတ်ပုံများ






မှတ်တမ်း ဓါတ်ပုံများ



www.burmeseclassic.com


www.burmeseclassic.com





ဗိုလ်ဝင်ဝေအောင် ရှင်မ

မှတ်တမ်း ဓါတ်ပုံများ





အစားကျွေးကြမလား ?